ရန်ကုန်တိုင်း

ကျောက်တန်းမြို့နယ်၊ကာဒွပွန ကျေးရွာ

# နဝင်းကျောင်းဆရာတော်

ရေးသားပြုပြင်စီရင်အပ်သည့်သိမ်အကြောင်းအရာ

သိကောင်းစရာအဖြာဖြာတို့ဖြင့်တန်ဆာဆင်အပ်သော

# သီမာဝိသောဓနီကျမ်း



အရှင်စန္ဒိမာဓမ္မာစရိယ တည်းဖြတ်ထုတ်ဝေသည်

သာသနာသက္ကရာဇ် ၂၅၂၃ ကောဇာသက္ကရာဇ် ၁၃၄၁

176
၁၁

## * ဤသို့ သုံးသပ်စေချင်ပါသည် *

ဤကျမ်းငယ်နှင့် ပတ်သက်၍ တိုတောင်းလှသည့် အချိန်ကာလအတွင်း စီစဉ် ရိုက်နှိပ်ရခြင်း ဖြစ်သဖြင့် အကယ်တ္တု၊ စိုးစဉ်းမျှ သည်းခံနိုင်ဖွယ် အပြစ်များ ပါရှိခဲ့ပါလျှင် ပညာရှင်များ ကရုဏာထား၍ ပြင်ဆင် ဖတ်ရှုတော်မူကြပါရန် အနူးအညွတ် ပန်ကြားအပ်ပါသည်။

ဤစာအုပ် ဖြစ်မြောက်အောင်မြင်ရန် စိတ်အားထက်သန်စွာဖြင့် ဝိုင်းဝန်း ကူညီကြသော သုံးခွမြို့၊ မင်းကျောင်း [ဓမ္မကထိက] ဦးဝဏ္ဏိတ၊ ရန်ကုန်မြို့၊ ၁၇ လမ်းမှ ဦးအောင်သင်း မိသားစုနှင့် တကွ စာရေးဆရာ သင်းသူ့ဆွေတို့အားလည်းကောင်း၊ လက်နှိပ်စက် ရိုက်နှိပ် ကူညီကြသည့် တပည့်များအား လည်းကောင်း အထူး ကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

ထုတ်ဝေသူ

ရန်ကုန်တိုင်း

ကျောက်တန်းမြို့နယ် ကာဒပ္ပနကျေးရွာ

နဝင်းကျောင်း ဆရာတော်



သီမာဝိသောဓနီကျမ်းပြု

# ဆရာအရှင်နာဂ မဟာထေရ်

ရန်ကုန်တိုင်း

ကျောက်တန်းမြို့နယ်၊ ကဒပွန ကျေးရွာ

နဝင်းကျောင်းဆရာတော်

ရေးသားပြုပြင် စီရင်အပ်သည့် သိမ်အကြောင်းအရာ
သိကောင်းစရာ အဖြာဖြာတို့ဖြင့် တန်ဆာဆင်အပ်သော

# သီမာဝိသောဓနီ ကျမ်း

အရှင်စန္ဒိမာ (ဓမ္မာစရိယ)
တည်းဖြတ်သည်

သာသနာသက္ကရာဇ် ၂၅၂၃။ ကောဇာသက္ကရာဇ် ၁၃၄၁

ဘာသာရေးဆိုင်ရာ စာမူ ပုံနှိပ် ထုတ်ဝေခွင့် အမှတ် (၈၄၆)
မျက်နှာဖုံး ပုံနှိပ်ထုတ်ဝေခွင့်အမှတ် (၁၁၅၃)

.... .... ....

ပထမအကြိမ်

.... .... ....

၁၉၈၀၊ ဇန်နဝါရီလ

.... .... ....

အုပ်ရေ ၁၅၀၀

.... .... ....

အဖုံးရိုက် ခေတ်မြန်ပုံနှိပ်တိုက်

● ● ●

ထုတ်ဝေသူ

ဦးစန္ဒိမာ၊ ကင်းလွတ်ခွင့်အမှတ် (၃၂၅)၊ ခြောက်တင်
ဘုရားကြီးတိုက်၊ ရွှေဂုံတိုင်လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးချစ်အောင်(၀၂၀၇-မြ)၊လုပ်အားပုံနှိပ်တိုက်၊ ၅၊လမ်း ၁၀၀၊
ကန်တော်ကလေး၊ ရန်ကုန်မြို့။

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| က။ ပန်ကြားလွှာ | |
| ခ။ ဂန္ထာရမ္ဘကထာ | |
| ဂ။ နိဒါန်းနှင့် ပဋိညာဉ် | |
| ဃ၊ မိုင်းခိုင်းဆရာတော်၏ညောင်စောင်းကွက် | |


## အခန်း ၁


| | |
|---|---|
| သိခ်နိမိတ်ကြားနည်း | ၁၅ |
| သီမာ ဝိနိစ္ဆယကထာ သိမ်အပြား | ၂၀ |
| ဝိပ္ပတ္တိ သိမ်ဖြစ်ခြင်းအကြောင်း | ၂၁ |
| (၁) ပဗ္ဗတ နိမိတ္တ ဝိနိစ္ဆယ | ၂၄ |
| (၂) ပါသာဏ နိမိတ္တ ဝိနိစ္ဆယ | ၃၀ |
| (၃) [illegible] နိမိတ္တ ဝိနိစ္ဆယ | ၃၅ |
| (၄) ရုက္ခ နိမိတ္တ ဝိနိစ္ဆယ | ၃၇ |
| (၅) မဂ္ဂ နိမိတ္တ ဝိနိစ္ဆယ | ၃၉ |
| (၆) ဝမ္မိက နိမိတ္တ ဝိနိစ္ဆယ | ၄၅ |
| (၇) [illegible]ဒီ နိမိတ္တ ဝိနိစ္ဆယ | ၄၆ |
| (၈) ဥဒက နိမိတ္တ ဝိနိစ္ဆယ | ၅၃ |

## အခန်း ၂


အသမ္ဘိသာ နိမိတ္တ ဗုဒ္ဓသိမ် ၅၅
(၁) တခုသော ဂါမခေတ်အတွင်း ဗုဒ္ဓသိမ်ဖွဲ့ပုံ ၅၈
(၂) ဂါမခေတ် နယ်သိမ်းသိမ်သမုတ်ပုံ ၆၁
(၃) ခဏ္ဍသိမ်ကို ရှေးဦးစွာဖွဲ့ပြီးမှ မဟာသိမ်ကို နောက်ဖွဲ့ပုံ ၆၅


## အခန်း ၃


(၁) ကျောက်ဖျာ၏မျက်နှာပြင်၌ သိမ်ဖွဲ့ပုံ ၆၈
(၂) နံရံအတွင်း၌နိမိတ်ထား၍ကြားပုံ ၆၉
(၃) နံရံလေးခုရှိသော စတုဘိတ္တိယလိုဏ်၌ ဖွဲ့ပုံ ၇၁
(၄) ပြာသာဒ်၏အထက်၌ နိမိတ်ကြားပုံ ၇၂
(၅) နံရံ၌ကပ်သော ကျောက်တို့ကို ကြားခြင်း ၇၆
(၆) တောင်တို့၌ သမုတ်ခြင်းအမျိုးမျိုး ၇၉
(၇) ထန်းပင်နှင့်တူသော တောင်၌ဖွဲ့ပုံ ၈၀
(၈) ခဏ္ဍသိမ်အကြောင်း ၈၃
(၉) တိယောဇန ပရမသိမ် ၉၃
(၁၀) နဒီပါရ ဝိနိစ္ဆယ ၉၆
(၁၁) ဓုဝသေတု ဝိနိစ္ဆယ ၉၉
(၁၂) နဒီပါရသီမသမ္မုတိ ၁၀၁
(၁၃) ဒီပသမ္မုတိ ၁၀၃
တနည်း ဒီပသီမသမ္မုတိ ၁၀၆
တနည်း ဒီပနိမိတ္တ ၁၀၈
နိဂုံးဂါထာ

# * ပန်ကြားလွှာ *

စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိမာဂတံ
ဉာတိ မိတ္တာ သုဟဇ္ဇာစ၊ အဘိနန္ဒန္တိ အာဂတံ။

(ဓမ္မပဒပါဠိ ၁၆–ပိယဝဂ်)

ဇာတိချက်ကြွေ မွေးရပ်မြေသို့ ပြန်လည် ခြေမချ မိသည်မှာ ကြာပေပြီ။ နွေရာသီ၏ ပူပြင်းသော ဒဏ်ချက်ကြောင့် ခေတ္တ စာဝါနားခိုက် ပြုံးရွှင်စွာဖြင့် ကြိုလင့် စောင့်စား နေကြသော ဆွေမျိုး သားချင်း အရင်းတို့အား တွေ့မြင်လိုသော ဆန္ဒဖြင့် အလည်တခေါက်ပြန်လည်ရောက်ရှိလာရာမှ ခရီးရောက်မဆိုက်ပင် သိမ်သမုတ် ကိစ္စနှင့် ကြုံကြိုက် နေလေ တော့သည်။ သာသနာ တော်၏ အသက်သည်ကား ဝိနည်း (ဝိနည်းအရာတွင်လည်းသိမ်) မိမိအနေနှင့် အချိန်ကို အချည်းနှီး မကုန် စေလိုသောကြောင့် တကြောင်း၊ ဒကာများကလည်း တိုက်တွန်းကြသဖြင့် တတန် တက် ရွှမ်းသမျှ ပါဝင် ကူညီ ဆောင်ရွက်ရတော့သည်။ ဆောင်ရွက်ရ သည့် ကိစ္စကလည်း လွန်စွာ့ လွန်စွာ တိကျ မှန်ကန်ရသည့် သိမ် သမုတ်သည့် ကိစ္စ ဖြစ်သည့်အတွက် မြို့နယ်မှ ဆရာတော် သံဃာ တော်များကလည်း စုံလှသည်။ ဂိုဏ်းဂဏအသီးသီးမှ ထေရ်ကြီး ဝါကြီး မဟာထေရ် ဆရာတော်ကြီး များ အနေနှင့်လည်း သိက္ခာ သမာဓိ ပြည့်ဝတည်ကြည် ငြိမ်သက်လွန်းလှသည်။ သိမ်ကိစ္စအဝင တို့ ဆောင်ရွက်ပြီးစီး အောင်မြင်ကြသောအခါ၊ ဒီဃဒဿီမထေရ် ကြီး တပါးဖြစ်သော သုံးခွမြို့ မင်းကျောင်းဆရာတော်နှင့် ဂိုဏ်း

၈၈ ဆရာတော်အချို့က သိမ်ကိစ္စတော့ ပြီးဆုံးအောင်မြင်ပါပြီ၊ နောင်လာ နောက်သား တပည့်များနှင့် အခြား ဝိနည်းအရာလိမ္မာ ကျွမ်းဝင်လိုသူ သုတေသီ ပုဂ္ဂိုလ်များအတွက် အကျိုးများ အတု ယူစရာ မှတ်သားဖွယ်အဖြစ် သိမ် အဆုံး အဖြတ် တခု ရေးသား ချီ မြှင့်ပါမည့်အကြောင်း "ကဒပ္ပန ၉ နဝင်းကျောင်း ဆရာတော် အား" လျှောက်ထားရာမှ ဤမည်သော သီမာဝိသောဓနီကျမ်း စတင်မွေးဖွားရာ အကြောင်းတရပ်အဖြစ် ပါဝင်လေတော့သည်။

ဆရာတော်၏ ကြိုးစားမှုကား ချီးမွမ်း အံ့သြဖွယ်ရာ ပါပေ။ မန္တလေးမြို့တော်မှ စာသင်သားဘဝက လေ့လာဆည်းပူး သင် ကြားနာယူ မှတ်သား ခဲ့ရဘူးသော စာပေ တို့သည် နှစ် တွေ ညောင်းပြီး ခေတ်တွေသာ အဆက်ဆက် ပြောင်း လာ ခဲ့ သော် လည်း တကြောင်းတပါဒ တဝါကျမှ အပိုအလိုမရှိ၊ တိတိကျကျ သက်ဆိုင်ရာအဋ္ဌကထာ, ဋီကာ, ပါဠိစကားရပ်တို့ကို မှိုငြမ်းကိုးကား ပြုစုထားသည်မှာ ဗုဒ္ဓစာပေနှင့် ရင်းနှီး ထိတွေ့ဘူးသော ပုဂ္ဂိုလ် တိုင်းလိုပင် ရိပ်စားမိနိုင်ပေသည်၊ မှန်ပါသည်။ ဤ မည် သော သီမာ ဝိသောဓနီကျမ်းကို စာအုပ်အဖြစ် စိစစ်ထုတ်ဝေရန် ဆရာ တော်က မိမိအား တာဝန်ပေးသည့် အခါ သက်ဆိုင်ရာ ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းအသီးသီး၏ ကျမ်းညွှန်း၊ စာမျက်နှာ နံပါတ်နှင့် အခန်းကဏ္ဍ စီစဉ်ပုံက လွဲပြီး အပို အလို မရှိ ပကတိ အတိုင်း တင်ပြရသည်ပင်လျှင် မိမိ အတွက် နှ,ငယ် အမြီးတပ်ရ ခက်သဖြင့် နကင်းပိတ်လိုက် ရသည့်နှယ် ဝန်တာ ကြီးလှသည်။ ခက်သည်မှာ မိမိလောလောဆယ်ပို့ချပေးနေရသည်က အဘိဓမ္မာ, တည်းဖြတ် ပြင်ဆင်ရသည်က ဝိနည်း, အယူ အဆ အဆုံး အဖြတ်

တို့က တိကျပြတ်သားလှန်းလှသဖြင့် ပန်ကြားလွှာရေးရမည်ကို ပင် လက်မဝံ့သကဲ့သို့ ရှိတော့သည်။ မည်သို့တန်စေ၊ ဤကျမ်းငယ် နှင့် ပတ်သက်၍ ယူဆ ဆုံးဖြတ်ချက်များသည် ပါဠိတော်စကား များများ မပါပြွားလည်း "သီဟဠသံဝဏ္ဏနာကာရာပိ ဠစေ့ဝ ဝဏ္ဏေန္တိ" ဟူသော စကားရပ်မျိုး ကဲ့သို့ အဋ္ဌကထာ ဆရာကြီး ရှင်မဟာဗုဒ္ဓဃောသ မထေရ်သည်ပင် ရှေး အဋ္ဌကထာ ကြီး များကို မှီငြမ်းပြီး နိကာယ်ငါးရပ် အဋ္ဌကထာကျမ်းများကို ရေး သားပြုစုတော်မူခဲ့သည့် ထုံးကို နှလုံးမူ၍ ဆရာတော်၏ ဝိနည်း မဟာဝါ အဋ္ဌကထာ စကား ကိုးကား၍ ရေးသားထားခြင်းသည် အသစ်အဆန်းထွင်ခြင်းမျိုး မဟုတ်ပဲ ပါဠိ စကား သက်သက်ကို အနက်အဓိပ္ပာယ်နှင့်တကွ ယူဆပုံ ယူဆနည်းတို့ဖြင့် မြန်မာစကား ပြေ အဖြစ် ရေးသားထားချက်များသာဖြစ်သဖြင့် သုတ္တ, သုတ္တာ နုလောမ, အာစရိယဝါဒ, အတ္တနောမတိ, ဟူသော မဟာပဒေသ ၄ ပါးတို့တွင် အကျုံးဝင်ရကား၊ ဖတ်ရှုကြသူ ပညာရှင်အများ လက်ခံနှစ်သိမ့်ကြလိမ့်မည်ဟု ယုံကြည် မိပါကြောင်းနှင့် ဤမည် သော သီမာဝိသောဓနီကျမ်းကို "ဉာဘိအယ မေဓ္ဓ အဋ္ဌကထာ ဒီပေတာ ဥဒ္ဒေတာ ဝိနိစ္ဆယသာရော" ဟု ကင်ပွန်းတပ်ယင်း ပန်ကြားလွှာ အမှာစကားရပ် အဖြစ် တင်ဆက်လိုက်ရပါတော့ သည်။

အရှင်စန္ဒိမာ (ဝမ္မာစရိယ)
ခြောက်ထပ်ကြီး ဘုရားကြီးတိုက်
ရွှေဂုံတိုင်လမ်း၊ ရန်ကုန်မြို့။



# သီမာဝိသောဓနီကျမ်း

## ဂန္ထာရမ္ဘကထာ

နမော မဟာကာရုဏိကဿ တဿ

သီမတော ကမ္မာနိ ဝိပဇ္ဇန္တိ - ဟူသည်နှင့် အညီ၊ သိမ် မအောင်မြင်လျှင် ဆောင်အပ်သော ကံတို့သည် ပျက်စီးရကုန်း၊ သာသနာတော်တွင် သိမ်သည် အရေးကြီးသည်ဖြစ်ပါ၍၊ သိမ်နှင့်ပတ်သက်သော အဆုံးအဖြတ်ကို ရေးသားပါရန် ဂိုဏ်းသံဃာများနှင့် အခြားသာသနာ့ဝန်ထမ်း ရဟန်းတော်တို့၏ လျှောက်ထားတောင်းပန်ချက်အရဖြင့် ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နယ် (ကဒပ္ပနကျေးရွာ) နဝင်းကျောင်း ဆရာတော် ရေးသားတော် မူအပ်သော "သီမာဝိသောဓနီကျမ်း"။

# နိဒါန်းနှင့် ပဋိညာဉ်

ဤ 'သီမာဝိသောဓနီကျမ်း' ကို ရန်ကုန်တိုင်း၊ သုံးခွမြို့နယ် ကျုံကြီတ်ရွာ ပဝါရဏာဂိုဏ်းဝင် သုံးခွမြို့၊ မင်းကျောင်း ဆရာတော် ဦးသောဘဏ အမှူးပြုသော ဂိုဏ်းဝင် သံဃာများက သာသနာတော်တွင် 'သိမ်'သည် အဓိကအချက်ဖြစ်သောကြောင့် ဂိုဏ်းသံဃာများနှင့် အခြားသော သာသနာ့ဝန်ထမ်း ရဟန်းတော်များပါ မှတ်သားလေ့လာတော်မူနိုင်စေရန် ရည်သန် ရေးသားပါမည့်အကြောင်း လျှောက်ထား တောင်းပန်ခြင်းခံရသော နဝင်းကျောင်းဆရာငါသည် ရတနာသုံးပါးတို့အား အဉ္ဇလိပဏာမ ဂါရဝဖြင့် ကြည်ဆွညွတ်နူး ရှိခိုးဦး၍ ဤ'သီမာဝိသောဓနီကျမ်း' ကို ရေးသားပြုစုလိုက်ပါကြောင်း။

ဤကျမ်းတွင် ရှေးအခါ သိဟိုဠ်ကျွန်း၌ ထင်ရှားကျော်ကြားခဲ့သော အန္ဓကအဋ္ဌကထာ၊ သင်္ခေပအဋ္ဌကထာ၊ ကုရုန္ဒိအဋ္ဌကထာ၊ မဟာပစ္စရိတ်အဋ္ဌကထာ၊ စူဠပစ္စရိတ်အဋ္ဌကထာ၊ မဟာအဋ္ဌကထာ ဟူ၍ အဋ္ဌကထာကြီး ၆ ကျမ်း ရှိ၏။ အရှင်မဟာဗုဒ္ဓဃောသ မထေရ်သည် ဤ အဋ္ဌကထာကြီးများကို မှီငြမ်းပြုပြီးလျှင် ဝိနည်းငါးကျမ်း အဋ္ဌကထာကို ရေးသား ပြုစုတော်မူခဲ့ပေရာ၊ ဝိနည်းငါးကျမ်း အဝင်အပါ မဟာဝါအဋ္ဌကထာသည် ဝိနည်းဖွင့်ဆိုရာ၌ အထူးသဖြင့် ခိုင်လုံသည်ဟု ယူဆထားသည့် အားလျော်စွာ ယင်း မဟာဝါ အဋ္ဌကထာကို မှီ၍ ဤကျမ်းကို ရေးသား ပြုစုလိုက်ရပါကြောင်း။

အချို့ ဝါဒ ထူးထွေသော နေရာများတွင် ဝိမတိဝိနောဒနီဋီကာ၊ သာရတ္ထဋီကာ၊ ဝဇိရဗုဒ္ဓိဋီကာ ဆရာတို့၏ အဘော်များကိုပါ ထည့်သွင်း ဖော်ပြ ထားပါကြောင်း။ ရင်းပြင် စကားပြေ အဓိပ္ပာယ်သက်သက်နှင့် ရေးပါလျှင် သဘာဝယုတ္တိ၊ အာဂမယုတ္တိ နည်းပါး၍ ထိထိမိမိ မရှိလှသဖြင့် ဆိုင်ရာ ဆိုင်ရာတို့တွင် အဋ္ဌကထာမှ ပါဠိများကိုပါ အနက်မြန်မာပြန်ဆိုပြီး ထည့်သွင်းထားပါကြောင်း။

ကဒပ္ပနကျေးရွာ
နဝင်းကျောင်း ဆရာတော်

## အလျား ၄ တောင်၊ အနံ ၂ တောင်ရှိ
## မိုင်းခိုင်းဆရာတော်၏ ညောင်စောင်းကွက်ပုံ

ဤညောင်စောင်းကွက်မှာ အလျား ၄ တောင်၊အနံ ၂ တောင်ရှိ မိုင်းခိုင်းဆရာတော်၏အဆုံးအဖြတ် ညောင်စောင်းကွက်ဖြစ်သည်။ အချို့ဆရာတော်များ၏ အဆုံးအဖြတ်အရ အလျား ငါးတောင် အနံ နှစ်တောင့်ထွာ ပြု၍ ညောင်စောင်းကွက် သားကြသည်။ အချို့ ဆရာတော်များက နှင်တောင်ပတ်လည် အကွက်အတိုင်း အင်းချသကဲ့သို့ သားကြ၏။ မည်သို့ဖြစ်စေကာမူ တကွက်သော ညောင်စောင်း၌ ရေဟန်းနှင်ပါးစီ ထိုင်လျှင်ပင် နှစ်တောင့်ထွာ

ဟတ္ထပါသ်ကို မစွန့်သကဲ့သို့ရှိ၏။ နှစ်တောင်ကွက်ပြုလုပ်ရေးသား သွားသော အကွက်တကွက်စီ၌ ရဟန်းတပါးစီ ထိုင်ကြလျှင်လည်း နှစ်တောင့်ထွာဟတ္ထပါသ်ပင် ဖြစ်၏။ သို့ဖြစ်သောကြောင့် မည်သည့်နည်းနှင့်ပင်ပြုပြု သင့်သည်သာပင်။

သိမ်နုတ်ရာ၌လည်း လယ်ထွန်သကဲ့သို့ အရှေ့၊ အနောက်၊ တောင်၊မြောက် ယက္ကန်းခတ်သကဲ့သို့လည်းကောင်း၊လျှားစောင်း နံ့စောင်းအားဖြင့်လည်းကောင်း၊ ခရုပတ်အားဖြင့်လည်းကောင်း အမျိုးမျိုးနုတ်ကြ၏။ မည်သည့်နည်းနှင့်မဟူ ပဒသမ္ဗန္ဓ ဖဝါးချင်း စပ်အောင် နုတ်ခြင်းပင်တည်း။ ပဲခူး ကလျာဏီသိမ် ကျောက်စာ ဘွင် ဖဝါးချင်း စပ်အောင် ရဟန်းတော်များ နုတ်ကြသည်ဟူ ပါရှိလေသည်။ သိမ်နုတ်ရာ၌ ပထမ သမာနသံဝါသ ကမ္မဝါဖြင့် နုတ်ရ၏။ နောက်ဘဖန် ဒဠှီကမ္မဖြစ်စေရန် အဝိပ္ပဝါသ သိမာ သမုဟနန ကမ္မဝါစာဖြင့် နုတ်ရာ၏။သမုတ်ရာ၌လည်း ထို့အတူပင်။

———o———

# အခန်း ၁

## 'သိမ် နိမိတ်ကြားနည်း

ဝိနည်း မဟာဝါအဋ္ဌကထာ လာသည့်အတိုင်း နိမိတ်ကြား နည်း များကို ပြပေအံ့။

ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာတိ*ဝိနယဓရေန ပုစ္ဆိတဗ္ဗံ၊ 'ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တန္တိ၊ ပဗ္ဗတော ဘန္တေတိ၊ ပုန ဝိနယဓရေန' ဧသော ပဗ္ဗတော နိမိတ္တန္တိ ဧဝံ နိမိတ္တံ ကိတ္တေတဗ္ဗံ၊ ပ ၊ဧဝံ နိမိတ္တာနိ ကိတ္တေတွာ အထာနန္တရံ ဝုတ္တာယ ကမ္မဝါစာယ သီမာ သမ္မန္နိတဗ္ဗာ၊ ကမ္မဝါစာ ပရိယောသာနေ နိမိတ္တာနံ အန္တော သီမာ ဟောတိ၊ နိမိတ္တာနိ သီမတော ဗဟိ ဟောန္တိ။

(ဝိနယ–မဟာဝဂ္ဂအဋ္ဌကထာ ဆဋ္ဌမူ နှာ – ၃၁၈)

'ပဌမံ နိမိတ္တံ ကိတ္တေတဗ္ဗာတိ' ဟူသည်ကား၊ ဝိနယဓရေန ဝိနည်းဓိုရ်ဖြစ်သော၊ ဘိက္ခုနာ ရဟန်းသည်၊ ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တန္တိ၊ဟူ၍၊ ပုစ္ဆိတဗ္ဗံ မေးအပ်၏။ (တနည်း)ပုရတ္ထိမာယ အရှေ့ဖြစ်သော၊ ဒိသာယ အရပ်၌၊ ကိံ နိမိတ္တံ အဘယ်နိမိတ် နည်း။ (တနည်း) ကိံ အဘယ်သည်၊ နိမိတ္တံ နိမိတ်နည်း။

---

* ဤအရာ၌ ဝိနယဓရေန ပုစ္ဆိတဗ္ဗံ, ဟု အဋ္ဌကထာ ဆရာ မိန့်ဆိုတော်မူသောကြောင့် ဝိနည်းဓိုရ် ရဟန်းများကသာ မေးကောင်း ၊ကြားကောင်းသည်။ဖြေဆိုရာတွင် ရဟန်း ဖြစ်စေ၊ လူ–သာမဏေ ဖြစ်စေ ဖြေဆိုကောင်းသည်။ နိမိတ်ကြားရာ ကာလ၌လည်း နိမိတ် တွင်းက ဖြစ်စေ၊ ပြင်ပကဖြစ်စေ ကြားကောင်းသည်ဟု မှတ်ယူရမည်။

(တနည်း) နိမိတ္တံ နိမိတ်သည်၊ ကိံ အဘယ်နည်း။ ပဗ္ဗတော ဘန္တေတိ၊ဟူ၍၊ဝိသဇ္ဇိတဗ္ဗံ ဖြေကြားအပ်၏။ ဘန္တေ အရှင်ဘုရား၊ ပုရတ္ထိမာယ အရှေ့ဖြစ်သော၊ ဒိသာယ အရပ်မျက်နှာ၌၊ပဗ္ဗတော တောင်နိမိတ်ပါတည်း။ (တနည်း) ပဗ္ဗတော တောင်သည်၊ နိမိတ္တံ နိမိတ်ပါတည်း။ (တနည်း) နိမိတ္တံ နိမိတ်သည်၊ပဗ္ဗတော တောင်ပါတည်း။ ဣတိ ဤသို့၊ ဝိသဇ္ဇိတဗ္ဗံ ဖြေကြားအပ်၏။

ပုန တဖန်၊ ဝိနယဓရေန ဝိနည်းဓိုရ်ဖြစ်သော၊ ဘိက္ခုနာ ရဟန်းသည်၊ ဧသောပဗ္ဗတောနိမိတ္တန္တိ ဟူ၍၊ ဧဝံ ဤသို့၊ နိမိတ္တံ ကို၊ ကိတ္တေတဗ္ဗံ ကြားအပ်၏။ ဧသော ပဗ္ဗတော ထိုတောင် သည်၊ နိမိတ္တံ နိမိတ်တည်း၊(တနည်း)နိမိတ္တံ နိမိတ်သည်၊ ဧသော ပဗ္ဗတော ထိုတောင်တည်း၊ ပန ကြားအပ်သည်မှတပါး မကြား အပ်သည် ဆိုဦးအံ့၊ တံ ပဗ္ဗတံ နိမိတ္တံကရောမ၊ ကရိဿာမ နိမိတ္တံ ကတော နိမိတ္တံ ဟောတု ဟောတိဘဝိဿတီတိ၊ .ဟူ၍၊ ဧဝံ ဤသို့၊ ကိတ္တေတုံ၊ ကြားခြင်းငှာ၊ နဝဋ္ဋတိ မအပ်။ တံပဗ္ဗတံ ထိုတောင်ကို၊ နိမိတ္တံ နိမိတ်ကို၊ ကရောမ ပြုကြပါကုန်၏။ တံ ပဗ္ဗတံ ထိုတောင်ကို၊နိမိတ္တံ နိမိတ်ကို၊ ကရိဿာမ ပြုကြပါကုန်အံ့၊ ဧသော ပဗ္ဗတော ထို တောင်ကို၊ နိမိတ္တံ နိမိတ်ကို၊ ကတော ပြုအပ်၏။ ဧသော ပဗ္ဗတော ထိုတောင်သည်၊ နိမိတ္တံ နိမိတ် သည်၊ ဟောတု ဖြစ်စေလော၊ဧသောပဗ္ဗတော ထိုတောင်သည်၊ နိမိတ္တံ နိမိတ်သည်၊ ဟောတိ ဖြစ်၏။ ဧသောပဗ္ဗတော ထိုတောင် သည်၊ နိမိတ္တံ နိမိတ်သည်၊ ဘဝိဿတိ ဖြစ်လတ္တံ့၊ ပါသာဏာ ဒီသုပိ၊ ကျောက် စသည်တို့၌လည်း၊ ဧသေဝနယော ဤနည်း ချည်းသာလျှင်တည်း။

## ထောင့်ကြား အပ်ပုံကား

ပုရတ္ထိမာယ အနုဒိသာယ အရှေ့တောင်အရပ်၌၊ ဒက္ခိဏာယ ဒိသာယ တောင်အရပ်၌၊ ဒက္ခိဏာယ အနုဒိသာယ အနောက်တောင်အရပ်၌၊ ပစ္ဆိမာယ ဒိသာယ အနောက်အရပ်၌၊ ပစ္ဆိမာယ အနုဒိသာယ အနောက်မြောက် အရပ်၌၊ ဥတ္တရာယ ဒိသာယ မြောက်အရပ်၌၊ ဥတ္တရာယ အနုဒိသာယ အရှေ့မြောက်အရပ်၌၊ ကိံ အဘယ်နိမိတ်နည်း, (တနည်း) - ကိံ အဘယ်သည်၊ နိမိတ္တံ နိမိတ်နည်း, (တနည်း) နိမိတ္တံ နိမိတ်သည်၊ ကိံ အဘယ်နည်း, ဣတိ ဤသို့၊ ပုစ္ဆိတဗ္ဗံ မေးအပ်၏၊ ဥဒကံ ဘန္တေတိ, ဟူ၍၊ ဝိသဇ္ဇေတဗ္ဗံ ဖြေကြားအပ်၏၊ (တနည်း) ဘန္တေ အရှင်ဘုရား၊ ဥဒက နိမိတ္တံ ရေနိမိတ်ပါတည်း၊ (တနည်း) ဥဒကံ ရေသည်၊ နိမိတ္တံ နိမိတ်ပါတည်း၊ (တနည်း) နိမိတ္တံ နိမိတ်သည်၊ ဥဒကံ ရေပါတည်း၊ ဣတိ ဤသို့၊ ဝိသဇ္ဇေတဗ္ဗံ ဖြေကြားအပ်၏။ ပုန တဖန်၊ ဝိနယဓရေန ဝိနည်းဓိုရ်ဖြစ်သော၊ ဘိက္ခုနာ ရဟန်းသည်၊ ဧတံ ဥဒကံနိမိတ္တန္တိ, ဟူ၍၊ (တနည်း) ဧတံဥဒကံနိမိတ္တံ ဤရေသည် နိမိတ်ပါတည်း၊ (တနည်း) ဧတံဥဒကံ ထိုရေသည်၊ နိမိတ္တံ နိမိတ်ပါတည်း၊ (တနည်း)နိမိတ္တံ နိမိတ်သည်၊ ဧတံ ဥဒကံ ထိုရေတည်း၊ ဣတိ ဤသို့၊ ဝိသဇ္ဇေတဗ္ဗံ ဖြေကြားအပ်၏။

## နိမိတ် စပ်သွားပုံ

ပန ဆက်၍ဆိုဦးအံ့၊ ဧတ္ထဧတိဿံ ဥတ္တရာယံ အနုဒိသာယံ ဤအရှေ့မြောက် အရပ်၌၊ အဋ္ဌတွာ မရပ်တန့်မူ၍၊(ဝါ)မတည်မူ၍၊ ပုန တဖန်၊ ပုရတ္ထိမာယဒိသာယ ကိံ နိမိတ္တန္တိ, ဟူ၍

(တနည်း) ပုရတ္ထိမာယဒိသာယ အရှေ့အရပ်၌၊ ကိနိမိတ္တံ အဘယ် နိမိတ်နည်း၊ (တနည်း) ကိံ အဘယ်သည်၊ နိမိတ္တံ နိမိတ်နည်း, (တနည်း) နိမိတ္တံ နိမိတ်သည်၊ ကိံ အဘယ်နည်း, ဣတိ ဤသို့ ပုစ္ဆိတဗ္ဗံ မေးအပ်၏၊ ပဗ္ဗတော ဘန္တေတိ, ဟူ၍၊ (တနည်း) ဘန္တေ အရှင်ဘုရား၊ ပဗ္ဗတော တောင်ပါတည်း၊ (တနည်း) ပဗ္ဗတော တောင်သည်၊ နိမိတ္တံ နိမိတ်ပါတည်း၊ ဣတိ ဤသို့၊ ဝိသဇ္ဇေတဗ္ဗံ ဖြေကြားအပ်၏၊ ဧသောပဗ္ဗတောနိမိတ္တန္တိ, ဟူ၍၊ (တနည်း) ဧသောပဗ္ဗတောနိမိတ္တံ ထိုတောင်သည် နိမိတ်ပါတည်း၊(တနည်း) ဧသောပဗ္ဗတော ထို တောင်သည်၊ နိမိတ္တံ နိမိတ် ပါတည်း၊ (တနည်း) နိမိတ္တံ နိမိတ်သည်၊ ဧသောပဗ္ဗတော ထိုတောင်ပါ တည်း။ ဧဝံ ဤသို့၊ ပဌမံ ရှေ့ဦးစွာ၊ ကိတ္တိတနိမိတ္တံ ကြားအပ် ပြီးသော နိမိတ်ကို၊ ကိတ္တေတွာဝ ကြား၍သာလျှင်၊ ဌပေတဗ္ဗံ တန့်ရပ်အပ်၏၊ (ဝါ) တည်အပ်၏။

ဟိ အကျိုးကိုဆိုဦးအံ့၊ ကသ္မာ အဘယ့်ကြောင့်၊ ပဌမံ ရှေ့ဦး စွာ၊ ကိတ္တိတနိမိတ္တံ ကြားအပ်ပြီးသော နိမိတ်ကို၊ ကိတ္တေတွာဝ ကြား၍သာလျှင် ဌပေတဗ္ဗံတန့်အပ်သနည်း(ဝါ)အဘယ့်ကြောင့် တန့်အပ်သနည်း ဟူမူကား၊ ဟိယသ္မာ အကြင့်ကြောင့်၊ ဧဝံ ဤသို့ ရှေ့ဦးစွာကြားပြီးသော နိမိတ်ကို တဖန်ထပ်၍ ကြားအပ်သည် ရှိသော်၊ နိမိတ္တေန ရှေ့ဦးစွာ ကြားအပ်ပြီးသော နိမိတ်နှင့်၊ နိမိတ္တံ နောက်ကြားအပ်သော နိမိတ်သည်၊ ဃဋိတံ စပ်သည် ဟောတိဖြစ်၏၊ တသ္မာ ထိုကြောင့်၊ ပဌမံ ရှေ့ဦးစွာ၊ ကိတ္တိတ နိမိတ္တံ ကြားအပ်ပြီးသော နိမိတ်ကို၊ ကိတ္တေတွာဝ ကြား၍သာ လျှင်၊ ဌပေတဗ္ဗံ-တန့်ရပ်အပ်၏။(ဝါ) တည်အပ်၏။

ဧဝံ ဤသို့၊ နိမိတ္တာနိ နိမိတ်တို့ကို၊ ကိတ္တေတွာ ကြားပြီး၍၊ အထပစ္ဆာ ထိုသို့ ကြားပြီးသည်မှ နောက်ကာလ ဖြစ်သော၊ အနန္တရံ အခြားမဲ့၌၊ ဝုတ္တာယ ဟောတော်မူအပ်သော၊ ကမ္မဝါစာယ ကမ္မဝါစာဖြင့်၊ သီမာ သိမ်ကို၊ သမ္မန္နိတဗ္ဗာ သမုတ်အပ်၏၊ ကမ္မဝါစာ ပရိယောသာနေ ကမ္မဝါစာ၏ အဆုံး၌၊ နိမိတ္တာနံ နိမိတ်တို့၏၊ အန္တော အတွင်း၌၊ သီမာ သိမ်သည်၊ ဟောတိ ဖြစ်၏၊ နိမိတ္တာနိ နိမိတ်တို့သည်၊ သီမတော သိမ်မှ၊ ဗဟိ အပ၌၊ ဟောန္တိ ဖြစ်ကုန်၏။

(အနက် ထင်ရှားသည်ဖြစ်၍ အဓိပ္ပာယ် မလိုတော့ပြီ)

# သီမာဝိနိစ္ဆယကထာ သိမ်အပြား

သီမာ စ နာမေသာ ဗဒ္ဓသီမာ အဗဒ္ဓသီမာတိ ဒုဝိဓာ ဟောတိ၊ အစရှိသော ကင်္ခါဝိတရဏီ အဋ္ဌကထာနှင့်အညီ သိမ်သည် ဗဒ္ဓသိမ်၊ အဗဒ္ဓသိမ် ဟူ၍နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် တဆယ့်တပါးသော ဝိပတ္တိသိမ်တို့ကို လွန်၍ သမုတ်အပ်သော သုံးပါးသော ပြည့်စုံခြင်းနှင့် ယှဉ်လျက်၊ နိမိတ်တခုနှင့် တခုစပ်၍ သမုတ်အပ်သောသိမ်သည် ဗဒ္ဓသိမ်မည်၏။

ထိုသိမ်တို့တွင်လည်း သိမ်ပျက် ဆယ့်တလုံးကား အလွန်ကျဉ်းလွန်းသော အတိခုဒ္ဒကသိမ်၊ အလွန် ကျယ်လွန်းသော အတိမဟန္တသိမ်၊ နိမိတ်ကျိုးသော ခဏ္ဍသိမ်၊ အရိပ်လျှင် နိမိတ်ရှိသော ဆာယာနိမိတ္တသိမ်၊ နိမိတ်မရှိသော အနိမိတ္တသိမ်၊ အပြင်ပက ရပ်၍ သမုတ်အပ်သော ဗဟိဋ္ဌိတသမ္မတသိမ်၊ မြစ်၌သမုတ်အပ်သော နဒီသမ္မတသိမ်၊ သမုဒ္ဒရာ၌ သမုတ်အပ်သော သမုဒ္ဒသမ္မတသိမ်၊ ထုံးအိုင်တို့၌ သမုတ်အပ်သော ဇာတဿရသမ္မတသိမ်၊ မိမိသိမ်နှင့် သူတပါးသိမ်ကိုစပ်၍ သမုတ်အပ်သော သမ္ဘိန္နသိမ်၊ မိမိသိမ်နှင့် သူတပါးသိမ်ကို လွှမ်းမိုး၍သမုတ်အပ်သော အဇ္ဈောတ္ထရနသိမ်၊ ဤတဆယ့် တပါးသော သိမ်တို့သည် ဝိပတ္တိသိမ်တို့ မည်ကုန်၏။

လက်ာ+ + + ကြီး, ငယ်, ကျိုး, ရိပ်, ၊ အနိမိတ်, ၊ ဗဟိဒ်တည်သမုတ်,
အိုင်, သမုဒ်, မြစ်, ၊ စပ်, လွှမ်း, လစ်၊ ဆယ့်တစ်သိမ်
ပျက်ထုတ်။

ကောဒသဟိ အာကာရေဟိ သီမတော ကမ္မာနိ ဝိပဇ္ဇန္တိ။

ကောဒသဟိ တဆယ့်တပါး ကုန်သော၊ အာကာရေဟိ အကြောင်းတို့ဖြင့်၊ သီမတော သိမ်ကြောင့်၊ ကမ္မာနိ ဆောင်အပ်သောကမ်တို့သည်၊ ဝိပဇ္ဇန္တိ ပျက်ကုန်၏။

(ကင်္ခါဝိတရဏီ အဋ္ဌကထာ စာမျက်နှာ ၁၀၆)

# ဝိပတ္တိသိမ် ဖြစ်ခြင်းအကြောင်း

ထိုတဆယ့်တပါးသော သိမ်တို့တွင် အလွန် ကျဉ်းလွန်းသော **အတိခုဒ္ဒက, သိမ်ဆိုသည်**မှာ နှစ်ကျိပ်တယောက်သော ရဟန်းတို့သည် ဝန်းသော အခြင်းအရာအားဖြင့် နေခြင်းငှာ မဆံ့သော သိမ်ကျဉ်းပေတည်း၊ **အတိမဟန္တ, သိမ်ဆိုသည်**မှာ အကြွင် သိမ်သည် တဆံချည်ဖျားမျှ သုံးယူဇနာထက် ပိုလွန်ပြီး သမုတ်အပ်သော သိမ်တည်း၊ ခဏ္ဍနိမိတ္တ, သိမ်ဆိုသည်မှာ နိမိတ်ပြတ်သော သိမ်၊ (တနည်း) အဃဋိတ နိမိတ္တ နိမိတ်မစပ်သောသိမ်။

ဥပမာကား- အရှေ့မျက်နှာ အရပ်၌ နိမိတ်ကို ကြား၍ အစဉ်အားဖြင့် တောင်မျက်နှာ, အနောက်, မြောက်, တို့၌ နိမိတ်ကို ကြားလာ၍ အရှေ့မျက်နှာ၌ ပုဗ္ဗကိတ္တနအားဖြင့် တဖန်ထပ်၍ ကြားရာ၏။ အကယ်၍ အစဉ်သဖြင့် နိမိတ် ကြားလာပြီးမှ

အရပ် ရှစ်မျက်နှာတွင် တခုခုသော အရပ်မျက်နှာကို ချန်လှပ် ထားသော်လည်းကောင်း၊ ပုဗ္ဗကိတ္တနအားဖြင့် ထပ်ဆင့် မကြား သော်လည်းကောင်း ခဏ္ဍနိမိတ္တ ကျိုးပျက်သော နိမိတ်ရှိသော သိမ်မည်၏။ (တနည်းအားဖြင့်) ခဏ္ဍနိမိတ်ဖြစ်ပုံမှာ- အကြင် သိမ်ကို အနိမိတ္တုပဂ နိမိတ်မလောက်သော အခွံလျှင် အနှစ် ရှိသောထန်းပင်၊ အုန်းပင်၊ ကြူပင်၊ ဝါးပင် အစရှိသည်တို့ကို လည်းကောင်း၊ ရေအစုအပုံ သဲအစု အပုံကို လည်းကောင်း၊ အမှတ်မထား တပါးပါးကိုလည်းကောင်း ပြဋ္ဌာန်းသောနိမိတ် အကြားအကြား၌ ထားခြင်းကိုပြုလျက်၊ နိမိတ်အဖြစ်နှင့် ကြား လျှင် ခဏ္ဍနိမိတ္တသိမ်(ဝါ) နိမိတ်ကျိုးသောသိမ် မည်၏။

**ဆာယာနိမိတ္တ**၊ အရိပ်လျှင် နိမိတ်ရှိသော သိမ်မည်သည်မှာ- တောင်အရိပ် စသည်အားဖြင့် အမှတ်မထင် အကြင်တစုံတခုသော အရိပ်ကို နိမိတ်ပြု၍ ကြားအပ်သော သိမ်တည်း။ **အနိမိတ္တသိမ် ဆိုသည်မှာ**- အချင်းခပ်သိမ်း နိမိတ် မကြားမူ၍ သမုတ်အပ်သော သိမ်တည်း။ **ဗဟိသီမေဋ္ဌိတသမ္မုတ သိမ်မည်သည်မှာ**- အပြင်ပက ရပ်လျက် နိမိတ်တို့ကိုကြားပြီး သမုတ်အပ်သော သိမ်တည်း။

**မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရ**အိုင်တို့၌သမုတ်အပ်သောသိမ်မည်သည် မှာထိုမြစ်စသည်တို့၌ သမုတ်အပ်သောသိမ်တည်း။ "သဗ္ဗာဘိက္ခဝေ နဒီ အသီမာ၊သဗ္ဗော သမုဒ္ဒေါ အသီမော၊ သဗ္ဗော ဇာတဿရော အသီမော" ဟူ၍ မြတ်စွာဘုရား ဟောတော်မူသောကြောင့် သိမ်မမည်ပေ၊ ဘိက္ခဝေ ရဟန်းတို့၊ သဗ္ဗာ ခပ်သိမ်းသော၊ နဒီ မြစ်သည်၊ အသီမာ သိမ်မဟုတ်၊ သဗ္ဗော အလုံးစုံသော၊ သမုဒ္ဒေါ

သမုဒ္ဒရာသည်၊ အသီမေဝ သိမ်မဟုတ်၊ သဗ္ဗော အလုံးစုံသော၊ ဇာတဿရော ဇာတဿရအိုင်သည်၊ အသီမေဝ သိမ်မဟုတ်၊ ဤသို့ ဟောတော်မူသောကြောင့် မြစ်၊သမုဒ္ဒရာ၊ ဇာတဿရအိုင်တို့၌ သိမ်မဟုတ်ပေ။

**သမ္ဘိန္နတ္တ, သိမ် ဆိုသည်မှာ-** မိမိသိမ်နှင့် သူတပါးတို့၏ သိမ်ကို စပ်၍ သမုတ်အင်သော သိမ်တည်း။ ဥပမာကား-ရှေး၌ဖြစ်သော ကျောင်း၏ အရှေ့မျက်နှာ၌ သရက်ပင်လည်း တပင်၊ မိမိသမုတ်သောဘက်မှ သပြေပင်လည်း တပင်ရှိ၏။ ထိုသစ်ပင် နှစ်ပင်တို့သည် အခွ်ငိးချင်း အခက်အရွက်ချင်း ထွေးယှက်၍ နေကြ၏။ ထိုသစ်ပင်နှစ်ပင်တို့တွင် သရက်ပင်၏ အနောက်မျက်နှာ အဖို့၌ သပြေပင်သည်ရှိ၏၊ ဝိဟာရသိမ်ကို သပြေပင်ကို အတွင်းပြု၍ တဖန် သရက်ပင်ကို နိမိတ်အဖြစ် ကြား၍ ဖွဲ့၏။ ထို့နောက်မှ ထိုကျောင်း၏ အရှေ့မျက်နှာအရပ်၌ ကျောင်းကို ပြုအပ်သည် ရှိသော် သိမ်ကိုဖွဲ့ကုန်သော ရဟန်းတို့သည် ထိုဆိုခဲ့သော သရက်ပင်ကို အဘွင်းပြု၍၊ သပြေပင်ကို နိမိတ်ကြား၍ ဖွဲ့ကုန်အံ့ မိမိသိမ်နှင့် သူတပါး၏သိမ်ကို စပ်၍ဖွဲ့သော သမ္ဘိန္န သိမ်မည်၏။

**အဇ္ဈောတ္ထရဏ, သိမ်မည်သည်မှာ-** မိမိ၏သိမ်နှင့် သူတပါး၏ သိမ်ကို လွှမ်းမိုး၍ သမုတ်အပ်သော သိမ်တည်း။ ဥပမာကား- သူတပါးတို့၏ ဗဒ္ဓသိမ်ကို အသုံးစုံဖြစ်စေ၊ တစိတ်တဒေသဖြစ်စေ အတွင်းပြု၍ သမုတ်အပ်သည် ဖြစ်အံ့၊ မိမိ၏သိမ်နှင့် သူတပါး၏ သိမ်ကို လွှမ်းမိုး၍ သမုတ်အပ်သော အဇ္ဈောတ္ထရဏ သိမ်မည်၏။ **သမ္ဘိန္နတ္တနှင့်** အဇ္ဈောတ္ထရဏ အထူးမှာ- အကြင်မျှလောက်သော

အရပ်၌ လေးယောက်သော ရဟန်းတို့သည် ရပ်၍ သံဃာ့ ကံကို မပြုလောက်၊ ထိုမျှလောက်သော အရပ်ကို အတွင်းပြု၍ သမုတ်လျှင် သမ္ဘိန္နတ္တ တည်း။ ထိုထက်လွန်သောအရပ်ကို အတွင်းပြု၍ သမုတ်လျှင် အဇ္ဈောတ္ထရဏတ္တ တည်း။

ဤဆိုခဲ့ပြီးသော တဆယ့် တပါးသော ဝိပတ္တိ သိမ်တို့ကို ကျော်လွန်၍ သမုတ်အပ်သော သိမ်သည် ကောင်းစွာ ဖွဲ့အပ်သော ဗဒ္ဓသိမ်မည်သတည်း။

သိမသမုတိအရာ၌ တိဝိဓသမ္ပတ္တိယာအရ- နိမိတ္တသမ္ပတ္တိယာ၊ နိမိတ်နှင့် ပြည့်စုံခြင်း၊ ပရိသာသမ္ပတ္တိယာ ပရိသတ်နှင့် ပြည့်စုံခြင်း၊ ကမ္မဝါစာသမ္ပတ္တိယာ ကမ္မဝါစာနှင့် ပြည့်စုံခြင်း၊ ဤသုံးပါးတည်း။ ထိုသုံးပါးတို့တွင် နိမိတ္တသမ္ပတ္တိယာအရ-

(၁) ပဗ္ဗတနိမိတ္တံ တောင်နိမိတ်၊ (၂) ပါသာဏနိမိတ္တံ ကျောက်နိမိတ်၊ (၃) ဝနနိမိတ္တံ တောနိမိတ်၊ (၄) ရုက္ခနိမိတ္တံ သစ်ပင်နိမိတ်၊ (၅) မဂ္ဂနိမိတ္တံ ခရီးလမ်းနိမိတ်၊ (၆) ဝမ္မိကနိမိတ္တံ တောင်ပို့နိမိတ်၊ (၇) နဒီနိမိတ္တံ မြစ်နိမိတ်၊ (၈) ဥဒကနိမိတ္တံ ရေနိမိတ် ဤရှစ်ပါးတည်း။

လင်္ကာ၊ တောင် ကျောက် တော သစ်၊ လမ်း ပို့ မြစ် ရေ၊
ဤရှစ်ထွေ၊ မှတ်လေ နိမိတ် အပြားတည်း။

## (၁) ပဗ္ဗတနိမိတ္တ ဝိနိစ္ဆယ

နိမိတ္တသမ္ပတ္တိယာအရ နိမိတ်လောက်သော နိမိတ္တ ပုဂ္ဂ ဟူသည်မှာ- သုဒ္ဓပံသု သုဒ္ဓပါသာဏ ဥဘယမိဿကဝ သေန ဟူသော ကင်္ခါဝိတရဏီ အဋ္ဌကထာအရ- သက်သက်သောမြေ၊ သက်သက်

သောကျောက်၊ သို့မဟုတ် မြေနှင့်ကျောက် ရောလျက်ရှိသော တောင်သည် ဆင်ကျောက်ကုန်းမျှ အခွဲနှင့် တကွ ရှစ်တောင် အတိုင်း အရှည်ရှိလျှင် နိမိတ်လောက်၏၊ (အခွဲဆိုသည်မှာ ၇-တောင်ထွာ)ဟု ဆိုလိုသည်။ ထိုထက် အလွန်အားဖြင့် မြင့်မိုရ် တောင်မျှပင် မြင့်သော်လည်း အပ်၏။ ၇-တောင်ထွာ ၈-တောင် ဆိုသည်မှာ အနိမ့်ဆုံး ဩမကပမာဏကို ပြသည်။

ဣတရောပိ ဟတ္ထိပ္ပမာဏတော ဩမကတရော န ဝဋ္ဋတိ။

ဟတ္ထိပ္ပမာဏတော ပန ပဋ္ဌာယ သိနေရုပ္ပမာဏောပိ ဝဋ္ဋတိ။

(ဝိနယ မဟာဝဂ္ဂ အဋ္ဌကထာ ဆဋ္ဌမူ နှာ ၃၁၈၊ သီမာနုဇာနန ကထာ။)

ဣတရော ဤသဲအစုမှ တပါးသော၊ တိဝိဓောပိ သုံးလုံး အတိုင်း အရှည်ရှိသည်လည်း ဖြစ်သော၊ ပဗ္ဗတောပိ တောင်သည် လည်း၊ ဟတ္ထိပ္ပမာဏတော အခွဲနှင့်တကွ ရှစ်တောင်ရှိသော ဆင် အတိုင်း အရှည်အောက် (ဝါ) ၇-တောင့်ထွာ ရှိသော ဆင် အတိုင်း အရှည်အောက်၊ ဩမကတရော၊ အထူးသဖြင့် ငယ်သည် ရှိသော် န ဝဋ္ဋတိ မအပ်၊ ဟတ္ထိပ္ပမာဏတော အခွဲနှင့် တကွ ရှစ်တောင်ရှိသော ဆင်အတိုင်းအရှည်မှ (ဝါ) ၇-တောင့်ထွာ ရှိသော ဆင်အတိုင်းအရှည်မှ ပဋ္ဌာယ စ၍၊ သိနေရုပ္ပမာဏောပိ မြင့်မိုရ်တောင် အတိုင်းအရှည် ရှိသော်လည်း၊ ဝဋ္ဋတိ အပ်၏။

**ဤပဗ္ဗတ နိမိတ်၌** လေးပါးသော အရပ်တို့၌ လေးလုံးသော တောင်တို့သည်လည်းကောင်း၊ သုံးပါးသော အရပ်တို့၌ သုံးလုံး သော တောင်တို့သည်လည်းကောင်း ရှိသည်ဖြစ်အံ့ လေးခုသော

တောင်နိမိတ်တို့ဖြင့် လည်းကောင်း သုံးခုသော တောင်နိမိတ်တို့ဖြင့် လည်းကောင်း နိမိတ်ကြား၍ သမုတ်ခြင်းငှာ အပ်၏။ နှစ်ခု၊ တခုသောဘောင် ဖြစ်နေမှု မအပ်ပေ။

သစေ စတုသုဒိသာသု စတ္တာရော တီသု ဝါ တယော ပဗ္ဗတာ ဟောန္တိ၊ စတူဟိ ဝါ တီဟိ ဝါ ပဗ္ဗတနိမိတ္တေဟိ ဧဝ သမ္မန္နိတုံ ဝဋ္ဋတိ၊ ဒွီဟိ ပန နိမိတ္တေဟိ ဧကေန ဝါ သမ္မန္နိတုံ န ဝဋ္ဋတိ။

(ဝိနယ မဟာဝဂ္ဂအဋ္ဌကထာ) ဆဋ္ဌမူ စာမျက်နှာ ၃၁၈

စတူသု လေးပါးကုန်သော၊ ဒိသာသု အရပ်တို့၌၊ စတ္တာရော လေးလုံးကုန်သော၊ ပဗ္ဗတာ ဝါ တောင်တို့သည် လည်းကောင်း၊ တီသု သုံးပါးကုန်သော၊ ဒိသာသု အရပ်တို့၌၊ တယော သုံးလုံးကုန်သော၊ ပဗ္ဗတာ ဝါ တောင်တို့သည် လည်းကောင်း၊ သစေ ဟောန္တိ အကယ်၍ ဖြစ်ကုန်အံ့၊ စတူဟိ လေးခုကုန်သော၊ ပဗ္ဗတနိမိတ္တေဟိ ဝါ တောင်နိမိတ်တို့ဖြင့် လည်းကောင်း၊ တီဟိ သုံးခုကုန်သော၊ ပဗ္ဗတ နိမိတ္တေဟိ ဧဝ ဝါ တောင်နိမိတ် တို့ဖြင့် လည်းကောင်း သမ္မန္နိတုံ သမုတ်ခြင်းငှာ၊ ဝဋ္ဋတိ အပ်၏။

ပန အပ်သည်မှတပါး မအပ်သည်ကို ဆိုဦးအံ့၊ ဒွီဟိ နှစ်ပါးကုန်သော၊ နိမိတ္တေဟိ ဝါ နိမိတ်တို့ဖြင့် လည်းကောင်း၊ ဧကေန တခုသော၊ နိမိတ္တေန ဝါ နိမိတ်ဖြင့် လည်းကောင်း၊ သမ္မန္နိတုံ သမုတ်ခြင်းငှာ၊ န ဝဋ္ဋတိ မအပ်။

ထိုတောင်နိမိတ်မှ တပါးသော ကျောက်နိမိတ် စသည်တို့၌လည်း ဤနည်းအတိုင်းပင် ယူအပ်၏။ ထိုသို့ တခုသောနိမိတ်

ဖြင့် သမုတ်ခြင်းငှာ မအပ်သည်ဖြစ်၍၊ တောင်နိမိတ်ကို ကြားလိုသော ရဟန်းသည် ဤသို့ မေးအပ်၏။ တောင်သည် တစပ်တည်း တည်နေသလော့။ သို့မဟုတ် တစပ်တည်း မတည်ပဲ နေသလော့, ဤသို့ မေးအပ်၏။ တစပ်တည်း တည်သည်ဖြစ်အံ့၊ မပြုအပ်၊ အဘယ်ကြောင့်ဟူမူ ထိုတောင်ကို ရှစ်ပါးသောအရပ်တို့၌ လည်းကောင်း၊ လေးပါးကုန်သော အရပ်တို့၌ လည်းကောင်း နိမိတ်ကြားသော်လည်း တခုသော နိမိတ်ကို သာလျှင် ကြားသကဲ့သို့ ရှိပေ၏။ ထို့ကြောင့် စက်သဏ္ဌာန်ဖြင့် ကျောင်းကို ဝန်းရံ၍ တည်သော တောင်သည်ရှိ၏။ ထိုတောင်ကို တခုသောအရပ်၌ ကြားပြီးသည်ရှိသော် တပါးသော အရပ်တို့၌ ထိုတောင်ကို အပပြု၍ တောင်၏အတွင်း၌ တပါးသော နိမိတ်တို့ကို ကြားရာ၏။

ယော ဝေံ စက္ကသဏ္ဌာနေန ဝိဟာရံ ပရိက္ခိပိတွာ ဌိတော ပဗ္ဗတော၊ တံ ဧကဒိသာယ ကိတ္တေတွာ အညာသု ဒိသာသု တံ ဗဟိဒ္ဓါ ကတွာ အန္တော အညာနိ နိမိတ္တာနိ ကိတ္တေတဗ္ဗာနိ။

(ရှင်းအဋ္ဌကထာ ဆဋ္ဌ—စာမျက်နှာ—၃၁၉)

ဝေံ ဤသို့၊ စက္ကသဏ္ဌာနေန စက်၏ သဏ္ဌာန်ဖြင့်၊ ဝိဟာရံ ကျောင်းကို၊ ပရိက္ခိပိတွာ ခြံရံ၍၊ ဌိတော တည်သော၊ ယော ပဗ္ဗတော အကြင်တောင်သည်၊ အတ္ထိ ရှိ၏၊ တံ ပဗ္ဗတံ ထိုတောင်ကို၊ ဧကဒိသာယ တခုသောအရပ်၌၊ ကိတ္တေတွာ ကြားပြီး၍၊ (ဝါ) ကြားပြီးသည်ရှိသော်၊ အညာသု တခုသောအရပ်မှ တပါးကုန်သော၊ ဒိသာသု အရပ်တို့၌၊ တံ ပဗ္ဗတံ ထိုတောင်ကို၊ ဗဟိဒ္ဓါ

အပဌ်၊ ကတွာ ပြု၍၊ အန္တော တောင်၏ အတွင်း၌၊ အညာန် တပါးကုန်သော၊ နိမိတ္တာနိ နိမိတ်တို့ကို၊ ကိတ္တေတဗ္ဗာနိ ကြားအပ်ကုန်၏။

## တနည်း နိမိတ် မှတ်ပုံ

တောင်၏သုံးဖို့ တဖို့ကို လည်းကောင်း၊ တောင်၏ထက်ဝက်ကို လည်းကောင်း သိမ်အတွင်း ပြုလိုသည်ဖြစ်အံ့ တောင်ကိုမကြားမူ၍ အကြင်မျှလောက်သော အတိုင်းအတာ ရှိသော အရပ်ကို သမုတ်လိုသည် ဖြစ်အံ့၊ ထိုမျှလောက် သတ်မှတ် ထားသော အရပ်၏ အပြင်ပမှာ ထိုတောင်မှပေါက်သော သစ်ပင်, တောင်ပို့, အစရှိသည်တို့တွင် တခုခုသော နိမိတ်ကိုကြားအပ်၏။

သစေပဗ္ဗတဿ တတိယဘာဂံဝါ ဥပဍ္ဎံဝါ အန္တောသီမာယ ကတ္တုကာမာ ဟောန္တိ၊ ပဗ္ဗတံအကိတ္တေတွာ ယတ္တကံပဒေသံ အန္တောကတ္တုကာမာ တဿ ပရတော တသ္မိံယေဝ ပဗ္ဗတေ ဇာတ ရုက္ခ ဝမ္မိကာဒီသု အညတရံ နိမိတ္တံ၊ ကိတ္တေတဗ္ဗံ။

(၎င်းအဋ္ဌကထာ ဆဋ္ဌ–စာမျက်နှာ–၃၃၉)

ပဗ္ဗတဿ တောင်၏၊ တတိယ ဘာဂံဝါ သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော အဖို့ကို လည်းကောင်း၊ (ဝါ) သုံးဖို့တဖို့ကို လည်းကောင်း၊ ဥပဍ္ဎံဝါ ထက်ဝက်ကို လည်းကောင်း၊ အန္တောသီမာယ သိမ်၏အတွင်း၌၊ ကတ္တုကာမာ ပြုလိုကုန်သည် ဖြစ်အံ့၊ ပဗ္ဗတံ တောင်ကို၊ အကိတ္တေတွာ မကြားကုန်မူ၍၊ ယတ္တကံ အကြင်မျှလောက် အတိုင်း အရှည် ရှိသော၊ ပဒေသံ အရပ်ကို၊

အဇ္ဈတ္တ အတွင်း၌၊ ကတ္တုကာမာ ပြုလိုကုန်သည်၊ ဟောန္တိ ဖြစ်ကုန်အံ့၊ တဿပဒဿ ထိုမျှလောက် အတိုင်း အရှည် ရှိသော အရပ်၏။ ပရတော အပြင်ပမှ၊ တသ္မိံယေဝပဗ္ဗတေ၊ ထိုတောင်၌ ပင်လျှင်၊ ဇာတရုက္ခဝမ္မိကာဒိသု၊ပေါက်သော သစ်ပင် တောင်ပို့ အစ ရှိသည်တို့တွင်၊ အညတရံ တခုခုသော၊ နိမိတ္တံ နိမိတ်ကို၊ ကိတ္တေတဗ္ဗံ ကြားအပ်၏။

# တနည်း နိမိတ် မှတ်ပုံ

တယူဇနာ နှစ်ယူဇနာ အတိုင်း အရှည် ရှိသော အလုံးစုံသော တောင်ကို အတွင်း၌ သမုတ်လိုသည် ရှိသော် တောင်၏အပြင်ပမှ မြေ၌ပေါက်သော သစ်ပင် တောင်ပို့ အစရှိသည်တို့ကို နိမိတ် သား၍ ကြားအပ်၏။

သစေကေယောဇနံ ဒွိယောဇနပ္ပမာဏံ သဗ္ဗံပဗ္ဗတံ အန္တော ကတ္တုကာမာဟောန္တိ၊ ပဗ္ဗတဿပရတော ဘူမိယံဇာတ ရုက္ခဝမ္မိ ကာဒီနိ နိမိတ္တာနိကိတ္တေတဗ္ဗာနိ။

(ရှင်းအဋ္ဌကထာ ဆဋ္ဌ-စာမျက်နှာ-၃၁၉)

ကေယောဇနံ ဒွိယောဇနပ္ပမာဏံ တယူဇနာ နှစ်ယူဇနာ အတိုင်း အရှည် ရှိသော၊ သဗ္ဗံ အလုံးစုံသော၊ ပဗ္ဗတံ တောင်ကို၊ အန္တောအတွင်း၌၊ ကတ္တုကာမာ သိမ်သမုတ်လိုသည်၊ သစေ ဟောန္တိ အကယ်၍ ဖြစ်ကုန်အံ့၊ ပဗ္ဗတဿ တောင်၏၊ ပရတော အပြင်ပမှ၊ ဘူမိယံ မြေ၌၊ ဇာတရုက္ခဝမ္မိကာဒီနိ ပေါက်သော

သစ်ပင်တောင်ပို့ အစရှိကုန်သော၊ နိမိတ္တာနိ နိမိတ်တို့ကို၊ ကိတ္တေတဗ္ဗာနိ ကြားအပ်ကုန်၏။

(ပဗ္ဗတနိမိတ်ပြီး၏)

— ၀ —

## (၂) ပါသာဏ နိမိတ္တ ဝိနိစ္ဆယ

ဤပါသာဏနိမိတ်၌, ကျောက်မဟုတ်သော သံတွေခဲသည်လည်း ကျောက် အရေ အတွက်သို့ ထည့်သွင်းရာ၏။ ထို့ကြောင့် အမှတ်မရှိသောကျောက်သည် အမျိုးအစား မခွဲခြားပဲ အပ်သည်သာတည်း။ ပမာဏ မလောက်သော ကျောက်ဖြစ်လျှင် မအပ်ပေ။ ပမာဏမှာ ရှစ်တောင်ရှိသော ဆင်အတိုင်း အရှည်ရှိသော (၀၁) အခွဲနှင့်တကွ ၇/နှစ်တောင့်ထွာ ရှိသော ဆင်ကျောက်ကုန်းနှင့် မျှသော ကျောက်သည် တောင်ဟူ၍ ရေတွက်အပ်သည် အဖြစ်သို့ ရောက်သောကြောင့်မအပ်ပေ။အပ်သောပမာဏမှာကြီးသောနွား, ကြီးသောကျွဲ, အတိုင်းအရှည်နှင့် မျှသော ကျောက်ဖြစ် မှုအပ်၏။

ဟေဋ္ဌိမ ပရိစ္ဆေဒအားဖြင့် အငယ်ဆုံးသော ကျောက်သည် သုံးဆယ့်နှစ်ပို တင်လဲခဲ အတိုင်း အရှည်ရှိသော ကျောက်သည် အပ်၏။ ထိုထက်ငယ်မှု မအပ်ပေ။

ဤနေရာ၌ (ဒွတ္တိံသပလ ဂုဠပိဏ္ဍ ပမာဏော နိမိတ္တုပဂေါ) ဟူသော အဋ္ဌကထာစကားအရ အငယ်ဆုံး ဟေဋ္ဌိမပရိစ္ဆေဒ အားဖြင့် သုံးဆယ့်နှစ်ပို တင်လဲခဲပမာဏ ရှိသော ကျောက်သည် အပ်၏ဟူ၍ ဆိုသဖြင့် ဤနေရာတွင် ဆရာတော်များ အမျိုးမျိုး ဝေဖန်

ကြသည်။အချို့က *တပိုသည် ကျပ်ချိန် ၄-ကျပ်သားဟု ဆုံးဖြတ်ကြသည်။

---

* သကဠ အဘိဓာန်စာကိုယ်၌-
၅-ချင်းရွေးသည် အဒ္ဓမာသကမည်၏။
ထို ၁၆-ပဲတို့သည် ၁-အက္ခမည်၏။
တအက္ခ တသစ်ဆိမ့်သည် ၁-ကျပ်တည်း(သစ်ဆိမ့်သီးနှင့် အလေးတူသောကြောင့် ၁-ကျပ်ကို ၁အက္ခဟူ၍ဆိုသည်) ထိုအက္ခ၄-ခု(ဝါ)၄-ကျပ်ကိုတပိုလ်ဟူ၍ဆိုသည်။ထိုပိုလ် ပေါင်း ၃၂-ပိုလ်၊ ၁၂၈-ကျပ်သားရှိသောတင်လဲခဲပမာ ဏ ကျပ်ချိန်ကို ယူရမည်။
အခြားသော အဘိဓာန်တို့၌လည်း ရွေး ငါးရွေးကို ၁-ပဲ၊ ၁၆-ပဲကို တကသ (တကျပ်)၊ ယင်းတကျပ်မှာ ရွေးရှစ်ဆယ်ရှိ၍ ၄-ကျပ်ကို ၆၄-ပဲ၊မကသ (လေးကျပ်) ကို တပိုလ်ဟု ပြကြ၏။ ထိုဆရာတို့ အလိုအားဖြင့် ၆၄-ပဲ၊ ၄-ကျပ်သားသည် ရွေးငယ်အချိန် ၃၂၀ရှိသော တင်လဲခဲ ပမာဏကို ယူရမည်။
ပလံနာမ ဒသကလဉ္ဇန္တိဝဒန္တိ,ဟု ဆိုသောကခ်ါ ဋီကာသစ်၌၊ ကလဉ္ဇကို တပိုလ် ဆိုသည် ဖြစ်၍ ကလဉ္ဇ ၁၀ ခုသည် ရွေးပေါင်း ၃၂၀-ဖြစ်သည်။(၃၂-ရွေးလျှင် ကလဉ္ဇ တခု ပြသောနည်းဖြင့်) တကျပ်၏ ရွေးပေါင်း ၈၀-နှင့် စားလောဘ် ၄-ကျပ်ရ၏၊ ၄-ကျပ်ကို တပိုလ် ဆိုသော အထက်ပါကျမ်းတို့နှင့် ညီပြွန်လေတော့သည်။

## တနည်း ပါသာဏ နိမိတ္တ

မြေနှင့်မျှသော ကောက်နယ်တလင်းနှင့်တူသောကျောက်ဖျာ၊ ၎င်းကျောက်ဖျာကို တဘက်ကြွင်းသော အရပ်များ၌ သစ်ငုတ်ကဲ့သို့ ပေါက်သော ကျောက်ငုတ်ကို လည်းကောင်း နိမိတ်လောက်က ကြားအပ်၏။

ဘူမိသမော ခလမဏ္ဍလ သဒိသော ပိဋ္ဌိပါသာဏော ဝါ ဘူမိတော ခါဏုကော ဝိယ ဥဋ္ဌိတ ပါသာဏော ဝါ ဟောတိ သောပိ ပမာဏုပဂေါ စေ, ဝဋ္ဋတိ။

(၎င်းအဋ္ဌကထာ ဆဋ္ဌ–စာမျက်နှာ–၃၁၉)

ဘူမိသမော မြေနှင့်ညီသော၊ ခလမဏ္ဍလသဒိသော တလင်းအပြင်နှင့်တူသော၊ ပိဋ္ဌိပါသာဏော ဝါ ကျောက်ဖျာသည် လည်းကောင်း၊ ဘူမိတော မြေမှ၊ ခါဏုကောဝိယ သစ်ငုတ်ကဲ့သို့၊ ဥဋ္ဌိတပါသာဏော ဝါ ပေါက်သော ကျောက်ဖျာသည် လည်းကောင်း၊ ဟောတိ ရှိသည်ဖြင့်အံ့၊ သောပိပါသာဏော ထိုမြေနှင့် ညီသော တလင်း အပြင်နှင့် တူသော ကျောက်ဖျာသည် လည်းကောင်း၊ သောပိဥဋ္ဌိတ ပါသာဏော ထိုမြေမှ သစ်ငုတ်ကဲ့သို့ ပေါက်သော ကျောက်ဖျာသည် လည်းကောင်း၊ ပမာဏုပဂေါ အတိုင်းအရှည် လောက်သည်၊ စေ ဟောတိ အကယ်၍ ဖြစ်အံ့၊ ဝဋ္ဋတိ အပ်၏။

# တနည်း ပါသာဏနိမိတ္တ

ကျောက်ဖျာသည် အလွန် ကြီးသော်လည်း ကျောက်ဟူ၍ ရေတွက်အပ်၏။ ထို့ကြောင့် အလျား အနံ အစောက် အားဖြင့် ကြီးသော ကျောက်ဖျာ၏ တစိတ်တဒေသကို သိမ်အတွင်းပြု၍ သမုတ်လိုသည်ဖြစ်အံ့၊ ထိုကျောက်ဖျာကို မကြားမူ၍ ထိုကျောက်ဖျာ၏အထက်၌ တပါးသော ကျောက်ကို ထား၍ ကြားအပ်၏။

ပိဋ္ဌိပါသာဏော အတိမဟန္တောပိ ပါသာဏသင်္ချမေဝ ဂစ္ဆတိ၊ တသ္မာ သစေ မဟာတော ပိဋ္ဌိပါသာဏဿ ဧကပ္ပဒေသံ အန္တောသီမာယ ကတ္တုကာမာ ဟောန္တိ၊ တံ အကိတ္တေတွာ တဿုပရိ အညော ပါသာဏော ကိတ္တေတဗ္ဗော။

(ဋီကာ အဋ္ဌကထာ ဝါမျက်နှာ ၃၁၉။)

ပိဋ္ဌိပါသာဏော ကျောက်ဖျာသည်၊ အတိမဟန္တောပိ အလွန် ကြီးသော်လည်း၊ ပါသာဏသင်္ချမေဝ ကျောက်ဟူ၍ ရေတွက် အပ်သည်အဖြစ် သို့သာလျှင်၊ ဂစ္ဆတိ ရောက်၏။ တသ္မာ ထို့ကြောင့်၊ မဟာတော မဟန္တဿ အလျားအနံ အစောက်အားဖြင့် ကြီးသော၊ ပိဋ္ဌိပါသာဏဿ ကျောက်ဖျာ၏၊ ဧကပ္ပဒေသံ တခုသောအရပ်ကို၊ အန္တောသီမာယ သိမ် အတွင်း၌၊ ကတ္တုကာမာ ပြုလိုကုန်သည်၊ သစေ ဟောန္တိ အကယ်၍ဖြစ်ကုန်အံ့၊ တံပိဋ္ဌိပါသာဏံ ထိုကျောက်ဖျာကို၊ အကိတ္တေတွာ မကြားကုန်မူ၍၊ တဿပိဋ္ဌိပါသာဏဿ ထိုကျောက်ဖျာ၏၊ ဥပရိ အထက်၌၊ အညော တပါးသော၊ ပါသာဏော ကျောက်ကို၊ ကိတ္တေတဗ္ဗော၊ ကြားအပ်၏။

## တနည်း ပါသာဏ နိမိတ္တ

ကျောက်ဖျာ၏ အထက်၌ ကျောင်းကို အကယ်၍ ပြုကုန်အံ့၊ ကျောင်း၏အလယ်ဖြင့်လည်း ကျောက်ဖျာသည် ထုတ်ခြင်းထွင်း၍ တည်နေအံ့၊ ဤသို့သဘောရှိသော ကျောက်ဖျာကို နိမိတ်ထား၍ ကြားခြင်းငှာ မအပ်ပေ။ အဘယ်ကြောင့် ဟူမူ....ထိုကျောက်ဖျာကို နိမိတ်ထား၍ ကြားကုန်သည် ရှိသော် နိမိတ်၏ အထက်၌ ကျောင်းသည် ရှိနေသောကြောင့် နိမိတ်သည်လည်း သိမ်၏အပ၌ ဖြစ်နေ၏။ ထိုကျောက်ဖျာကို နိမိတ်ပြု၍ ကြားခြင်းငှာ မအပ်ပေ။

ဝိဟာရမဇ္ဈေနဝါ ပိဋ္ဌိပါသာဏော ဝိနိဝိဇ္ဈိတွာ ဂစ္ဆတိ၊ ဧဝရူပေါ ပိဋ္ဌိပါသာဏော နဝဋ္ဋတိ။

(ဌာန်းအဋ္ဌကထာ၊ စာမျက်နှာ–၃၁၉။)

ဝိဟာရ မဇ္ဈေနဝါ ကျောင်း၏ အလယ်ဖြင့်လည်း၊ ပိဋ္ဌိပါသာဏော ကျောက်ဖျာသည်၊ ဝိနိဝိဇ္ဈိတွာ ထုတ်ခြင်းထွင်း၍၊ ဂစ္ဆတိ သွား၏၊ ဧဝရူပေါ ဤသို့ သဘောရှိသော၊ ပိဋ္ဌိပါသာဏော ကျောက်ဖျာသည်၊ နဝဋ္ဋတိ မအပ်။

## တနည်း ပါသာဏ နိမိတ္တ

ကျောင်းကို ဝန်းရံ၍ တည်နေသော ကျောက်ဖျာကို တခုသောအရပ်ကိုသာ ကျောက်နိမိတ်ကြား၍ တပါးသော အရပ်တို့၌ တခုခုသော နိမိတ်ကိုထား၍ ကြားအပ်၏။

ဝိဟာရံ ပရိက္ခိပိတွာ ဌိတ ပဂ္ဂဋ္ဌပါသာဏော ကေတ္တ ကိတ္တေ ဘွာ အညတ္တ နကိတ္တေတဗ္ဗော။

(ဂှင်းအဋ္ဌကထာ၊ စာမျက်နှာ-၃၁၉။)

ဝိဟာရံ ကျောင်းကို၊ ပရိက္ခိပိတွာ ဝန်းရံ၍၊ ဌိတပပါသာဏော တည်သော ကျောက်ဖျာသည်၊ ကေတ္တ တခုသောအဖို့၌ ကိတ္တေတွာ ကြား၍၊ အညတ္တ တပါးသော အဖို့၌၊ နကိတ္တေတဗ္ဗော မကြားအပ်။

ပါသာဏ နိမိတ္တ ဝိနိစ္ဆယ ပြီး၏။

—o—

## (၃) ဝနနိမိတ္တ ဝိနိစ္ဆယ

ဝနနိမိတ်၌, မြက်တောသည် လည်းကောင်း, အခေါက်လျှင် အနှစ်ရှိသော ထန်းပင်၊ အုန်းပင်၊ ဝါး၊ ကြူ့ အစရှိသော သစ်ပင် တို့သည် လည်းကောင်း, နိမိတ်ထား၍ ကြားခြင်းငှာ မအပ်ပေ။ အန္တောသာရဖြစ်၍ အတွင်း၌ အနှစ်ရှိသော ကျွန်း၊ အင် အစ ရှိသော သစ်ပင်တို့သည် လည်းကောင်း၊ အတွင်း၌ အနှစ်ရှိကုန် သော သစ်ပင်တို့နှင့် ရောသော တောသည် လည်းကောင်း နိမိတ် ထား၍ ကြားခြင်းငှာ အပ်၏။ ထိုတောသည် ဟေဋ္ဌိမပရိစ္ဆေဒ အားဖြင့် လေးပင်၊ ငါးပင်မျှရှိသော်လည်း အပ်၏။ ထိုလေးပင်

ငါးပင်မျှရှိသော တောထက် ငယ်မူ မအပ်ပေ။ ထိုလေးပင်၊ ငါးပင်မျှရှိသော တောထက် ယူဇနာ တထုရှိသော်လည်း အပ်သည်သာပင်။ တော၏ အလယ်၌ ကျောင်းကို ပြုကုန်သည် ဖြစ်အံ့၊ တောကို မကြားအပ်၊ တော၏ တစိတ်တဒေသကို သိမ်တွင်းပြု၍ သမုတ်လိုသော ရဟန်းတို့သည် တောကို မကြားမူ၍၊ ထိုတော၌ သစ်ပင်, ကျောက် အစရှိသောတခုခုသော နိမိတ်ကိုထား၍ ကြားရာ၏။ ကျောင်းကို ဝန်းရံ၍နေသော တောကို အဖို့တခုပြု၍ ကြားရာ၏။ တပါးသောအဖို့၌ မကြားရာ။

သစေ ပန ဝနမဇ္ဈေ ဝိဟာရံ ကရောန္တိ ဝနံ နကိတ္တေတဗ္ဗံ။

ဝနမဇ္ဈေ တော၏အလယ်၌။ ဝိဟာရံ ကျောင်းကို၊ သစေ ကရောန္တိ အကယ်၍ပြုကုန်သည် ဖြစ်အံ့၊ ဝနံ တောကို၊ နကိတ္တေတဗ္ဗံ မကြားအပ်။

ကေဒေသံ အန္တောသီမာယ ကတ္တုကာမေဟိပိ ဝနံ အကိတ္တေတွာ တတ္ထ ရုက္ခပါသာဏာဒယော ကိတ္တေတဗ္ဗာ။

(၎င်း အဋ္ဌကထာ စာမျက်နှာ ၃၂၀။)

ကေဒေသံ တစိတ်တဒေသသော တောကို၊ အန္တောသီမာယ သိမ်အတွင်း၌၊ ကတ္တုကာမေဟိ ပြုလိုကုန်သော ရဟန်းတို့သည်၊ ဝနံပိ တောကိုလည်း၊ အကိတ္တေတွာ မကြားကုန်မူ၍၊ တတ္ထ ထိုတော၌၊ ရုက္ခပါသာဏာဒယော သစ်ပင်, ကျောက်, စသည်တို့ကို၊ ကိတ္တေတဗ္ဗာ ကြားအပ်ကုန်၏။

ဝနံ နိမိတ္တ ဝိနိစ္ဆယပြီး၏။

# (၄) ရုက္ခနိမိတ္တ ဝိနိစ္ဆယ

သစ်ပင်နိမိတ်၌, အခေါက်လျှင် အနှစ် ရှိသော ထန်းပင်၊ အုန်းပင်၊ ဝါးပင်၊ ကြူပင် စသည်တို့သည် နိမိတ်သား၍ ကြား ခြင်းငှာ မအပ်ပေ။ အတွင်း၌ အနှစ်ရှိသော လူတို့၏ ခေါ်ဝေါ ခြင်း အားဖြင့် ရှင်သန်လျက်ရှိသော အယုဘ်သဖြင့် အစောက် အားဖြင့် လက်ရှစ်သစ်ရှိသောသစ်ပင်၊ လုံးပတ်အားဖြင့် သီဟိုဠ် ကညစ်ရိုး အတိုင်းအရှည်ရှိသော သစ်ပင်သည်အပ်၏။ ထိုအောက် ယုဘ်လျော့သော သစ်ပင်သည် မအပ်ပေ။

ဆိုခဲ့သော အစောက်အားဖြင့် လက်ရှစ်သစ်၊ လုံးပတ်အားဖြင့် သီဟိုဠ်ကညစ်ရိုး အတိုင်းအရှည်ထက် အလွန်အားဖြင့် တဆယ့် နှစ်ယူဇနာရှိသော ကောင်းစွာတည်သော ပညောင်ပင်နှင့်တူသော သစ်ပင်သည်လည်း အပ်၏။

ဇောတဗဒ္ဓံပန သုပ္ပတိဋ္ဌိတနိဂြောဓသဒိသံ ကေဋ္ဌ ကိတ္တောဘဋ္ဌ အညတ္ထ ကိတ္တောတုံ န ဝဋ္ဋတိ။

(ၐင်း အဋ္ဌကထာ စာမျက်နှာ—၁၂၀။)

ကောဗဒ္ဓံ တခုသော အဖို့အားဖြင့်၊ သုပ္ပတိဋ္ဌိတနိဂြောဓသ ဒိသံ ကောင်းစွာတည်သော ပညောင်ပင်နှင့် တူသော သစ်ပင်ကို၊ ကေဋ္ဌ တပါးသော အဖို့အားဖြင့်၊ ကိတ္တောဘဋ္ဌ ကြား၍၊ အညတ္ထ တပါးသော အဖို့အားဖြင့်၊ ကိတ္တောတုံ ကြားခြင်းငှာ၊ နဝဋ္ဋတိ မအပ်။

## တနည်း ရုက္ခနိမိတ္တ

ဝါးကျည်၊ ကြူကျည်၊ ခွက်ငယ် အစရှိသည်တို့၌ မျိုးစေ့ကို စိုက်ပျိုး၍ ကြီးပွားစေ အပ်သော သစ်ပင်သည် ပမာဏပင် လောက်သော်လည်း မအပ်ပေ။ ထိုနိမိတ်ကိုပြုရာ ခဏ၌ မြေ၌ စိုက်၍ အုံကိုပြုလျက် ရေကိုသွန်းလောင်း၍ ကြားခြင်းငှာအပ်၏။ အသစ်ဖြစ်သော အမြစ်အခက်တို့၏ ထွက်ခြင်းသည် အကြောင်း မဟုတ်ပေ။

ဝံသ နဠက သရာဝါဒီသု ဗီဇံ ရောပေတွာ ဝုဍ္ဎာပိတော ပမာဏုပဂေါပိ နဝဋ္ဋတိ။ တတော အပနေတွာ ပန တင်္ခဏမ္ပိ ဘူမိယံ ရောပေတွာ ကောဋ္ဌကံ ကတွာ ဥဒကံ အာသိဉ္စိတွာ ကိတ္တေတုံ ဝဋ္ဋတိ နဝမူလ သာခါနိဂ္ဂမနံ အကာရဏံ။

(၎င်းအဋ္ဌကထာ)

ဝံသ နဠက သရာဝါဒီသု ဝါးကျည် ကြူကျည် ခွက်ငယ်တို့၌၊ ဗီဇံ မျိုးစေ့ကို၊ ရောပေတွာ စိုက်ပျိုးကုန်၍၊ ဝုဍ္ဎာပိတော ကြီးပွား စေအပ်သော၊ ရုက္ခော သစ်ပင်သည်၊ ပမာဏုပဂေါပိ အတိုင်း အရှည်၏ အဖြစ်သို့ ရောက်သော်လည်း၊ နဝဋ္ဋတိ မအပ်။ တတော ထေဟိဝံသ နဠက သရာဝါဒီဟိ ထိုဝါးကျည် ကြူကျည် ခွက်ငယ် စသည်တို့၌ စိုက်ပျိုးသော သစ်ပင်တို့ကို၊အပနေတွာဖယ်ရှား၍၊ပန တဖန်၊ တင်္ခဏမ္ပိထိုနိမိတ်ပြုရာ ခဏ၌လည်း၊ ဘူမိယံ မြေ၌၊ ရောပေ တွာ စိုက်ပျိုး၍၊ ကောဋ္ဌကံ အုံကို၊ ကတွာ ပြုကုန်၍၊ ဥဒကံ ရေကို၊ အာသိဉ္စိတွာ သွန်းလောင်း၍၊ ကိတ္တေတုံ ကြားခြင်းငှာ၊ ဝဋ္ဋတိ

အပ်၏၊ နဝမူလသာခါနိဂ္ဂမနံ အသစ်ဖြစ်သော အမြစ်အခက်တို့၏ ထွက်ခြင်းသည်၊ အကာရဏ အကြောင်းမဟုတ်။

ပင်စည်ကို စိုက်ပျိုးသော သစ်ပင်၌ ဤသို့ အသစ် ဖြစ်သော အမြစ်အခက်တို့ ထွက်သော်လည်း သင့်၏။

ခန္ဓံ ဆိန္ဒိတွာ ရောပိတေ ပန တော ယုဇ္ဇတိ။

ခန္ဓံ ပင်စည်ကို၊ ဆိန္ဒိတွာ ဖြတ်၍၊ ရောပိတေ စိုက်ပျိုးအပ်သော၊ ရုက္ခေပန သစ်ပင်၌ကား၊ တော်နဝမူလသာခါနိဂ္ဂမနံ ထို အသစ်ဖြစ်သော အမြစ်အရွက်တို့ ထွက်ခြင်းသည် ယုဇ္ဇတိ သင့်၏။

(ဂုဏ် အဋ္ဌကထာ)

နိမိတ် ကြားသော ဝိနည်းမိုရ် ပုဂ္ဂိုလ်သည် သစ်ပင်, ဟူ၍ လည်းကောင်း၊ အင်ကြင်းပင်, ဟူ၍ လည်းကောင်း ဆိုခြင်းငှာ အပ်၏။သုပ္ပတိဋ္ဌိတ ပညောင်ပင်နှင့် တူသော သစ်ပင်ကို တခုသော အရပ်၌ ကြားပြီး၍ ကြားရာအရပ်မှ တပါးသောအရပ်၌ ကြား ခြင်းငှာ မအပ်ပေ။

ရုက္ခနိမိတ္တ ဝိနိစ္ဆယပြီး၏။

—o—

## (၅) မဂ္ဂနိမိတ္တ ဝိနိစ္ဆယ

ဤမဂ္ဂနိမိတ်၌, အရညခေတ္တနဒီတဠာကမဂ္ဂါဒယော၊ နဝဋ္ဌန္တိ ဟု ဆိုသောကြောင့် တောသို့သွားသော ခရီး၊ လယ်သို့သွားရာ ခရီး၊ မြစ်သို့သွားရာခရီး တဘက်ဆီးကန်သို့ သွားရာခရီး အစရှိသည် တို့သည် မအပ်ကုန်။

အကြင် မြင်းကောင်းတို့၏ သွားရာ ခရီးသည် လည်းကောင်း၊ အကြင်လှည်းတို့၏ သွားရာခရီးသည် လည်းကောင်း(ဝါ) လှည်းကြောင်းခရီးသည် လည်းကောင်း၊ ထုတ်ချင်းရှိ ဖောက်ထွင်း၍ နှစ်ခု သုံးခုသော ရွာတို့ကို သွားသည်ဖြစ်အံ့၊ မြင်းကြောင်း ခရီးသည် လည်းကောင်း။ လှည်းကြောင်း ခရီးသည် လည်းကောင်း အပ်၏။

အကြင် မြင်းကြောင်းခရီး၊ လှည်းကြောင်းခရီးမှ ဖဲထွက်၍ တဖန် လှည်းကြောင်းခရီး သို့ပင် ပြန်၍ သက်ဆင်း၏။ အကြင် မြင်းကြောင်းခရီး၊ လှည်းကြောင်းခရီး တို့ကို သွားခြင်း၊ လာခြင်းတို့ အားဖြင့် မသုံးဆောင်အပ်ကုန်၊ ထို မြင်းကြောင်း ခရီး၊ လှည်းကြောင်းခရီးတို့သည် မအပ်ကုန်။

မြင်းဖြင့်သွားသော ကုန်သည်၊ လှည်းဖြင့် သွားသော ကုန်သည်တို့သည် သွားခြင်း လာခြင်း၏ အစွမ်းအားဖြင့် သုံးဆောင်သော်သာလျှင် အပ်ကုန်၏။ နှစ်ကြောင်းကုန်သော ခရီးတို့သည် လှည်းဦးကဲ့သို့ တပေါင်းတည်း ဖြစ်ကုန်အံ့၊ နှစ်ခုကွဲရာ အရပ်၌ လည်းကောင်း၊ စပ်ရာ အရပ်၌ လည်းကောင်း တကြိမ်သာ ကြားအပ်၏။

သစေ ဒွေမဂ္ဂါ နိက္ခမိတွာ သကဋဓုရမိဝ ဧကီဘဝန္တိ၊ ဒွိဓာ ဘိန္နဋ္ဌာနေဝါ သမ္ဗန္ဓဋ္ဌာနေဝါ သကိံ ကိတ္တေတွာ ပုန နကိတ္တေတဗ္ဗာ၊ ဧကာဗဒ္ဓနိမိတ္တံ ဟောတိံဟောတိ။

(ဂှင်းအဋ္ဌကထာ နှာ–၃၂၀)

ဒွေ နှစ်ကြောင်း ကုန်သော၊ မဂ္ဂါ ခရီးတို့သည်၊ နိက္ခမိတွာ ထွက်ကုန်၍၊ ပစ္ဆာ နောက်မှ၊ သကဋ္ဌဓုရံ လှည်းဦးသည်၊ ဧကီ ဘဝန္တိဏ္ဍ တပေါင်းတည်း ဖြစ်သကဲ့သို၊ သစေ ဧကီ ဘဝန္တိ အကယ်၍ တ ပေါင်း တည်း ဖြစ်ကုန်အံ့၊ ဒွိဓာ နှစ် ကြောင်း၊ ဘိန္နဋ္ဌာနေဝါ ကွဲရာ အရပ်၌ လည်းကောင်း၊ သမ္ဗန္ဓဋ္ဌာနေဝါ စပ်ရာအရပ်၌ လည်းကောင်း၊ သကိံ တကြိမ်၊ ကိတ္တေတွာ ကြား ပြီး၍၊ ပုန တဖန်၊ နကိတ္တေတဗ္ဗာ မကြားအပ်ကုန်၊ ဟိသစ္စံ မှန်၏။ (ဝါ)ဟိသဿ အကြင်ကြောင့်၊ ပုန တဖန်၊ နကိတ္တေတဗ္ဗာ၊ မကြားအပ်ကုန် သနည်း၊ တေ နိမိတ္တံ ထိုနိမိတ်သည်၊ ကောဗန္ဓ နိမိတ္တံ တခုဘည်းစပ်သော နိမိတ်သည်၊ ဟောတိ ဖြစ်၏။

## တနည်း မဂ္ဂ နိမိတ္တ

[တနည်းလည်း] ကျောင်းကို ခြံရံ ကုန်လျက် လေးကြောင်း သော ခရီးတို့သည် လေးပါးသော အရပ်တို့၌ သွားသည် ဖြစ် ကုန်အံ့၊ အလယ်၌ဖြစ်သော ခရီးတခုကို ကြားပြီး၍ တပါးသော ခရီးတို့ကို မကြားအပ်၊ အဘယ်ကြောင့်ဟူမူ....ထိုခရီး နိမိတ်သည် တစပ်ဘည်းသော ခရီးဖြစ်သောကြောင့် မအပ်ပေ။

သစေ ဝိဟာရံ ပရိက္ခိပိတွာ စတ္တာရော မဂ္ဂါ စတူသုဒိသာသု ဂစ္ဆန္တိ မဇ္ဈေကေ ကိတ္တေတွာ အပရေ ကိတ္တေတုံ နဝဋ္ဋတိ။

(၄င်းအဋ္ဌကထာ။ ၁မျက်နှာ ၁–၃၂၀။)

ဝိဟာရံ ကျောင်းကို၊ ပရိက္ခိပိတွာ ခြံရံကုန်၍၊ စတ္တာရော လေးကြောင်း ကုန်သော၊ မဂ္ဂါ ခရီးတို့သည်၊ စတူသု လေးခု

ကုန်သော၊ ဒိသာသု အရပ်မျက်နှာတို့၌၊ သစေ ဂစ္ဆန္တိ အကယ်၍ သွားကုန်အံ့၊ မဇ္ဈေ အလယ်၌၊ ဇေကံ တခုသော၊ မဂ္ဂံ ခရီးကို၊ ကိတ္တေတွာ ကြားပြီး၍၊ အပရံ တပါးသော၊ မဂ္ဂံ ခရီးကို၊ ကိတ္တေတုံ ကြားခြင်းငှာ၊ နဝဋ္ဋတိ မအပ်။

ဤကထာ၌ အထူး မှတ်သားရန်မှာ- ဤသိမ်နေရာ၌ "စတူသု အနုဒိသာသု ဟု မဆိုသည်ကို လည်းကောင်း၊ မဇ္ဈေ့ ဆိုသည်ကို လည်းကောင်း၊ ဝိမတိ ဝိနောဒနီဋီကာ၌ (မဇ္ဈေတိ သိမာယမဟာ ဒိသာနံ အန္တော)ဟု ဖွင့်သဖြင့် အလယ်တွင် ခရီးလမ်းရှိသည်ဟု ယူဆဖွယ်ရှိသည်။ ထိုဋီကာ၌ပင် ခရီးလမ်း အထောင့်သို့ လမ်းဆုံ၍ ထွက်ရာမှာ အဓိပ္ပာယ် ရှိသော်လည်း အဋ္ဌကထာ စကားနှင့် မပြေ လည် ရှိနေ၏။"

## တနည်း မဂ္ဂ နိမိတ္တ

အထောင့်ကိုဖြတ်၍ ထုတ်ချင်းထွင်းသော လမ်းခရီးကို ထို ထုတ်ချင်းထွင်း၍ သွားရာအရပ်၏ အပြင်ပမှ နိမိတ် ကြားခြင်းငှာ အပ်၏။

ကောဏံ နိဗ္ဗိဇ္ဈိတွာ ဂတမဂ္ဂံ ပန ပရဘာဂေ ကိတ္တေတုံ ဝဋ္ဋတိ။

(ရှင်းအဋ္ဌကထာ)

*ကောဏံ အထောင့်ကို၊ နိဗ္ဗိဇ္ဈိတွာ ထုတ်ချင်းထွင်း၍၊ ဂတမဂ္ဂံပန သွားသော လမ်းခရီးကိုကား၊ ပရဘာဂေ ထုတ်ချင်း ထွင်း၍ သွားရာအရပ်၏ အပြင်ဘက်၌၊ ကိတ္တေတုံ နိမိတ်ကြားခြင်းငှာ၊ ဝဋ္ဋတိ အပ်၏။

---

*အထောင့် ဖြစ်သော ကောဏ, ဟူရာ၌ ဋီကာသုံးစောင် တို့၏ အဆုံးအဖြတ်။

ပရဘာဂေတိဧတ္ထ ဧတေဟိ ဗဒ္ဓဋ္ဌာနတော ဂတတ္တာ ဝဋ္ဋတိ။

(ဝဇိရဗုဒ္ဓိဋီကာ)

ကောဏန္တိ သီမာယ စတုသု ကောဏေသု ဒွိန္နံ ဒွိန္နံ မဂ္ဂါနံ သမ္ဗန္ဓဋ္ဌာနံ။ ပရဘာဂေ ကိတ္တေတုံ ဝဋ္ဋတီတိ တေသံ စတုန္နံ ကောဏာနံ ဗဟိ နိက္ခမိတွာ ဌိတေသု မဂ္ဂေသု ဧကိဿာ ဒိသာယ ဧကံ, အညိဿာ ဒိသာယ စာပရန္တိ ဧဝံ စတ္တာရောပိ မဂ္ဂါ စတူသု ဒိသာသု ကိတ္တေတုံ ဝဋ္ဋတီတိ။

(ဝိမတိဋီကာ၊ နှာ-၁၄၂)

ဤဋီကာ နှစ်စောင် အဋ္ဌကထာ နှင့် ကောဏယူပုံ တူ၏။

ပရဘာဂေ ကိတ္တေတုံ ဝဋ္ဋတီတိ ဗဟိ နိက္ခမိတွာ ဌိတေသု အဋ္ဌသု မဂ္ဂေသု ဧကိဿာ ဒိသာယ ဧကံ, အပရာယ ဧကန္တိ ဧဝံ စတူသု ဌာနေသု ကိတ္တေတုံ ဝဋ္ဋတိ။

(သာရတ္ထဋီကာ။ တ-၂၇၀)

ဤဋီကာ အလိုမှာ အဓိပ္ပာယ် အလုံးစုံ မတူသော်လည်း ဆိုခဲ့ ပြီးသော ဝဇီရဗုဒ္ဓိ၊ ဝိမတိဋီကာ ဆရာတို့၏ အာဘော်နှင့် ဆင်တူသကဲ့သို့ရှိ၏။

ဤဋီကာသုံးစောင်တို့၏အဖွင့်သည်၊ ''ယာပနမဂ္ဂေါဝိယ သကဋမဂ္ဂေါ ဝိဇ္ဇာနေ နဝါ ပရိခါဝိဇ္ဇာနေ နဝါ ဝိဟာရံ ပရိက္ခိပိတွာ ဂတာ တံ ဧကတ္ထကိတ္တော၊တွာ အညတ္ထကိတ္တော တုံ နာဠတိ ဝိဟာရသ စတူသု ဒိသာသု အညမညံ ဝိနိဗ္ဗဇ္ဈိတွာဂတေ နဒီစတုက္ကေပိ ဧသေဝနယော'' ဟူသော နဒီနိမိတ်ဖွင့်ဆိုသော အဋ္ဌကထာဆရာ အာဘော်၊ နောက်ဝါကျမှာ အပြင်ဘက်သို့ထွက်ပြီးသော မြစ်လေးခုတို့၌ ကြားခြင်းငှာ အပ်၏ဟုယူမှု သင့်၏၊ဝိမတိ ဋီကာအလိုမှာ ဤအရာ၌လည်း မကြားအပ်၊မဂ္ဂနိမိတ်၌သည်း၊တွေ့ကာရဏံ ဝိစိနိတဗ္ဗံ,ဟု အကြောင်းစုံကို စူးစမ်းပြီးမှ ဆုံးဖြတ်အပ်၏ဟု အဆိုရှိပေသည်။

ကောဏ အဆုံးအဖြတ်ပြီး၏။

---

ကျောင်း၏အလယ်ဖြင့် ထုတ်ချင်းထွင်း၍ သွားသော ခရီးကို မကြားအပ်၊ သွားသောခရီးကို ကြားအပ်သည်ရှိသော် နိမိတ်၏ အဆက်၌ ကျောင်းသည် ရှိ၏။ လှည်းကြောင်းခရီး၏ အတွင်း၌ ရှိသော စက်ကြောင်းခရီးကို နိမိတ်ထားကုန်အံ့၊(ဝါ)လှည်းလမ်းရာကို နိမိတ်ထားကုန်အံ့၊ ခရီးသည်သိမ်၏ အပ၌ဖြစ်၏။အပ၌ဖြစ်သောစက်ကြောင်းခရီးကိုနိမိတ်ထား၍ကြားကုန်အံ့။အပ၌ရှိသော

စက်ကြောင်းခရီးသည်သာလျှင် သိမ်၏အပ၌ဖြစ်၏။ ကြွင်းသော အရပ်သည် သိမ်အတွင်းသို့ ဝင်၏။ ထို့ကြောင့် ခရီးကိုကြားသော ရဟန်းသည် "ဧသော မဂ္ဂေါ၊ ဧသော ပန္ထော၊ ဧသော ပထော၊ ဧသော ပဇ္ဇော"ဟု ဆယ်ပါးသော အမည်တို့တွင် တပါးပါးဖြင့် ကြားရာ၏။

**တနည်း။** ။ ကျုံး၏ သဏ္ဌာန်ဖြင့် ကျောင်းကို ရံ၍ တည်သော ခရီးလမ်းဖြစ်မူ တခုသောအရပ်၌ ကြား၍ တပါးသော အရပ်၌ ကြားခြင်းငှာမအပ်ပေ။

ပရိခါသဏ္ဌာနေန၊ ကျုံး၏ သဏ္ဌာန်ဖြင့် ဝိဟာရံ ကျောင်းကို ပရိက္ခိပိတွာ၊ ခြံရံ၍။ ဂတမဂ္ဂေါ၊ သွားသော ခရီးကို၊ ဧကတ္ထ တခုသော အရပ်၌၊ ကိတ္တေတွာ ကြားပြီး၍ အညတ္ထ တပါးသော အရပ်၌၊ ကိတ္တေတုံ ကြားခြင်းငှာ၊ နဝဋ္ဋတိ မအပ်။

(မဂ္ဂနိမိတ္တ ဝိနိစ္ဆယ ပြီး ။)

— o —

## (၆) ဝမ္မိက နိမိတ္တ ဝိနိစ္ဆယ

**တောင်ပို့နိမိတ်၌** အယုတ်ဆုံး အပိုင်းအခြားအားဖြင့်ထို့နိမိတ် ပြုရာသောနေ့၌ပင် မြေမှပေါက်သော လက်ရှစ်သစ် အစောက် ရှိသော လုံးပတ် အားဖြင့် နွားဦးချို ပမာဏ ရှိသော် နိမိတ် လောက်၏။ ထိုအစောက်အားဖြင့် လက်ရှစ်သစ်လုံးပတ်အားဖြင့် နွားဦးချို ပမာဏအောက် ယုတ်လျော့သော တောင်ပို့သည်

မအပ်ပေ။ ထို့ထက် အလွန် အားဖြင့် ဟိမဝန္တာ တောင်မျှပင် ရှိသော်လည်း အပ်၏။

ကျောင်းကို ဝန်းရံ၍တည်သော တစပ်တည်းသော တောင်ပို ဖြစ်နေမူ၊ တနေရာတွင်သော ကြားပြီး၍ တပါးသော အရပ်၌ ကြားခြင်းငှာ မအပ်ပေ။ အခြား နိမိတ်များကို ပြု၍ ကြားရာ၏။

ဝမ္မိကနိမိတ္တေ ယောဒ္ဒိမ ပရိစ္ဆေဒေန တံဒိဝသံ ဇာတော အဋ္ဌင်္ဂုလုဗ္ဗေဓေါ ဂေါဝိသာဏပ္ပမာဏောပိ ဝမ္မိကော ဝဋ္ဋတိ တတော ဩရံ န ဝဋ္ဋတိ။

(ဂ၎င်းအဋ္ဌကထာ၊ စာမျက်နှာ–၃၂၁)

ဝမ္မိကနိမိတ္တေ တောင်ပို့နိမိတ်၌၊ယောဒ္ဒိမပရိစ္ဆေဒေနအောက်၌ ဖြစ်သော အပိုင်းအခြားအားဖြင့်၊ တံဒိဝသံ ထိုနိမိတ်ပြုသော နေ့၌၊ ဇာတော ပေါက်သော၊ အဋ္ဌင်္ဂုလုဗ္ဗေဓော လက်ရှစ်သစ် အစောက်ရှိသော၊ ဝမ္မိကော တောင်ပို့သည်၊ ဂေါဝိသာဏပ္ပမာ ဏောပိ နွားဦးချိုအတိုင်းအရှည် ရှိသော်လည်း၊ ဝဋ္ဋတိ အပ်၏။ တတောဝမ္မိကတော ထို တောင်ပို့အောက်၊ ဩရံ အယုတ်သည်၊ န ဝဋ္ဋတိ မအပ်။

(ဝမ္မိက နိမိတ္တ ဝိနိစ္ဆယ ပြီး၏။)

—o—

## (၇) နဒီနိမိတ္တ ဝိနိစ္ဆယ

အကြင် မြစ်,၏ ရေအယဉ်သည် တရားကို စောင့်ကုန်သော မင်းတို့၏ လက်ထက်၌ လခွဲတိုင်း လခွဲတိုင်း (၀၁) တဆယ့်ငါး

ရက် တကြိမ်သော် လည်းကောင်း။ မိုဃ်းသည် ရွာလတ်သော် တိမ်တိုက်တို့သည် ကင်းခါမျှဖြစ်ကုန်သည်ရှိသော် ရေအယဉ်သည် ပြတ်၏။ ဤမြစ်သည် မြစ်အရေအတွက်သို့ မရောက်ပေ။ အကြင်မြစ်၏ရေအယဉ်သည် မိုဃ်းကောင်းသော မိုဃ်းလေးလအခါ၌၊ ရေအယဉ်မပြတ်ရှိ၏။ တိမင္ဂလဟု ဆိုအပ်သော အဝန်းသုံးပါးနှင့် ညီညွတ်အောင် ဝတ်ရုံသော ဘိက္ခုနီမသည် မြစ်ကို ကူးလပ်သော် သင်းပိုင်အဖျားကို ရေစွတ်၏။(ဝါ) ရေစို၏။ ဤမြစ်သည် မြစ် အရေ အတွက်သို့ ရောက်၏၊ သိမ်ကို ဖွဲ့လိုသော ရဟန်းတို့အား နိမိတ်လောက်၏။ ရဟန်းမိန်းမ၏ မြစ်၏ ထိုမှာဘက်ကမ်းသို့ သွားခြင်းကို လည်းကောင်း။ ဥပုသ် အစရှိသော သံဃာ့ကံကို ပြုခြင်းကို လည်းကောင်း၊ နဒီပါရ သိမ်ကိုသမုတ်ခြင်း၌ လည်းကောင်း ဤမြစ်သည် သာလျှင်ဖြစ်၏။ အကြင်မြစ်သည် လှည်းဦး၏ သဏ္ဌာန် ဖြင့်သော် လည်း ကောင်း၊ ကျုံး၏ သဏ္ဌာန် ဖြင့်သော် လည်းကောင်း။ ကျောင်းကို ဝန်းရံ၍ သွားသကဲ့သို့ရှိ၏။ အကြင်သို့ သဘောရှိသော မြစ်ကို အဖို့တခု ပြု၍ ကြားပြီးလျှင် တပါးသော အဖို့၌ ကြားခြင်းငှာ မအပ်ပေ။

ယာပန မဂ္ဂေါဝိယ သကဋ္ဌမုခ သဏ္ဌာ နေနဝါ ပရိခါ သဏ္ဌာနေနဝါ ဝိဟာရံ ပရိက္ခိပိတွာ ဂတာ၊တံကေတ္ထ ကိတ္တေတွာ အညတ္ထကိတ္တေတုံ နဝဋ္ဋတိ။

(ရှင်းအဋ္ဌကထာ)

ပန ဆက်၍ ဆိုဦးအံ့။ ယာနဒီ အကြင်မြစ်သည်၊ မဂ္ဂေါ ခရီးသည် သကဋ္ဌမုခ သဏ္ဌာနေနဝါ လှည်း၏ အဦးသဏ္ဌာန်ကဲ့သို့

လည်းကောင်း၊ ပရိခါသဏ္ဌာနေနဝါ ကျုံး၏ သဏ္ဌာန် ကဲ့သို့ လည်းကောင်း၊ ပရိက္ခိပိတွာ ခြံရံ၍၊ ဂတာဝိယ သွားသကဲ့သို့၊ တထာ ထို့အတူ၊ သကဋမုခ သဏ္ဌာနေနဝါ လှည်းဦး၏ သဏ္ဌာန် ဖြင့်သော်လည်းကောင်း၊ ပရိခါသဏ္ဌာနေနဝါ ကျုံးသဏ္ဌာန်ဖြင့် သော်လည်းကောင်း၊ပရိက္ခိပိတွာခြံရံ၍ဂတာသွားကုန်၏။တံနဒီထို မြစ်ကို ဧကတ္တ တခုသော နေရာ၌၊ကိတ္တေတွာ ကြားပြီး၍ အညတ္ထ တပါးသောနေရာ၌၊ ကိတ္တေတုံကြားခြင်းငှာ၊ နဝဋ္ဋတိ၊ မအပ်။

## တနည်း နဒီနိမိတ္တ

ကျောင်း၏ လေးပါးသော အရပ်တို့၌ အချင်းချင်း(ဝါ) တစင်းသည်တစင်းကိုထုတ်ခြင်းထွင်းစီးသွားနေသောမြစ်လေးဆိုင် တို့၏ အပေါင်းနေရာ၌လည်း ဤနည်းအတိုင်းပင် မအပ်ပေ။ ဝိဟာရဿ စတူသု ဒိသာသု အညမညံ ဝိနိဗ္ဗိဇ္ဈိတွာ ဂတေနဒီ စတုက္ကေပိ ဧသေဝ နယော။

(ၡင်းအဋ္ဌကထာ)

ဝိဟာရဿ ကျောင်း၏၊ စတူသု လေးခုကုန်သော၊ ဒိသာသု အရပ်တို့၌၊ အညမညံ အချင်းချင်း (ဝါ) တစင်းသည် တစင်းကို ဝိနိဗ္ဗိဇ္ဈိတွာ ထုတ်ခြင်းထွင်း၍ ဂတေသွားသော (ဝါ) စီးဆင်း သော နဒိစတုက္ကေပိ မြစ်လေးဆိုင်တို့၌လည်း ဧသေဝနယော ဤနည်းအတိုင်းပင်တည်း။

## တနည်း နဒီ နိမိတ္တ

တစင်းနှင့် တစင်း မရောကုန်သော လေးစင်းသော မြစ်တို့ကို ကြားခြင်းငှာ အပ်၏။

အသမ္ဘိယနဒိယော ပန စတဿော ပိ ကိတ္တေတုံ ဝဋ္ဋတိ။

(ဌင်းအဋ္ဌကထာ)

အသမ္ဘိသာ နဒိယော မရောနှောသော၊ စတဿောပိ လေးစင်းလည်းဖြစ်သော မြစ်တို့ကိုလည်း၊ ကိတ္တေတုံ ကြားခြင်းငှာ၊ ဝဋ္ဋတိ အပ်၏။

## တနည်း နဒီ နိမိတ္တ

စောင်ရန်းကို ပြုကုန်သကဲ့သို့ (ဝါ) စည်းရိုး ကာသကဲ့သို့ သစ်သား၏ ခြေတို့ကို စိုက်ကြကုန်လျက် နွယ်,ကောက်ရိုး, စသည်တို့ဖြင့် မြစ်၏ရေအယဉ်ကို အကယ်၍ ပိတ်ထားကြကုန်အံ့၊ ရေသည်လည်း ပိတ်ထားသောဆည်ကို လွှမ်းကျော်၍ စီးသွားသည် ဖြစ်အံ့၊ မြစ်နိမိတ်ကို ပြုခြင်းငှာ အပ်၏။

သစေ ဝတိံ ကရောန္တာဝိယ ရုက္ခပါဒေ နိခဏိတွာ ဝလ္လိပလာလာဒီဟိ နဒိ သောတံ ရုမ္ဘန္တိ၊ ဥဒကဉ္စ အဇ္ဈောတ္ထရိတွာ အာဝရဏံ ပဝတ္တတိယေဝ။

(ဌင်းအဋ္ဌကထာ)

ဝတိံ စောင်ရန်းကို (ဝါ) စည်းရိုးကို၊ ကရောန္တာဝိယ ပြုကုန်သကဲ့သို့၊ ရုက္ခပါဒေ သစ်သားခြေတို့ကို၊ နိခဏိတွာ စိုက်၍၊ ဝလ္လိ

ပလာလာဒီဟိ နွယ် ကောက်ရိုးစသည်တို့ဖြင့်၊ နဒိသောတံ မြစ်ရေအယဉ်ကို၊ သစေ ရုမ္ဘန္တိ အကယ်၍ ပိတ်ကုန်သည် ဖြစ်အံ့၊ ဥဒကဋ္ဌ ရေသည်လည်း၊ အဇ္ဈောတ္ထရိတွာ လွှမ်းမိုး၍၊ ပဝတ္တတိယေဝ စီးဆင်းသည် ဖြစ်အံ့၊ နိမိတ္တံ မြစ်နိမိတ်ကို၊ ကာတုံ ပြုခြင်းငှာ၊ ဝဋ္ဋတိ အပ်၏။ အာဝရဏံ အကန့်ကို (ဝါ) ဆည်ကို၊

လူတို့သည် ထိုကဲ့သို့ စောင်ရန်းကို အခိုင်အမာ ပြုထားသဖြင့် ရေသည် ၎င်းတို့အပေါ်သို့ လွှမ်းကျော်နိုင်ခြင်း မရှိပဲ၊ မစီးနိုင်သည်ကို လည်းကောင်း၊ တံတားစသည်ကို အခိုင်အမာ ပြုထားသဖြင့် ရေသည် မစီးနိုင်သည်ကို လည်းကောင်း၊ နိမိတ်ထား၍ ကြားခြင်းငှာ မအပ်ပေ။

ယထာ ပန ဥဒကံနပ္ပဝတ္တတိ ဧဝံ သေတုမ္ပိကတေ အပ္ပဝတ္တမာနာ နဒီ နိမိတ္တံကာတုံ န ဝဋ္ဋတိ။

(၎င်းအဋ္ဌကထာ)

ယထာ အကြင် အခြင်းအရာဖြင့်၊ ကရိယမာနေ ပြုအပ်သည် ရှိသော်၊ ဥဒကံ ရေသည်၊ နပ္ပဝတ္တတိ မစီး၊ ဧဝံတထာ ထိုအခြင်းအရာအားဖြင့်၊ သေတုမ္ပိ တံတားကို၊ ကတေ ပြုအပ်သည်ရှိသော်၊ အပ္ပဝတ္တမာနာ မစီးဆင်းနိုင်သည်ရှိသော်၊ နဒီနိ မိတ္တံ မြစ်နိမိတ်ကို၊ ကာတုံ ပြုခြင်းငှာ၊ နဝဋ္ဋတိ မအပ်။ (**အပ္ပဝတ္တနဋ္ဌာနေ ဥပက နိမိတ္တံ ကာတုံ ဝဋ္ဋတိ**) ဟူ၍ ၎င်းအဋ္ဌကထာတွင် အဆို ရှိသောကြောင့် ရေမစီးဆင်းသည် ရှိရာအရပ်ကို ရေနိမိတ်ထား၍ ကြားခြင်းငှာ အပ်၏ဟု ဆုံးဖြတ်တော်မူသည်။

## တနည်း နဒီ နိမိတ္တ

အကြင် မြစ်သည်....မိုးခေါင်ရာကာလ၌ လည်းကောင်း၊ နွေကာလ၌ လည်းကောင်း ရေမရှိသည်၏ အဖြစ်ကြောင့် မစီးပဲရှိနေအံ့၊ ထိုမြစ်သည် နိမိတ်ထား၍ ကြားခြင်းငှာ အပ်၏။

ယာ ပန ဒုဗ္ဗုဋ္ဌိကာလေဝါ ဂိမှေဝါ နိရုဒက ဘာဝေန နပ္ပဝတ္တတိ၊ သာ ဝဋ္ဋတိ။

ယာ ပန နဒီ အကြင်မြစ်သည်ကား ဒုဗ္ဗုဋ္ဌိကာလေဝါ မိုးမရွာသောကာလ၌ လည်းကောင်း၊ ဂိမှေဝါ နွေကာလ၌ လည်းကောင်း နိရုဒကဘာဝေန ရေမရှိသည်၏ အဖြစ်ကြောင့် နပ္ပဝတ္တတိ မစီးဆင်း၊ သာနဒီ ထိုမြစ်သည်၊ ဝဋ္ဋတိ နိမိတ်ကြားခြင်းငှာ အပ်၏။

## တနည်း နဒီ နိမိတ္တ

တနည်းအားဖြင့်....ကြီးသောမြစ်မှရေမြောင်းကိုထုတ်ကုန်အံ့၊ (ဝါ)လွှဲပေါက် ပြုကုန်အံ့၊ ထိုရေမြောင်းသည် ငယ်သော မြစ်နှင့်တူသည်ဖြစ်၍ တနှစ်လျှင် သုံးသီးသော ကောက်တို့ကို ပြည့်စုံစေသည်ဖြစ်၍ အမြဲစီးအံ့၊ ထိုသို့ပင် စီးသော်လည်း မြစ်နိမိတ်ကို ပြုခြင်းငှာ မအပ်ပေ။

အကြင်ရေမြောင်းသည် အရင်း၌ ကြီးသောမြစ်မှ ထွက်သော်လည်း, အခါအားဖြင့် ထိုထွက်ရာ ရေမြောင်းဖြင့်သာလျှင် မြစ်ကို ဖြတ်၍ မိမိအလိုလည်း သွားသည်ဖြစ်အံ့နောက်မှ မိကျောင်းအစ

ရှိသည်တို့ဖြင့် ရောပြွမ်းသော လေ့ အစ ရှိသည်တို့ သွားသော မြစ်သည် ဖြစ်အံ့၊ ထိုမြောင်းမှ ဖြစ်သော မြစ်နေရာကို နိမိတ် ပြုခြင်းငှာ အပ်၏။

ယာ ပန မူလေ မဟာနဒိ တော နိဂ္ဂတာပိ ကာလန္တရေန တေ နေဝနိဂ္ဂတမဂ္ဂေန နဒိံ ဘိန္ဒိတွာ သယဥ္စ ဂစ္ဆတိ, ဂစ္ဆန္တိ ပရတော သုသုမာဒိ သမာကိဏ္ဏာ နာဝ ါဒီဟိ သဥ္စရိတဗ္ဗာ နဒီ ဟောတိ၊တံ နိမိတ္တံ ကာတုံဝဋ္ဋတိ။

(ရင်းအဋ္ဌကထာ နှာ-၃၂၂)

ယာဥဒက မာတိကာ အကြင်ရေမြောင်းသည်၊မူလေအရင်း၌၊ မဟာ နဒိတော ကြီးသောမြစ်မှ၊ နိဂ္ဂတာပိ ထွက်သော်လည်း၊ ကာလန္တရေန အခါတပါးဖြင့်၊ တေနေဝ နိဂ္ဂတမဂ္ဂေန ထို ထွက် ရာ ရေမြောင်းဖြင့်သာလျှင်၊ နဒိံ မြစ်ကို၊ ဘိန္ဒိတွာ ဖျက်၍၊သယဥ္စ မိမိအလိုလိုသည်း၊ ဂစ္ဆတိ သွားအံ့၊ ဂစ္ဆန္တိ သွားသည်၊ ဟုတွာ ဖြစ်၍၊ ပရတော နောက်မှ၊ သုသုမာဒိ သမာကိဏ္ဏာ မိကျောင်း အစရှိသည်တို့ဖြင့် ပြွမ်းသော၊ နာဝ ါဒီဟိ လှေအစရှိသည်တို့ဖြင့်၊ သဥ္စရိတဗ္ဗာ သွားသော၊ နဒီ မြစ်သည်၊ ဟောတိ ဖြစ်အံ့၊တံ ဥဒက မာတိကံ ထိုရေမြောင်းမှ ဖြစ်သော မြစ်ကို၊ နိမိတ္တံ မြစ်နိမိတ်ကို၊ ကာတုံ ပြုခြင်းငှာ၊ ဝဋ္ဋတိ အပ်၏။

နဒိံ ဘိန္ဒိတွာတိ ယထာ ဥဒကံ အနိစ္ဆန္တေဟိ ကာယ ကေဟိ မဟောဃေ နိဝတ္တေတုံ နသက္ကာ၊ဧဝံ နဒိကူလံ ဘိန္ဒိတွာ။

(ဝိမတိဝိနောဒနီ ဋီကာ နှာ-၁၄၃)

ဤဒ္ဒိကာ အလိုအားဖြင့် မြစ်ကမ်း မြောင်းကမ်းတို့ကို အနည်းငယ် စားပြိုဖျက်ဆီးသည်မှာ ပမာဏ မဟုတ်ပေ။

နဒီ နိမိတ္တ ဝိနိစ္ဆယပြီး၏

— ၀ —

## (၈) ဥဒက နိမိတ္တ ဝိနိစ္ဆယ

ဤဥဒကနိမိတ်၌ ရေခံ့ရှိရာ ဖြစ်သောအရပ်၌၊ လှေ၌ လည်းကောင်း, အိုးစရည်း စသည်၌ လည်းကောင်း, ရေကို ပြည့်စေ၍ ရေနိမိတ်ကို ကြားခြင်းငှာ မအပ်ပေ၊ မြေသို့ ရောက်သော ရေသည်သာလျှင် အပ်၏။ စင်စစ်အားဖြင့် ထိုမြေသို့ရောက်သော ရေသည်လည်း တွင်း လေးထောင့်ကန်၊တဘက်ဆည်းကန် အလိုလို ဖြစ်သော ထုံးအိုင်၊ ဆားငံတွင်း၊ သမုဒ္ဒရာ အစရှိသည်တို့၌ တည်သော မစီးသော ရေပေဘည်း။ မတည်သော အလျဉ် စီးသော မြစ် ရေပြွန် မြောင်း စသည်တို့၌ တည်သောရေသည် မအပ်ပေ။

တည်နေသော ရေသည် အယုတ်ဆုံး အားဖြင့် ဝက်များ ထိုးဆွ၍ ဖြစ်နေသော ကျင်း၌လည်းကောင်း၊ ရွာ၌နေကုန်သော သူငယ်တို့၏ ကစားရာ အိုင်၌ လည်းကောင်း ထိုနိမိတ် ကြားရာ ခဏ၌ပင်လျှင် မြေ၌ တွင်းငယ်ကို တူး၍ အိုးတို့ဖြင့် သယ်ခပ် လောင်းထည့်၍ ပြည့်စေသော ရေသည်လည်း ကမ္မဝါစာ၏အဆုံး တိုင်အောင် တည်နေသည် ဖြစ်အံ့၊ နည်းသည်မူလည်း ဖြစ်စေ၊ များသည်မူလည်း ဖြစ်စေ အပ်၏။

ဌိတံ ပန အန္တိမသော သူကရခတာယပိ ဂါမဒ္ဒါရကာနံ ကီဠ-နဝါပိယမ္ပိ တဠ်ာကသောဝ ပထဝိယံ အာဝါဋကံ ကတွာ ကုဋေဟိ အာဟရိတ္ဝာ ပူရိတဥဒကမ္ပိ သစေ ယာဝ ကမ္မဝါစာ ပရိယောသာနာ တိဋ္ဌတိ အပ္ပံဝါ ဟောတု ဗဟုံဝါ ဝဋ္ဋတိ။

(ရှင်းအဋ္ဌကထာ)

ပန စင်စစ်သော်ကား၊ ဌိတံ တည်သော၊ အန္တိမသော ယုတ်သော အပိုင်းအခြားအားဖြင့်၊ သူကရခတာယပိ ဝက်တူးအပ်သောကျင်း၌ လည်းကောင်း၊ ဂါမဒ္ဒါရကာနံ ရွာ၌နေကုန်သော သူငယ်တို့၏ ကီဠနဝါပိယမ္ပိ ကစားရာ အိုင်၌ လည်းကောင်း၊ တဠ်ာကသောဝ ထိုနိမိတ်ကြားရာ ခဏ၌ပင်လျှင်၊ ပထဝိယံ မြေ၌၊ အာဝါဋကံ တွင်းငယ်ကို၊ ကတွာပြု၍၊ ကုဋေဟိ အိုးတို့ဖြင့်၊ အာဟရိတ္ဝာ ဆောင်၍၊ ပူရိတ ဥဒကမ္ပိ ပြည့်စေအပ်သော ရေသည်လည်း၊ ယာဝကမ္မဝါစာ ပရိယောသာနာ ကမ္မဝါစာ အဆုံးတိုင်အောင်၊ တိဋ္ဌတိ တည်အံ့၊ အပ္ပံဝါ နည်းသည်မူလည်း၊ ဟောတု ဖြစ်စေ၊ ဗဟုံဝါ များသည်မူလည်း၊ ဟောတု ဖြစ်စေ၊ ဝဋ္ဋတိ အပ်၏။

ယခုအခါ သိမ်သမုတ်ကြသော ပုဂ္ဂိုလ်တို့သည် ရေနိမိတ်ကို ပြု၍ နိမိတ်ကြားသည်သာ များကြသဖြင့် ရေနိမိတ် တည်ခြင်း၊ ပြုခြင်း၏ အကြောင်းအရာတို့ကို ဝိနည်း မဟာဝါ အဋ္ဌကထာနှင့် အညီ ပြည့်စုံစွာ ဖော်ပြလိုက်ပါသည်။

ဥဒကနိမိတ္တ–ဝိနိစ္ဆယပြီး၏။

—O—

# အခန်း ၂

## အသမ္ဘိသနိမိတ္တဗဒ္ဒသိမ်

တောင်,ကျောက်,တော,အစရှိသော နိမိတ်ရှစ်ပါးဖြင့် ကြားအပ်သောသိမ်သည် အသံမိသ နိမိတ္တ ဗဒ္ဓသိမ်မည်၏။

မရောနှော ကုန်သော နိမိတ်ဖြင့် လည်းကောင်း၊ ရှစ်ပါးကုန်သော အချင်းချင်း ရောနှော ကုန်သော နိမိတ်တို့ဖြင့် လည်းကောင်း နိမိတ်ကြား၍ သမုတ်ခြင်းငှာ အပ်သည်သာတည်း။

ဣမေဟိ စ အဋ္ဌဟိ နိမိတ္တေဟိ အသမ္မိဿေဟိပိ အညမညံ သမ္မိဿေဟိပိ သိမံ သမ္မန္နိတုံ ဝဋ္ဋတိ ယေဝ။

(ဂုင်းအဋ္ဌကထာ နှာ-၃၂၂)

စ-သက်၍ ဆိုဦးအံ့၊အဋ္ဌဟိ ရှစ်ပါးကုန်သော၊ အသမ္မိဿေဟိ မရောနှောကုန်သော ဣမေဟိ နိမိတ္တေဟိပိ ဤရှစ်ပါးသော နိမိတ်တို့ဖြင့် လည်းကောင်း၊ အညမညံ အချင်းချင်း၊ သမ္မိဿေဟိ ရောနှောကုန်သော၊ နိမိတ္တေဟိပိ နိမိတ်တို့ဖြင့်လည်းကောင်း၊သိမံ သိမ်ကို၊ သမ္မန္နိတုံ သမုတ်ခြင်းငှာ၊ ဝဋ္ဋတိယေဝ အပ်သည်သာလျှင်တည်း။

မှတ်ချက်။ ။နိမိတ်တခုက တောင်၊ နိမိတ်တခုက ကျောက်၊ နိမိတ်တခုက တော စသည်ဖြင့် အရပ် ရှစ်မျက်နှာတွင် နိမိတ်ရှစ်ပါးထား၍ ကြားခြင်းပေတည်း။

# တနည်း နိမိတ္တ

တီဏိ ပန အာဒိံကတွာ ဝုတ္တပ္ပကာရာနံ နိမိတ္တာနံ သတေနာပိ ဗဒ္ဓာ ဟောတိ။

(၎င်းအဋ္ဌကထာ)

ပန မဖွဲ့အပ်သည်မှတပါး၊ ဖွဲ့အပ်သည်ကိုဆိုဦးအံ့၊ တီဏိ သုံးခုကုန်သော၊ နိမိတ္တာနံ နိမိတ်တို့ကို၊ အာဒိံကတွာ အစပြု၍၊ ဝုတ္တပ္ပကာရာနံ ဆိုအပ်ခဲ့ပြီးသော အပြားရှိကုန်သော၊ နိမိတ္တာနံ နိမိတ်တို့၏၊ သတေနာပိ အရာဖြင့် လည်းကောင်း၊ ဗဒ္ဓါ ဖွဲ့အပ်သည်၊ ဟောတိ ဖြစ်၏။ (ထိုဆိုအပ် ပြီးသော နိမိတ်တို့ဖြင့် အ ရာ ပင်များအောင် ဖွဲ့နိုင်၏ဟု ဆိုလိုသည်။)

နိမိတ္တာနံသကေနာပိတိဣမိနာ ဧကိဿာ ဧဝ ဒိသာယ ဗဟူနိမိတ္တာနိ "ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ ပဗ္ဗတော ဘန္တေ၊ ပုန ပုရတ္ထိမာယ ဒိသာယကိံ နိမိတ္တံ- ပါသာဏော ဘန္တေ" တိ အာဒိနာ ကိတ္တေတုံ ဝဋ္ဋတီတိ ဒဿေတိ။

(ဝိမတိဝိနောဒနီဋီကာ နှာ-၁၃၄)

ဤဝိမတိ ဝိနောဒနီ ဋီကာ, အလို အထောင့်ကြရာမှတပါး အလိုရှိတိုင်း သော အရှေ့မျက်နှာကို ပုရတ္ထိမာယချည်း ဆိုရမည်ကိုပြ၏။ ဤသို့မဟုတ်မူ၍ တူရူကြရာ လေးမျက်နှာမှ တပါး စဉ်းငယ်ယွန်းသော အရပ်များကိုလည်း အနုဒိသာယ,ဟုဆိုလျှင် သင့်လျော်၏။

**ထိုအသမ္မိဿသိမ်**သည်။ သုံးပါးသော နိမိတ်တို့ဖြင့် ဖွဲ့အပ်သည်ရှိသော်၊ သုံးကြောင်းကုန်သော ခရီးတို့၏ ပေါင်းဆုံရာ သဏ္ဌာန်ရှိ၏။ လေးခုကုန်သော နိမိတ်တို့ဖြင့် ဖွဲ့အပ်သည်ရှိသော် စတုရဿခေါ် လေးထောင့် အညီအမျှဖြစ်၏။ လေးကြောင်းကုန်သော ခရီးတို့၏ ပေါင်းဆုံရာ အရပ်၏ ထက်ဝက်သည် မုဒိင်သဏ္ဌာန မရိုးစည်သဏ္ဌာန်ရှိ၏။ ထိုသုံးခု လေးခုကုန်သော နိမိတ်တို့ထက် လွန်ကုန်သော နိမိတ်တို့ဖြင့် ဖွဲ့အပ်သည်ရှိသော် နာနာသဏ္ဌာနဟုဆိုအပ်သော အထူးထူးသော သဏ္ဌာန်ရှိကုန်၏။

တီဏိ ပန အာဒိံ ကတွာ ဝုတ္တပ္ပကာရာနံ နိမိတ္တာနံ သတေနာပိ ဗဒ္ဓါ ဟောတိ သာ တီဟိ သိင်္ဃာဋကသဏ္ဌာ နာ ဟောတိ။

(ငှင်းအဋ္ဌကထာ)

တီဏိ သုံးခုကုန်သော၊ နိမိတ္တာနိ နိမိတ်တို့ကို၊ အာဒိံ ကတွာ အစပြု၍။ ဝုတ္တပ္ပကာရာနံ ဆိုအပ်ခဲ့ပြီးသော အပြားရှိကုန်သော၊ နိမိတ္တာနံ နိမိတ်တို့၏ သတေနာပိ အရာဖြင့် လည်းကောင်း၊ ဗဒ္ဓါ ဖွဲ့အပ်သည်၊ ဟောတိ ဖြစ်၏။ သာ ထိုသိမ်သည်၊ တီဟိ သုံးခုကုန်သော၊ သိင်္ဃာဋက သဏ္ဌာနာ သုံးချောင်းကုန်သော ခရီးတို့၏ ပေါင်းဆုံရာ သဏ္ဌာန်ရှိသည်၊ ဟောတိ ဖြစ်၏။

စတူဟိ စတုရဿာဝါ သိင်္ဃာဋကအဍ္ဍစန္ဒမုဒိင်္ဂါဒိ သဏ္ဌာနာဝါ တတော အဓိကေဟိ နာနာသဏ္ဌာနာ။

(ငှင်းအဋ္ဌကထာ)

စတုဟိ လေးခု ကုန်သော၊ နိမိတ္တေဟိ နိမိတ်တို့ဖြင့်၊ ဗဒ္ဓါ ဖွဲ့အပ်သည်ရှိသော်၊ စတုရဿဝါ အညီအမျှ လေးထောင့်ရှိသည် လည်းကောင်း၊ သိဃ်ာဋကသဏ္ဌာန အစုစန္ဒ မုဒိင်္ဂါဒိ သဏ္ဌာနာဝါ လေး ကြောင်းကုန်သော ခရီးတို့၏ ပေါင်းဆုံရာအရပ် ထက်ငက်သော မရိုးစည် အစရှိသည်တို့၏ သဏ္ဌာန်သည် လည်းကောင်း၊ ဟောတိ ဖြစ်၏။ တတောဝေဟိ နိမိတ္တေဟိ ထိုသုံးခု လေးခုကုန်သော နိမိတ်တို့ထက်၊ အဓိကေဟိ လွန်ကုန်သော၊ နိမိတ္တေဟိ နိမိတ်တို့ ဖြင့်၊ ဗဒ္ဓါ ဖွဲ့အပ်သည်ရှိသော်၊ နာနာသဏ္ဌာနာ အထူးထူးသော သဏ္ဌာန်ရှိသည်၊ ဟောတိ ဖြစ်၏။

## (၁) တခုသောဂါမခေတ်အတွင်း၌ ဗဒ္ဓသိမ်ဖွဲ့ပုံ

သိမ်ကို ဖွဲ့လိုသော ရဟန်းတို့သည် အနီး အနား ရှိသော ကျောင်းတိုက်တို့၌ နေကုန်သော ရဟန်းတို့ကို ထိုထို သို့သော ကျောင်းမှ သိမ်၏ အပိုင်းအခြားကို မေး၍ ဖွဲ့အပ်ပြီးသော ဗဒ္ဓ သိမ်ရှိကုန်သော ကျောင်းတို့မှ သိမ်၏ အန္တရိကဖြစ်သော အပိုင်း အခြားကို ထားကုန်၍(ဝါ)သီမန္တရိက်ကိုထားကုန်၍မဖွဲ့အပ်သော သိမ်ရှိသော ကျောင်းတို့၏ သိမ်၏ ဥပစာရကိုထား၍ အရပ်ရပ် တို့၌ လှည့်လည်ကြကုန်သော ရဟန်းတို့၏ မလှည့်လည်ရာ ဖြစ် သောအခါ၌ တခုသော ဂါမခေတ်၌ သိမ်ကိုဖွဲ့ခြင်းငှာ အလိုရှိကြ ကုန်သည် ဖြစ်အံ့၊ ထိုဂါမခေတ်၌ ဖွဲ့အပ်ပြီးသော သိမ်ရှိကုန် သော ကျောင်းတို့သည် ရှိကုန်အံ့၊ ထိုကျောင်းတို့၌ နေကုန်သော ရဟန်းတို့၏ အထံသို့သွား၍ "အကျွန်ုပ်တို့သည် ယနေ့သိမ်ကို ဖွဲ့လို

ကြပါသည်၊ အရှင်တို့သည် မိမိ မိမိတို့၏ သိမ်, အပိုင်းအခြားမှ မထွက်ကြပါကုန်လင့်, ဤသို့ စေလွှတ်အပ်၏။

အကြင်မဖွဲ့သော သိမ်ရှိကုန်သော ကျောင်းတို့သည် ရှိကုန်အံ့၊ (ဝါ) သိမ်မရှိသော ကျောင်းတို့သည် ရှိကုန်အံ့၊ ထိုကျောင်းတို့၌ နေကုန်သော ရဟန်းတို့ကို တပေါင်းတည်း စည်းဝေးအပ် ကုန်၏။ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကိုလည်း ဆောင်အပ်ကုန်၏။

တံ ဗန္ဓိတုကာမေဟိ သာမန္တဝိဟာရေသု ဘိက္ခူ တဿတဿ ဝိဟာရဿ သီမာ ပရိစ္ဆေဒံ ပုစ္ဆိတွာ ဗဒ္ဓသီမဝိဟာရာနံ သီမာယ သီမန္တရိကံ, အဗဒ္ဓသီမဝိဟာရာနံ သီမာယ ဥပစာရံ ဌပေတွာ ဒိသာစာရိက ဘိက္ခူနံ နိဿဉ္စာရသမယေ သစေ ကောသို ဂါမခေတ္တေသီမံ ဗန္ဓိတုကာမာ၊ ယေ တတ္ထ ဗဒ္ဓသီမ ဝိဟာရာ, တေသု ဘိက္ခူနံ "မယံအဇ္ဇသီမံ ဗန္ဓိဿာမတုမှေ သကသီမာပရိစ္ဆေ ဒတော မာနိက္ခမိတ္ထာ" တိ ပေ သေတဗ္ဗံယေ အဗဒ္ဓသီမ ဝိဟာရာ တေသု ဘိက္ခူ ဧကဇ္ဈံ သန္နိပါတေ တဗ္ဗာ ဆန္ဒာရဟာ နံ ဆန္ဒော အာဟာရာ ပေ တဗ္ဗော။

(ရှင်းအဋ္ဌကထာ)

တံသီမံ ထိုသိမ်ကို၊ ဗန္ဓိတုကာမေဟိ ဖွဲ့ခြင်းငှာ အလိုရှိကုန်သော၊ ဘိက္ခူဟိ ရဟန်း တို့သည်၊ သာမန္တဝိဟာရေသု အနီး၌ဖြစ်ကုန်သော ကျောင်းတို့၌၊ ဝသန္တေ နေကုန်သော၊ ဘိက္ခူ တို့ကို၊ တဿတဿဝိဟာရဿ ထိုထိုသို့သော ကျောင်း၏၊ သီမာ ပရိစ္ဆေဒံ သိမ်၏ အပိုင်းအခြားကို၊ ပုစ္ဆိတွာ မေးကြကုန်၍၊ ဗဒ္ဓ သီမ ဝိဟာရာနံ ဖွဲ့အပ်ပြီးသော သိမ်ရှိကုန်သော ကျောင်းတို့၏၊

သီမာယ သိမ်၏၊ သီမန္တရိကံ သီမန္တရိက်ကို ပုစ္ဆိတွာ မေပြီး၍၊ အဗဒ္ဓသီမ ဝိဟာရာနံ မဖွဲ့အပ်သော သိမ်ရှိကုန်သော ကျောင်းတို့၏၊ သီမာယ သိမ်၏၊ ဥပစာရံ ဥပစာကို၊ ဌပေတွာ ထား၍၊ ဒိသာစာရိက ဘိက္ခူနံ အရပ်ရပ်တို့၌ လှည့်လည် ကြကုန်သော ရဟန်းတို့၏။ နိဿဋ္ဌာရသမယေ မလှည့်လည်ရာအခါ၌၊ ကေသုဉ္စိ တခုသော၊ ဂါမခေတ္တေ ဂါမခေတ်၌၊ သီမံ သိမ်ကို၊ ဗန္ဓိတုကာမာ ဖွဲ့ခြင်းငှာ အလိုရှိကြကုန်သည်၊ သစေ ဟောန္တိ အကယ်၍ဖြစ်ကုန်အံ့၊ တတ္ထတသ္မိံ ဂါမခေတ္တေ ထိုဂါမခေတ်၌၊ ယေဗဒ္ဓသီမဝိဟာရာ အကြင်ဖွဲ့အပ်သော သိမ်ရှိကုန်သော ကျောင်းတို့သည်၊ သန္တိ ရှိကုန်၏၊ တေသုဗဒ္ဓသီမဝိဟာရေသု ထိုဖွဲ့အပ်ပြီးသော သိမ်ရှိကုန်သော ကျောင်းတို့၌၊ ဝိဟာရန္တံ နေကြကုန်သော။ ဘိက္ခူနံ ရဟန်းတို့၏၊ သန္တိကံ အထံသို့၊ မယံ ငါတို့သည်၊ အဇ္ဇ ယနေ့၊ သီမံ သိမ်ကို၊ ဗန္ဓိဿာမ ဖွဲ့ကြပါကုန်အံ့၊ တုမှေ အရှင်တို့သည်၊ သကသီမာ ပရိစ္ဆေဒတော မိမိ၏သိမ် အပိုင်း အခြားမှ၊ မာနိက္ခမိတ္ထ မထွက်ကြပါကုန်လင့်၊ ဣတိ ဤသို့၊ ပေသေတဗ္ဗံ စေလွှတ် အပ်၏။

ယေ အဗဒ္ဓသီမဝိဟာရာ အကြင်မဖွဲ့အပ်သောသိမ် ရှိကုန်သော ကျောင်းတို့သည်၊ ဝါ၊ သိမ်မရှိ ကုန်သော ကျောင်းတို့သည်၊ အတ္ထိသန္တိ ရှိကြကုန်၏၊ တေသု အဗဒ္ဓသီမဝိဟာရေသု ထိုမဖွဲ့အပ်သော သိမ်ရှိသော ကျောင်းတို့၌၊ ဝါ၊ သိမ်မရှိသော ကျောင်းတို့၌၊ဝသန္တာ နေကုန်သော၊ ဘိက္ခူ ရဟန်းတို့ကို၊ကေဗ္ဗဲ တပေါင်းတည်း၊ သန္နိပါတေတဗ္ဗာ စည်းဝေးစေအပ် ကုန်၏။ ဆန္ဒာရဟာနံ

ဆန္ဒထိုက်ကုန်သော၊ ဘိက္ခုနီ ရဟန်းတို့၏၊ ဆန္ဒော ဆန္ဒကို၊ အာဟာရ ပေတဗ္ဗော ဆောင်စေအပ်၏။

ဂါမခေတ် တခုတည်း၌ ကျောင်းတိုက်အများ ရှိသည်ဖြစ်၍ ၎င်းအတွင်း၌ တည်ရှိသော ကျောင်းတိုက်များ၌ ဖွဲ့ပြီး သိမ်ရှိ,မရှိ၊ ရှိလျှင် ၎င်းသိမ်များ အတွင်း၌ ရဟန်းများနေစေရမည်။ ဖွဲ့ပြီးသိမ် မရှိသော ကျောင်းတိုက်ရှိ ရဟန်းများဆန္ဒကို ဆောင်ရမည်ဟု **အဋ္ဌကထာဆရာ**,ဆိုလိုသည်။

အမှာ ။ကျောင်း တိုက်တာများသော မြို့ကြီးများ၌ ထိုသိမ် မျိုး ဖြစ်တတ်သဖြင့် အဋ္ဌကထာတွင် လာသည့်အတိုင်း အပြည့် အစုံ ဖော်ပြလိုက်ပါသည်။

## (၂) ဂါမခေတ် နယ်သိမ်း သိမ်သမုတ်ပုံ

တပါးကုန်သော ဂါမခေတ်တို့ကိုလည်း အတွင်း၌ ပြုလိုကြကုန်သည် ဖြစ်အံ့၊ ထိုရွာတို့၌ နေကုန်သော ရဟန်းတို့ကိုလည်း သိမ်သမုတ်ရာဌာနသို့ လာစေအပ်ကုန်၏။ မလာကြကုန်သော ရဟန်းတို့အား ဆန္ဒကို တောင်းရာ၏။ (ဂါ) ဆောင်ရာ၏။ ဤသို့ မဟာသုမ မထေရ် ဆို၏။

မဟာပဒုမ မထေရ်, ဝါဒ၌ အထူးထူးသော ဂါမ ခေတ်တို့ မည်ကုန်သည်မှာ တသီးတခြား ဖွဲ့အပ်ပြီးသော သိမ်နှင့်တူကုန်၏။ ထိုအထူးထူးသော ဂါမခေတ်တို့မှ ဆန္ဒပါရိသုဒ္ဓိသည်မလာ နိမိတ် ၏အတွင်းသို့ ရောက်ကုန်သော ရဟန်း,တို့ သည်သာ လာအပ် ကုန်၏။ ဤသို့ ဆိုပြီး၍ နောက်တဖန်–

''သမာနသံဝါသကသီမာ သမ္မန္နနကာလေ အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတိ။ အဝိပ္ပဝါသသီမာ သမ္မန္နနကာလေ ပန အန္တောနိမိတ္တဂ တေဟိ အာဂန္တဗ္ဗံ၊ အနာဂစ္ဆန္တာနံ ဆန္ဒော အာဟရိတဗ္ဗော''ဟု ပြတော်မူပြန်၏။

အနက်ကား။ ။သမာနသံဝါသက သီမာ သမ္မန္နနကာလေ သမာနသံဝါသကသိမ်ကို သမုတ်သောအခါ၌၊ အာဂမနမ္ပိ လာခြင်းသည် လည်းကောင်း၊ အနာဂမနမ္ပိ မလာခြင်းသည် လည်းကောင်း၊ ဝဋ္ဋတိ အပ်၏၊ ပန အဖို့ဘပါးကို ဆိုဦးအံ့၊ အဝိပ္ပဝါသသီမာသမန္နနကာလေ အဝိပ္ပဝါသ သိမ်ကို ကံဆောင်နေသောအခါ၌၊ အန္တော နိမိတ္တဂတေဟိ နိမိတ်အတွင်းသို့ ရောက်ကုန်သော၊ ဘိက္ခူဟိ ရဟန်းတို့သည်၊ အာဂန္တဗ္ဗံ လာအပ်၏။ အနာဂစ္ဆန္တာနံ မလာကုန်သော၊ ဘိက္ခူနံ ရဟန်းတို့၏။ ဆန္ဒော ဆန္ဒကို၊ အာဟရိတဗ္ဗော ဆောင်အပ်၏၊ ဣတိ ဤသို့ အ ာဟ ဆို၏။

ဤသို့ ရဟန်းတို့ အညီအညွတ် စည်းဝေးကြကုန် ပြီးသည် ရှိသော် ဆန္ဒကို ပေးခြင်းငှာ ထိုက်ကုန်သော ရဟန်း တို့၏ ဆန္ဒကို ဆောင်ပြီးသည် ရှိသော် ထိုထို သို့သော ခရီးကို လည်းကောင်း၊ မြစ်ဆိပ်,ရွာ၏ တံခါး,စသည်တို့၌ လည်းကောင်း၊ ညှိသည် ဖြစ်သော အာဂန္တုက ရဟန်းတို့ကို လျင်စွာ လျင်စွာ ဟတ္ထပါသ်သို့ ဆောင်ခြင်းကို လည်းကောင်း၊သိမ်၏အပဌပြုခြင်း လည်းကောင်း၊ အာရုမ်စောင့် တို့ကို လည်းကောင်း၊ သာမဏေ တို့ကိုလည်းကောင်း အစောင့်ထားကြ ကုန်ပြီးလျှင် နိမိတ်ကိုကြားပြီးသည်

အဆုံး၌ "သုဏာတု မေ ဘန္တေ သံဃော" အစရှိသော ကမ္မဝါစာဖြင့် ဗဒ္ဓသိမ်ကို ဖွဲ့ရာ၏။ ကမ္မဝါစာ၏ အဆုံး၌သာလျှင် နိမိတ်တို့ကို အပဉ္စပြု၍အောက်၌ မြေကိုခံသော ရေလျှင် အပိုင်းအခြားကိုပြု၍ သိမ်သည် အောက်သို့ သက်လေသတည်း။

ဤသမာနသံဝါသက သိမ်ကို သမုတ်ကြကုန်သော ရဟန်းတို့သည်၊ ပဗ္ဗဇ္ဇကံ ဥပသမ္ပဒကံ အစရှိသော သံဃကံ တို့ကို ချမ်းသာစွာပြုခြင်းငှာ၊(ဝါ)ပြုလွယ်စေခြင်းငှာ ရှေးဦးစွာ ခဏ္ဍသိမ်ကိုဖွဲ့ရာ၏။ ထိုခဏ္ဍသိမ်ကို ဖွဲ့ကြကုန်သော ရဟန်းတို့သည် ပြုအပ်သော ဝတ်ကို သိစေအပ်၏။ ဗောဓိ စေတီ ဆွမ်းစားဇရပ် အစရှိသော ခပ်သိမ်းသော ဝတ္တုတို့ကို တည်စေပြီးကုန်၍ ပြုအပ်ပြီးသော ကျောင်း၌ ခဏ္ဍသိမ်ကို ဖွဲ့ကုန်အံ့၊ ကျောင်း၏အလယ်၌ များစွာကုန်သော သူတို့၏ စည်းဝေးသက်ရောက်ရာ အရပ်၌ မဖွဲ့ကုန်မူ၍ ကျောင်း၏အစွန် ဆိတ်ငြိမ်ရာ အရပ်၌ ဖွဲ့ရာ၏။

> ဣမံ ပန သမာနသံဝါသကသီမံ သမ္မန္နန္တေဟိ ပဗ္ဗဇ္ဇူပသမ္ပဒါဒီနံ သံဃကမ္မာနံ သုခကရဏတ္ထံ ပဌမံ ခဏ္ဍသီမာ ဗန္ဓိတဗ္ဗာ။ တံပန ဗန္ဓန္တေဟိ ဝတ္တံ ဇာနိတဗ္ဗံ၊ သစေ ဟိ ဗောဓိစေတိယဘတ္တသာလာဒီနိ သဗ္ဗဝတ္ထူနိ ပတိဋ္ဌာပေတွာ ကတဝိဟာရေ ဗန္ဓန္တိ၊ဝိဟာရမဇ္ဈေ ဗဟူနံ သမောသရဏဋ္ဌာနေ အဗန္ဓိတွာ ဝိဟာရပစ္စန္တေ ဝိဝိတ္တောကာသေ ဗန္ဓိတဗ္ဗာ။
>
> (ၡင်းအဋ္ဌကထာ နှာ-၃၊၃)

ပန ဆက်၍ဆိုဦးအံ့၊ ဣမံ သမာန သံဝါသကသီမံ ဤသမာနသံဝါသကသိမ်ကို၊ သမ္မန္နန္တေဟိ သမုတ်ကြကုန်သော၊ ဘိက္ခူဟိ

ရဟန်းတို့သည်၊ ပဗ္ဗဇ္ဇုပသမ္ပဒါဒီနံ ပဗ္ဗဇ္ဇကံ ဥပသမ္ပဒကံ အစရှိကုန်သော၊သံဃတမ္မာနံ သံဃာ့ကံတို့ကို၊သုခကရဏတ္ထံ ချမ်းသာသဖြင့် ပြုခြင်းငှာ (ဝါ)ပြုလွယ် စေခြင်းငှာ၊ ပဌမံ ရှေ့ဦး စွာ၊ ခဏ္ဍသီမံ ခဏ္ဍသိမ်ကို၊ ဗန္ဓိတဗ္ဗာ ဖွဲ့အပ်ကုန်၏၊ပန ဆက်ဦးအံ့၊တံ ခဏ္ဍသီမံ ထိုခဏ္ဍာသိမ်ကို၊ ဗန္ဓန္တေဟိ ဖွဲ့ကြကုန်သော ဘိက္ခူဟိ ရဟန်းတို့သည်၊ ဝတ္တံ ပြုဖွယ်ဝတ်ကို၊ ဇာနိတဗ္ဗံ သိအပ်၏၊ ဟိတံ သဒ္ဒေပံ ဝိတ္ထာရိသာမိ ထိုသဒ္ဒေပ စကားကို ချဲ့ဦးအံ့၊ ဗောဓိစေတိယ သလာဒိနိ ဗောဓိ စေတီ ဆွမ်းစားရာ ဇရပ် အစရှိကုန်သော၊ သဗ္ဗဝတ္ထူနိ ခပ်သိမ်းသော ဝတ္ထုတို့ကို၊ ပတိဋ္ဌာပေတွာ တည်စေကုန်ပြီး၍၊ ကတဝိဟာရေ ပြုအပ်ပြီးသော ကျောင်း၌၊ သီမံ ခဏ္ဍသိမ်ကို၊ ဗန္ဓန္တိ ဖွဲ့ကုန်အံ့၊ ဝိဟာရမဇ္ဈေ ကျောင်း၏ အလယ်၌၊ဗဟူနံ များစွာကုန်သောသူတို့၏၊ သမော သရဏဋ္ဌာနေ စည်းဝေးသက်ရောက်ရာ အရပ်၌။အဗန္ဓိတွာ မဖွဲ့ကုန်မူ၍၊ဝိဟာရပစ္စန္တေ ကျောင်း၏အစွန်၌ ဝိဝိတ္တောကာသေ ဆိတ်ငြိမ်ရာအရပ်၌၊ဗန္ဓိတဗ္ဗာ ဖွဲ့အပ်ကုန်၏။

သိမ်မသမုတ်သေးသော ကျောင်းတို့၌ ဖွဲ့ကုန်သော ရဟန်းတို့သည်၊ ဗောဓိစေတီ အစရှိကုန်သောဝတ္ထုတို့၏ တည်ရာဌာနကို ကောင်းစွာမှတ်၍ အကြင် အခြင်းအရာအားဖြင့် ခဏ္ဍသိမ်ကို ဖွဲ့လိုကုန်သည်ရှိသော် ဗောဓိစသော ဝတ္ထုတို့၌ တည်စေကုန်သည် ရှိသော် သိမ်သည် ကျောင်း၏ အစွန် ဆိတ်ငြိမ်ရာအရပ်၌ဖြစ်၏၊ ထိုအခြင်းအရာအားဖြင့် ဖွဲ့အပ်၏။ ထိုသိမ်သည် ဟေဋ္ဌိမပရိစ္ဆေဒအားဖြင့်နှစ်ကျိပ် တယောက်သော ရဟန်းတို့ ဆန့်သည် ဖြစ်အံ့ အပ်၏။ထိုအောက် ယုတ်လျော့မူ မအပ်ပေ။ထိုနှစ်ကျိပ်တယောက်

ဆံ့သောသိမ်ထက် အလွန်အားဖြင့် ရဟန်း တထောင်ပင် ဆံ့သော်လည်း အပ်၏။

ထိုခဏ္ဍသိမ်ကိုဖွဲ့လိုသောရဟန်းတို့သည်သိမ်အပြင်၏ထက်ဝန်းကျင်မှ နိမိတ်လောက်ကုန်သော ကျောက်တို့ကို ထားအပ်ကုန်၏။ ခဏ္ဍသိမ်၌တည်ကုန်သော ရဟန်းတို့သည် မဟာသိမ်ကိုမဖွဲ့အပ်။ ဖွဲ့အပ်သည်မှာ ခဏ္ဍသိမ်၌ပင် တည်ကုန်၍ ခဏ္ဍသိမ်ကိုဖွဲ့ရာ၏။ မဟာသိမ်၌ တည်ကုန်၍ မဟာသိမ်ကိုပင် ဖွဲ့ရာ၏။

## (၃) ခဏ္ဍသိမ်ကို ရှေးဦးစွာဖွဲ့ပြီးမှ မဟာသိမ်ကို နောက်ဖွဲ့ပုံ

ထိုခဏ္ဍသိမ် မဟာသိမ်တို့၌ ဖွဲ့ခြင်း၏ အစီအစဉ်မှာ ထက်ဝန်းကျင် "သောပါသာဏော နိမိတ္တံ" ဟူ၍ နိမိတ်တို့ကိုကြားပြီး၍ ကမ္မဝါစာဖြင့် သိမ်ကို သမုတ်အပ်၏။ ထိုသမုတ်ပြီးသည့်၏ အခြားမဲ့၌ ထိုသမုတ်ပြီးသော သိမ်ကိုသာလျှင် မြဲမြံစွာ ပြုခြင်းငှာ အဝိပ္ပဝါသသီမသမ္မုတိ ကမ္မဝါစာကို ဖတ်ရာ၏။ ထိုသို့ အဝိပ္ပဝါသကမ္မဝါစာကို ပြုအပ်သည် ရှိသော် ငါတို့သည် သမာနသံဝါသကသိမ်ကို နှုတ်ကုန်အံ့ဟု၍ သို့နှလုံးသွင်း၍ လာကုန်သော ရဟန်းတို့သည် နှုတ်ခြင်းငှာ မစွမ်းနိုင်ကုန်သည် ဖြစ်အံ့၊ သိမ်ကို သမုတ်ကုန်ပြီးသည် ဖြစ်၍ အပ၌ သိမ်အကြား ဖြစ်ကုန်သော သီမန္တရိက် ကျောက်တို့ကို ထားအပ်ကုန်၏။ သီမန္တရိက်သည် အနိမ့်ဆုံးအစွန်အားဖြင့် တတောင် အတိုင်း အရှည် ရှိလျှင် အပ်၏။ တထွာ အတိုင်း အရှည် ရှိလျှင်လည်း အပ်၏ဟု ကုရုန္ဒီ

အဋ္ဌကထာ ဆရာဆို၏။ လက်လေးသစ် အတိုင်းအရှည် ရှိသော်လည်း အပ်၏ဟု မဟာပစ္စရိအဋ္ဌကထာ ဆရာ အဆို ရှိတော်မူ၏။

ကျောင်းသည် များသည်ဖြစ်အံ့၊ နှစ်ခုသော ခဏ္ဍသိမ်တို့ကိုလည်းကောင်း၊ သုံးခုသော ခဏ္ဍသိမ်တို့ကိုလည်းကောင်း၊ ထိုနှစ်ခုသုံးခုကုန်သော ခဏ္ဍသိမ်တို့ထက်လွန်၍ များစွာသော ခဏ္ဍသိမ်တို့ကို လည်းကောင်း ဖွဲ့အပ်၏။ **ဥပမာ-** ဘုရားကြီးတိုက်တွင်းရှိ သိမ်များကဲ့သို့....

သစေ ပန ဝိဟာရော မဟာ ဟောတိ၊ ဒွေပိ တိဿောပိ တတုတ္တရိပိ ခဏ္ဍသီမာယော ဗန္ဓိတဗ္ဗာ။

(ဋ္ဌင်းအဋ္ဌကထာ၊ နှာ-၃၂၄)

ပန ဆက်ဦးအံ့၊ ဝိဟာရော ကျောင်းသည်၊ မဟာ များသည်၊ သစေ ဟောတိ အကယ်၍ ဖြစ်အံ့၊ ဧဝံသတိ ဤသို့ဖြစ်သည် ရှိသော်၊ ဒွေ နှစ်ခုကုန်သော၊ ခဏ္ဍသီမာယောပိ ခဏ္ဍသိမ်တို့ကိုလည်းကောင်း၊ တိဿော သုံးခုကုန်သော၊ ခဏ္ဍသီမာယောပိ ခဏ္ဍသိမ်တို့ကို လည်းကောင်း၊ တတော ထိုနှစ်လုံး သုံးလုံးထက်၊ ဥတ္တရိ လွန်သော၊ ခဏ္ဍသီမာယောပိ ခဏ္ဍသိမ်တို့ကိုလည်းကောင်း၊ ဗန္ဓိတဗ္ဗာ ဖွဲ့အပ်ကုန်၏။

**အဓိပ္ပာယ်မှာ။** ။ခဏ္ဍသိမ်တလုံးရှိသော ကျောင်းတိုက်၊မဖွဲ့သေးသော ခဏ္ဍသိမ်ရှိသော ကျောင်းတိုက်၊ ဤကျောင်းတိုက် နှစ်တိုက်လုံးကို သိမ်းကြုံး၍ **မဟာသိမ်**ဖွဲ့ရသည် ဟူ၏။ သုံးတိုက်

လေးတိုက်ရှိသော ကျောင်းများကို သိမ်းကြုံး၍ မဟာသိမ်ဖွဲ့လိုလျှင် ခဏ္ဍသိမ်နေရာကို ချန်လှပ်၍ မဟာသိမ်ကို သမုတ်ရသည်။ ဤသို့ခဏ္ဍသိမ့်ကို သမုတ်ကုန်ပြီး၍ မဟာသိမ့်ကို သမုတ်သောအခါ၌ ခဏ္ဍသိမ်မှ ထွက်ကုန်၍ မဟာသိမ်၌ တည်ကုန်ပြီးလျှင် ခဏ္ဍသိမ်၏ ပတ်ဝန်းကျင်မှ အစဉ်အားဖြင့် ခဏ္ဍသိမ်ကို လည်ကြကုန်သည်ဖြစ်၍ သီမန္တရိက်ကျောက်တို့ကို ကြားအပ်ကုန်၏၊ ထိုသို့ကြားပြီးသည်မှ နောက်ကာလ၌ သီမန္တရိက် ကျောက်တို့မှ ကြွင်းကုန်သောမဟာသိမ်၏ နိမိတ်တို့ကိုကြား၍ ဟတ္ထပါသ် မစွန့်ကုန်မူ၍ ကမ္မဝါစာဖြင့် သမာနသံဝါသကသိမ်ကို သမုတ်ကုန်၍ ထိုသမာနသံဝါသကသိမ် တို့၏ မြဲမြန် စေခြင်းငှာ အဝိပ္ပဝါသ သီမသမ္မုတိ ကမ္မဝါစာကိုလည်း ပြုရာ၏။

တဿာ ဒဠှီကမ္မတ္ထံ အဝိပ္ပဝါသကမ္မဝါစာပိ ကာတဗ္ဗာ။

(ၡင်း အဋ္ဌကထာ)

တဿာ ထို သမာနသံဝါသက သိမ်၏၊ ဒဠှီကမ္မတ္ထံ မြဲမြန်စေခြင်းငှာ၊ အဝိပ္ပဝါသ ကမ္မဝါစာပိ အဝိပ္ပဝါသသီမသမ္မုတိ ကမ္မဝါစာကိုလည်း၊ ကာတဗ္ဗာ ပြုအပ်ကုန်၏။

— ၀ —

# အခန်း ၃

## (၁) ကျောက်ဖျာ၏ မျက်နှာပြင်၌ သိမ်ဖွဲ့ပုံ

သိမ်တို့မည်သည် သက်သက်သော မြေ၏ အပြင်၌သာလျှင် ဖွဲ့အပ်သည် မဟုတ်သေး ကျောက်ဖျာ၌ လည်းကောင်း၊ မြေ၌ ပြုအပ်သော မြက်ကုဋိ၌ လည်းကောင်း၊ လိုဏ်၌ လည်းကောင်း၊ ပြာသာဒ်၌ လည်းကောင်း၊ တောင်ထိပ်၌ လည်းကောင်း ဖွဲ့လိုက ဖွဲ့နိုင်၏။ ထိုကျောက်ဖျာ အစရှိသည်တို့တွင် ကျောက်ဖျာ၌ဖွဲ့ကုန်သော ရဟန်းတို့သည် ကျောက်ဖျာထက်၌ အရေး အကြောင်း အမှတ်အသားကိုထု၍ (ဝါ) ဆတ်၍ ဖြစ်စေ၊ ဆုံနှင့် တူသော တွင်းကိုဖြစ်စေ ထွင်း၍ မပြုအပ်ပေ။

နိမိတ္တုပဂဖြစ်၍ နိမိတ်လောက်သော ကျောက်တို့ကိုထား၍ ကြားအပ်၏။ ကမ္မဝါစာ၏ အဆုံး၌ သိမ်သည် မြေကိုခံသော ရေလျှင်အဆုံးရှိသော အပိုင်းအခြားသို့ ရောက်အောင်သက်၏။

ပိဋ္ဌိပါသာဏေ ဗန္ဓန္တေဟိ ပါသာဏပိဋ္ဌိယံ ရာဇိ ဝါ ကောဋ္ဋေတွာ ဥဒုက္ခလံ ဝါ ခဏိတွာ နိမိတ္တံ န ကာတဗ္ဗံ။ နိမိတ္တုပဂပါသာဏေ ဌပေတွာ နိမိတ္တာနိ ကိတ္တေတဗ္ဗာနိ။ ကမ္မဝါစာပရိယောသာနေ သီမံ ပထဝီ သန္ဓာရကံ ဥဒကံ ပရိယန္တံ ကတွာ ဩတရတိ။

(၎င်းအဋ္ဌကထာ)

ပိဋ္ဌိပါသာဏေ ကျောက်ဖျာ၌၊ ဗန္ဓန္တေဟိ ဖွဲ့ကုန်သော ဘိက္ခူဟိ ရဟန်းတို့သည်၊ ပါသာဏ ပိဋ္ဌိယံ ကျောက်ဖျာအပြင်၌

ချဇိံ ဝါ အရေးအသားကို လည်းကောင်း၊ ကောဋ္ဌေတွာ ဆတ်၍
ဝါ၊ ထု၍၊ ဥဒုက္ခလံဝါ ဆုံကိုလည်းကောင်း၊ ဝါ၊ ဆုံနှင့်တူသော
တွင်းကိုလည်းကောင်း၊ ခဏိတွာ တူး၍၊ နိမိတ္တံ နိမိတ်ကို၊ နကာတဗ္ဗံ၊
မပြုအပ်၊ နိမိတ္တုပဂပါသာဏေ နိမိတ် လောက် ကုန် သော
ကျောက်တို့ကို၊ ဌပေတွာ ထားကုန်၍၊ နိမိတ္တာနိ နိမိတ်တို့ကို၊
ကိတ္တေတဗ္ဗာနိ ကြားအပ်ကုန်၏၊ ကမ္မဝါစာ ပရိယောသာနေ
ကမ္မဝါစာ၏ အဆုံး၌၊ သီမာ သိမ်သည်၊ ပထဝီသန္ဓာရကံ မြေကိုခံ
သော၊ ဥဒကံ ရေကို၊ ပရိယန္တံ အပိုင်းအခြားကို၊ ကတွာ ပြု၍၊
ဩတရတိ သက်၏။

## (၂) နံရံအတွင်း၌ နိမိတ်ထား၍ ကြားပုံ

ကုဋိဂေဟာဖြစ်သော မြေ၌ ဖွဲ့ကုန်သော ရဟန်းတို့သည်၊ နံရံကို
မကြားကုန်မူ၍ နှစ်ကျိပ်တယောက်သော ရဟန်းတို့၏ တည်ရာ
ဖြစ်သော အရပ်ကို အတွင်းပြု၍ ကျောက်နိမိတ်တို့ကို ထား၍ သိမ်ကို
သမုတ်ရာ၏၊ သိမ်သည် နံရံ၏အတွင်း၌သာ ဖြစ်၏၊

ကုဋ္ဋဂေဟေပိ ဗန္ဓန္တေဟိ ဘိတ္တိံ အကိတ္တေတွာ ဧကဝီသတိယာ
ဘိက္ခူနံ ဩကာသဋ္ဌာနံ အန္တော ကရိတွာ ပါသာဏ နိမိတ္တာနိ
ဌပေတွာ သီမာ သမ္မန္နိတဗ္ဗာ၊ အန္တောကုဋ္ဋေဝ သီမာ ဟောတိ။
(ရင်းအဋ္ဌကထာ။ နှာ-၃၂၅)

ကုဋ္ဋဂေဟေပိ မြေအိမ်၌လည်း၊ ဗန္ဓန္တေဟိ ဖွဲ့ကုန်သော၊ ဘိက္ခူ
ရဟန်းတို့သည်၊ ဘိတ္တိံ နံရံကို၊ အကိတ္တေတွာ မကြားကုန်မူ၍၊
ဧကဝီသတိယံ နှစ်ကျိပ်တယောက် ကုန်သော၊ ဘိက္ခူနံ ရဟန်း

တို့၏၊ ဩကာသဌာနံ တည်ရာဖြစ်သော အရပ်ကို၊ အန္တော အတွင်း၌၊ ကရိတွာ ပြုကုန်၍၊ ပါသာဏ နိမိတ္တာနိ ကျောက်နိမိတ် တို့ကို၊ ဌပေတွာ ထား၍၊ သီမာ သိမ်ကို၊ သမ္မန္နိတဗ္ဗာ သမုတ်အပ် ကုန်၏၊ အန္တောကုဋ္ဋမေဝ နံရံအတွင်း၌သာလျှင်၊ သိမာ သိမ်သည်၊ ဟောတိ ဖြစ်၏။

ဤသို့ဖြင့် နှစ်ကျိပ်တယောက်သော သံဃာတို့မလောက်သည် ဖြစ်အံ့၊ အပ၌ သန့်စက်ရေ၏ ကျရာအရပ်၌လည်း (ဝါ) တံစက် မြိတ်ရေ၏ ကျရာအရပ်၌လည်း နိမိတ်တို့ကိုထား၍ သမုတ်အပ် ကုန်၏။

သစေအန္တောကုဋ္ဋေ ဧကဝီသတိယာ ဘိက္ခူနံ ဩကာသော နတ္ထိ၊ ပမုခေ နိမိတ္တပါသာဏေ ဌပေတွာ သမ္မန္နိတဗ္ဗာ။

(ရှင်း အဋ္ဌကထာ။)

အန္တောကုဋ္ဋေ နံရံ၏ အတွင်း၌၊ ဧကဝီသတိယာ နှစ်ကျိပ် တယောက် ကုန်သော၊ ဘိက္ခူနံ ရဟန်းတို့၏၊ ဩကာသော တည်ရာသည်၊ သစေနတ္ထိ အကယ်၍မရှိအံ့၊ ပမုခေ အဦး၌၊ နိမိတ္တ ပါသာဏေ နိမိတ်လောက်သောကျောက်တို့ကို၊ဌပေတွာထား၍၊ သမ္မန္နိတဗ္ဗာ သမုတ်အပ်ကုန်၏။

ပမုခေ နိမိတ္တပါသာဏေဌပေတွာတိ ဂဗ္ဘာဘိမုခေပိဗဟိပမုခေ ဂဗ္ဘဝိတ္ထာရပ္ပမာဏေ ဌာနေပါသာဏေ ဌပေတွာ သမ္မန္နိတဗ္ဗာ။

(ဝိမတိ ဝိနောဒနီဋီကာ နှာ ၁၄၄)

# (၃) နံရံလေးခုရှိသော စတုဘိတ္တိယလိုဏ်ဒွင့်ဖွဲ့ပုံ

စတုဘိတ္တိယ လေဏေပိ ဗန္ဓန္တေဟိ ကုဋ္ဋံ အကတွေတွာ ပါသာဏာဝ ကိတ္တေတဗ္ဗာ။

(ရှင်းအဋ္ဌကထာ)

စတုဘိတ္တိယလေဏေပိ လေးဘက် နံရံရှိသော လိုဏ်ဒွ်လည်း၊ ဗန္ဓန္တေဟိ ဖွဲ့ကုန်သော၊ ဘိက္ခုဟိ ရဟန်းတို့သည်၊ ကုဋ္ဋံ နံရံကို အကတွေတွာ မကြားကုန်မူ၍၊ ပါသာဏာဝ ကျောက်တို့ကို သာလျှင်၊ ကိတ္တေတဗ္ဗာ ကြားအပ်ကုန်၏။

ဆိုအပ်ခဲ့ပြီးသော စတုဘိတ္တိယလိုဏ်ဝယ်အတွင်း၌ နှစ်ကျိပ် တယောက်သော ရဟန်းတို့နေခြင်းငှာ မဆံ့လျှင် အဦး၌ နိမိတ် ထား၍ ကြားရမည်၊

သစေ အန္တော ဩကာသော နပ္ပဟောတိ ပမုခေပိ နိမိတ္တာနိ ဌပေ တဗ္ဗာနိ။

(ရှင်းအဋ္ဌကထာ။)

အန္တော အတွင်း၌၊ ဩကာသော တည်ရာသည်၊ သစေနပ္ပဟောတိ အကယ်၍ မရှိခဲ့သော်၊ ပမုခေပိ အဦး၌လည်း၊ နိမိတ္တာနိ နိမိတ်တို့ကို၊ ဌပေတဗ္ဗာနိ ထားအပ်ကုန်၏။

အကယ်၍ မလောက်သည် ဖြစ်အံ့၊အပ၌ ရေတံစက်မြိတ်ကျရာ အရပ်၌လည်း ကျောက်တို့ကိုထားလျက်နိမိတ်တို့ကိုကြား၍သမုတ် အပ်ကုန်၏။ ဤသို့သမုတ်အပ်သော သိမ်သည် လိုဏ်၏အတွင်း၌ လည်းကောင်း၊ အပ၌လည်းကောင်း ဖြစ်၏။

သစေနပ္ပဟောတိဗဟိ နိဗ္ဗောဒကပတနဋ္ဌာနေပိ နိမိတ္တပါသာဏေ ဌပေတွာ နိမိတ္တာနိ ကိတ္တေတွာ သိမာ သမ္မန္နိတဗ္ဗာ။ ဧဝံ လေဏဿ အန္တောစ ဗဟိစ သိမာ ဟောတိ။

(ဋ္ဌင်းအဋ္ဌကထာ။)

သစေ နပ္ပဟောတိ အကယ်၍ မလောက်အံ့၊ဗဟိ အပ၌၊နိဗ္ဗော ဒက ပတနဋ္ဌာနေပိ ရေတံစက်မြိတ် ကျရာအရပ်၌လည်း၊ နိမိတ္တ ပါသာဏေ နိမိတ် လောက်သော ကျောက်တို့ကို၊ ဌပေတွာ ထား၍၊ နိမိတ္တာနိ တို့ကို၊ ကိတ္တေတွာ ကြား၍၊ သိမာ ကို သမ္မန္နိ တဗ္ဗာ သမုတ်အပ်ကုန်၏၊ ဧဝံ ဤသို့၊ သမ္မတာ သမုတ်အပ်သော၊ သိမာ သိမ်သည်၊ လေဏဿ လိုဏ်၏၊ အန္တောစ အတွင်း၌ လည်း ကောင်း၊ ဗဟိစ အပ၌လည်းကောင်း၊ ဟောတိ ဖြစ်၏၊

## (၄) ပြာသာဒ်၏အထက်၌ နိမိတ်ကြားပုံ

ပြာသာဒ်၏ အထက်၌လည်း နံရံကို မကြားမူ၍ ပြာသာဒ်၏ အတွင်းတို့ကိုထား၍ သိမ်ကို သမုတ်ရာ၏၊ အကယ်၍ မလောက် သည်ဖြစ်အံ့၊ ပြာသာဒ်၏အဦး၌ ကျောက်တို့ကို ထား၍ သမုတ် ရာ၏၊

ဥပရိပါသာဒေပိ ဘိတ္တိံ အကိတ္တေတွာ အန္တောပါသာဏေ ဌပေတွာ သိမာ သမ္မန္နိတဗ္ဗာ သစေ နပ္ပဟောတိ၊ ပမုခေပိ ပါသာဏေ ဌပေတွာ သမ္မန္နိတဗ္ဗာ ဧဝံ သမ္မတာ ဥပရိပါသာဒေ ယေဝ ဟောတိ ဟေဋ္ဌာ နသြတရတိ။

(ဋ္ဌင်းအဋ္ဌကထာ။)

ဥပရိပါသာဒေပိ ပြာသာဒ်၏အထက်၌လည်း၊ ဘိတ္တိံ နံရံကို၊
အကိတ္တေတွာ မကြားမူ၍၊အန္တောပါသာဏေ ပြာသာဒ်၏အတွင်း
တို့ကို၊ ဌပေတွာ ထား၍၊ သီမာ သိမ်ကို၊ သမ္မန္နိတဗ္ဗာ သမုတ်အပ်
ကုန်၏၊ သစေနပ္ပဟောတိ အကယ်၍ မလောက်သည်ဖြစ်အံ့၊ ပမု
ခေပိ ပြာသာဒ်၏အဦး၌လည်း၊ ပါသာဏေ ကျောက်တို့ကို၊ ဌပေ
တွာ ထား၍၊ သမ္မန္နိတဗ္ဗာ သမုတ်အပ်ကုန်၏၊ဧဝံ ဤသို့၊ သမ္မတာ
သမုတ် အပ်သော၊ သီမာ သိမ်သည်၊ ဥပရိပါသာဒေယေဝ
ပြာသာဒ်၏ အထက်၌သာလျှင်၊ ဟောတိဖြစ်၏၊ ဟေဋ္ဌာ အောက်
သို့၊ နဩတရတိ မသက်ရောက်ပေ၊

များစွာသော သီ,တိုင်ထုတ်လျှောက်တို့၏ အထက်၌ ပြုအပ်
သောပြာသာဒ်၏ အောက်၌ဖြစ်သော အပြင်၌ နံရံသည် အကြင်
အခြင်း အရာအားဖြင့် တက်သည်ရှိသော် နိမိတ်တို့၏ အတွင်း၌
ဖြစ်၏၊ ထိုအခြင်းအရာအားဖြင့် တက်၍ ထုတ်လျှောက်သစ်သား
တို့နှင့် တစပ်တည်းဖြစ်၍ တည်သည်ဖြစ်အံ့၊ အောက်သို့သက်၏။

သစေ ပန ဗဟူသု ထမ္ဘေသု တုလာနံ ဥပရိ ကတပါသာဒဿ
ဟေဋ္ဌိမတလေ ကုဋ္ဋောယထာ နိမိတ္တာနံ အန္တောဟောတိ၊ ဧဝံ ဥဋ္ဌ
ဟိတွာ တုလာရုက္ခေဟိ ဧကသမ္ဗန္ဓော ဌိတော ဟေဋ္ဌာပိ ဩတရတိ။

(ရင်းအဋ္ဌကထာ၊ စာမျက်နှာ-၃၂၅။)

ပန မသက်သည်မှတပါး သက်သည်ကို ဆိုဦးအံ့၊ ဗဟူသု
များစွာ ကုန်သော၊ ထမ္ဘေသု သီ,တိုင်တို့၌၊ တုလာနံ ထုတ်
လျှောက်တို့၏၊ ဥပရိ အထက်၌၊ ကတပါသာဒဿ ပြုအပ်သော
ပြာသာဒ်၏၊ ဟေဋ္ဌိမတလေ အောက်အပြင်၌၊ ကုဋ္ဋော နံရံသည်၊

ယထာယေန အာကာရေန အကြောင်းအခြင်းအရာအားဖြင့်၊ ဥဋ္ဌ်ိ တောတက်သည် ရှိသော်၊နိမိတ္တာနိ နိမိတ်တို့၏၊အန္တော အတွင်း၌၊ ဟောတိ ဖြစ်၏၊ ဧဝံ တထာတေန အာကာရေန ထိုအခြင်း အရာ အားဖြင့်၊ ဥဋ္ဌဟိတွာ တက်၍၊ တုလာရုက္ခေဟိ ထုတ်လျှောက် သစ်သားတို့ဖြင့်၊ ကေသမဒ္ဒွာ တစပ်တည်း စပ်သည်၊ ဟု တွာ ဖြစ်၍၊ ဌိတော တည်ရှိသည်၊ သစေ ဟောတိ အကယ်၍ဖြစ်အံ့၊ ဟေဋ္ဌာပိ အောက်သို့လည်း၊ ဩတရတိ သက်၏။

ဟေဋ္ဌာ ပိ ဩတရတိတိ စတုန္နမ္ပိ ဘိတ္တီနံ အန္တောဘိတ္တိဟိ သဟ ကေဝိသတိယာ ဘိက္ခုနံပဟောနကတ္တာ စုတ္တံ။

နံရံလေးဘက်ကျ ဖြစ်၍ နှစ်ကျိပ် တယောက်သော ရဟန်းတို့ နေခြင်းငှာ ဆံ့မှသာ အောက်သို့ သက်သည်ဟု ဝိမတိဋီကာ, ဆရာဆို၏။

ဟေဋ္ဌိမတလေ ကုဋ္ဋောတိ ဟေဋ္ဌိမတလေ တေူသု ဒိသာသု ဋ္ဌိတကုဋ္ဋော။ သစေ ဟိ ဒွိသု,တီသု ဝါ ဒိသာသု ဧဝ ကုဋ္ဋော တိဋ္ဌေယျ၊ ဟေဋ္ဌာ နဩတရတိ။

(ဝိမတိဋီကာ၊ နှာ-၁၄၅။)

ငှင်း ဝိမတိဋီကာဆရာ အလိုမှာ အောက်သို့ နံရံသည် နှစ်ဘက် သုံးဘက်သာ အောက်နံရံနှင့်ထိလျှင် အောက်သို့ သိမ်မသက်ဟု ပြတော်မူ၏။ သီတိုင် တလုံးတည်းရှိသော ပြာသာဒ်၏ အထက်၌ ရှိသော မျက်နှာပြင်၌ ဖွဲ့အပ်သော သိမ်သည် သီတိုင်၏ အထက်၌ နှစ်ကျိပ်တယောက်သော ရဟန်းတို့နေခြင်းငှာ ဆံ့လောက်သည် ဖြစ်အံ့ အောက်သို့သက်၏။

ကေထမ္ဘပါသာဒဿ ပန ဥပရိမတလေ ဗဒ္ဓါသီမာ သစေ ထမ္ဘ မတ္ထကေ ကေဝီသတိယာ ဘိက္ခူနံ ဩကာသော ဟောတိ ဟေဋ္ဌာ ဩတရတိ။

(ဂုဏ်းအဋ္ဌကထာ စာမျက်နှာ—၃၂၅)

ပန အဖွင့်တပါးကို ဆိုဦးအံ့၊ ကေထမ္ဘပါသာဒဿ တလုံးတည်းသော သီတိုင်ရှိသော ပြာသာဒ်၏၊ ဥပရိမတလေ အထက်၌ဖြစ်သော အပြင်၌၊ ဗဒ္ဓါ ဖွဲ့အပ်သော၊ သီမာ သိမ်သည်၊ ထမ္ဘမတ္ထကေ သီတိုင်၏အထက်၌၊ ကေဝီသတိယာ နှစ်ကျိပ်တယောက်ကုန်သော၊ ဘိက္ခူနံ ရဟန်းတို့၏၊ ဩကာသော ဆံ့လောက်ရာ အရပ်သည်၊ သစေ ဟောတိ အကယ်၍ဖြစ်အံ့၊ ဟေဋ္ဌာ အောက်သို့၊ ဩတရတိ သက်၏။

ပြာသာဒ်၏နံရံမှ ထွက်ကုန်သော ထုတ်စွန်း၊ လျှောက်စွန်းအစ ရှိသည်တို့၌ ပြာသာဒ်တို့ကိုထား၍ သိမ်ကိုသမုတ်ကုန်အံ့၊ ပြာသာဒ်၏နံရံသည် သိမ်၏အတွင်း၌ ဖြစ်၏။ ထိုသိမ်၏အောက်သို့ သက်ခြင်း မသက်ခြင်းကို ဆိုခဲ့ပြီးသောနည်းဖြင့် သာလျှင် သိအပ်၏။

သစေပါသာဒဘိတ္တိတော နိဂ္ဂတေသု နိယျူဟကာဒီသု ပါသာဒေ ဌပေတွာ သီမံ ဗန္ဓန္တိ ပါသာဒဘိတ္တိအန္တော သီမာယံ ဟောတိ၊ ဟေဋ္ဌာ ပနဿာ ဩတရဏာ နောတရဏံ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။

ပါသာဒဘိတ္တိတော ပြာသာဒ်၏ နံရံမှ၊ နိဂ္ဂတေသု ထွက်ကုန်သော၊ နိယျူဟကာဒီသု ထုတ်စွန်း၊ လျှောက်စွန်း အစရှိသည်တို့၌၊ ပါသာဒေ ကျောက်တို့ကို၊ ဌပေတွာ ထား၍၊ သီမံ သိမ်ကို၊

သစေဗန္ဓန္တိ အကယ်၍ဖွဲ့ကုန်အံ့၊ ပါသာဒဘိတ္တိ ပြာသာဒ်၏နံရံသည်၊ အန္တောသိမာ ယံ သိမ်၏အတွင်း၌၊ ဟောတိ ဖြစ်၏၊ ပန ဂန္တ ဂရုကိုပယ်ဦးအံ့၊ အဿာ သိမာယ ထိုသိမ်၏၊ ဟေဋ္ဌာ အောက်သို့၊ ဩဘရဏာ နောဂရဏံ သက်ခြင်း မသက်ခြင်းကို၊ ဝုတ္တနယေ နေဝ ဆိုခဲ့ပြီးသော နည်းဖြင့်သာလျှင်၊ ဝေဒိတဗ္ဗံ သိအပ်၏။

ဩဘရဏာ နောတရဏံ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗန္တိ သစေ ဟေဋ္ဌာ ကေဝီသတိယာ ဘိက္ခူနံ ဩကာသော ဟောတိ ဩတရတိ နောစေ န ဩတရတီတိ အဓိပ္ပါယော။

(သာရတ္ထဋီကာ၊ နှာ-၂၇၂)

ဩတရဏာ နောတရဏံ ဝုတ္တန ယေ နေဝ ဝေဒိတဗ္ဗန္တိ။ ။ ဝေဒိတဗ္ဗံ ဟူသောပုဒ်၏၊ ကေဝီသတိယာ နှစ်ကျိပ် တယောက် ကုန်သော၊ ဘိက္ခူနံ ရဟန်းတို့၏၊ ဩကာသော တည်ရာနေရာ အချပ်သည်၊ သစေဟောတိ အကယ်၍ လောက်သည်ဖြစ်အံ့၊ ဩဘရတိ အောက်သို့သက်၏၊ ကေဝီသတိယာ နှစ်ကျိပ်တယောက် ကုန်သော၊ ဘိက္ခူနံ ရဟန်းတို့၏၊ ဩကာသော တည်ရာနေရာသည်၊ နောစေ ဟောတိ အကယ်၍မလောက်သည် ဖြစ်အံ့၊ နဩရတိ အောက်သို့ မသက်သည်သာတည်း၊ ဣတိ အယံ၊ ကား၊ အဓိပ္ပာယော အလို ရှိအပ်သောအဓိပ္ပာယ်တည်း။

## (၅) နံရံ၌ကပ်သော ကျောက်တို့ကို ကြားခြင်း

ပြာသာဒ်၏ အထက်၌ ကြားကုန်သော ရဟန်းတို့သည်လည်း အုဘ်ဖြင့်ပြီးသော နံရံကိုလည်းကောင်း၊ သစ်ဖြင့်ပြီးသော နံရံကို

လည်းကောင်း၊ သစ်ဖြင့်ပြီးသော သိတိုင်တို့ကို လည်းကောင်း မကြားအပ်ကုန်။ နံရံ၌ ကပ်ကုန်သော ကျောက်ဖြင့် ပြီးသော သိတိုင်တို့ကို ကြားခြင်းငှာ အပ်၏။

ဤသို့ ကြားပြီးသောသိမ်သည် ပြာသာဒ်၏ အောက်၌ အစွန်း ဖြစ်သော သိတိုင်တို့၏အတွင်း၌သာလျှင် ဖြစ်၏။

ဟေဋ္ဌာပါသာဒေ ကိတ္တေန္တေဟိပိ ဘိတ္တိ စ ရုက္ခထမ္ဘာစ နကိတ္တေတဗ္ဗာ။ ဘိတ္တိလဂ္ဂေ ပန ပါသာဏထမ္ဘေ ကိတ္တေတုံ ဝဋ္ဋတိ။ ဧဝံကိတ္တိတာ သီမာ ဟေဋ္ဌာပါသာဒဿ ပရိယန္တထမ္ဘာနံ အန္တောယေဝ ဟောတိ။

(ဋီကာအဋ္ဌကထာ စာမျက်နှာ ၃၂၅)

ဟေဋ္ဌာပါသာဒေ ပြာသာဒ်၏အောက်၌၊ ကိတ္တေန္တေဟိ ကြားကုန်သော၊ ဘိက္ခူဟိပိ ရဟန်းတို့သည်လည်း၊ ဘိတ္တိ စ အုတ်ဖြင့် ပြီးသော သစ်ဖြင့် ပြီးသော နံရံကိုလည်းကောင်း၊ ရုက္ခထမ္ဘာစ သစ်ဖြင့်ပြီးသော သိတိုင်ကိုလည်းကောင်း၊ နကိတ္တေတဗ္ဗာ မကြား အပ်ကုန်။

ပန အဘိုတပါးကို ဆိုဦး အံ့။ ဘိတ္တိလဂ္ဂေ နံရံ၌ကပ်ကုန်သော၊ ပါသာဏထမ္ဘေ ကျောက်ဖြင့် ပြီးကုန်သော သိတိုင်တို့ကို၊ ကိတ္တေတုံ ကြားခြင်းငှါ၊ ဝဋ္ဋတိ။ အပ်၏၊ ဧဝံ ဤသို့၊ ကိတ္တိတာ ကြားသော၊ သီမာ သိမ်သည်၊ ပါသာဒဿ ပြာသာဒ်၏၊ ဟေဋ္ဌာ အောက်၌၊ ပရိယန္တထမ္ဘာနံ အစွန်း၌ဖြစ်ကုန်သော သိတိုင်တို့၏၊ အန္တောယေဝ အတွင်း၌သာလျှင်၊ ဟောတိ ဖြစ်၏။

အောက်သို့ သက်သည်မှတပါး အထက်သို့ တက်သည်မှာ ပြာသာဒ်၏ အောက်၌ နံရံသည် အထက်၌ဖြစ်သော အပြင်နှင့် စပ်သည်ဖြစ်အံ့ ပြာသာဒ်၏ အထက်သို့လည်း တက်၏။ ပြာသာဒ်၏ အပ၌ သန့်စက်ရေ ကျရာ အရပ်၌ နိမိတ်တို့ကို ပြုကုန်အံ့။ အလုံးစုံသော ပြာသာဒ်သည် သိမ်၏ တည်ရာ ဖြစ်၏။

သစေပန ဟေဋ္ဌာပါသာဒဿ ကုဋ္ဋော ဥပရိမတလေန သမ္ဗဒ္ဓော ဟောတိ၊ ဥပရိပါသာဒမ္ပိ အဘိရုဟတိ။

(ငင်းအဋ္ဌကထာ)

ပန အောက်သို့ သက်သည်မှ တပါး အထက်သို့တက်သည်ကို ဆိုဦးအံ့၊ ပါသာဒဿ ပြာသာဒ်၏၊ ဟေဋ္ဌာ အောက်၌၊ ကုဋ္ဋော နံရံသည်၊ ဥပရိမတလေန အထက်၌ဖြစ်သော အပြင်နှင့်၊ သမ္ဗဒ္ဓော စပ်သည်၊ သစေဟောတိ အကယ်၍ ဖြစ်အံ့၊ ဥပရိပါသာဒမ္ပိ ပြာသာဒ်၏ အထက်သို့လည်း၊ အဘိရုဟတိ တက်၏။

(ဤ၌အဘိရုဟတိ,ဟု ဆိုသော်လည်း သိမဋ္ဌသာ တက်သည်ဟူ၍ ယူရမည်။)

အကယ်၍ သိမ်စစ် တက်ငြားအံ့၊ နောက်ဝါကျ၌ သိမဋ္ဌော ဟု မဆိုရာ၊ ၎င်း နောက်ဝါကျ၌ သဗ္ဗော, ဟူသော ပုဒ်ကို ထောက်၍ ဤဝါကျ၌ နိမိတ်၏ အတွင်းဖြစ်သော အထက်အရပ် တွင်သာ သိမဋ္ဌ ဖြစ်သည်၊ အလုံးစုံ သိမဋ္ဌ မဖြစ်ဟု **အာစရိယဝါဒ**, ရဘူးသည်၊ သိမဋ္ဌသာ ဖြစ်ကြောင်း တစိတ်သာ ဖြစ်သင့်ကြောင်းကို၊ **ဝိမတိ ဝိနောဒနီ ဋီကာ**,၌ ဝါဒများစွာနှင့် ပြဆိုလေသည်။

## (၆) တောင်တို့၌ သမုတ်ခြင်း အမျိုးမျိုး

တောင်၏ထိပ်၌ နှစ်ကျိပ်တယောက်သော ရဟန်းတို့၏ နေရာ ထိုက်သော၊(ဝါ) နေလောက်သော အပြင်သည်ဖြစ်အံ့၊ထိုအပြင် ဖြစ်ရာ ကျောက်ဖျာ၌ သိမ်ကို ဖွဲ့ကုန်သကဲ့သို့ ဖွဲ့ရာ၏။ တောင်၏ အောက်၌လည်း ထိုဖွဲ့ရာ အပိုင်းအခြားဖြင့် သာလျှင် သိမ်သည် သက်၏။

ပဗ္ဗတမတ္ထကေ တလံ ဟောတိ ဧကဝီသတိယာ ဘိက္ခူနံ ပြဟောသာရပ်ဟံ၊ တတ္ထ ပိဋ္ဌိပါသာဏေ ဝိယ သီမံ ဗန္ဓန္တိ၊ ဟေဋ္ဌာပဗ္ဗတေပိ တေနေဝပရိစ္ဆေဒေန သီမာ ဩတရတိ။

(ဂုင်းအဋ္ဌကထာ စာမျက်နှာ ၃၂၆)

ပဗ္ဗတမတ္ထကေ တောင်၏ ထိပ်၌၊ ဧကဝီသတိယာ နှစ်ကျိပ် တယောက်ကုန်သော၊ ဘိက္ခူနံ ရဟန်းတို့၏၊ ဩကာသာရဟံ နေခြင်းငှာ သင့်သော၊ တလံ အပြင်သည်၊ ဝါ၊ အပြန့် သည်၊ ဟောတိ ဖြစ်အံ့၊ တတ္ထတသ္မိံ တလေ ထိုအပြင်၌၊ ပိဋ္ဌိပါသာဏေ ကျောက်ဖျာ၌၊ သီမံ သိမ်ကို၊ ဗန္ဓန္တိဝိယ ဖွဲ့ကုန် သကဲ့သို့၊ သီမံ သိမ်ကို၊ဗန္ဓန္တိ ဖွဲ့ကုန်၏၊ ဟေဋ္ဌာပဗ္ဗတေပိ တောင်၏အောက် ၌လည်း၊ တေနေဝပရိစ္ဆေဒေန ထိုဖွဲ့သော အပိုင်းအခြားဖြင့်သာ လျှင်၊ သီမာ သိမ်သည်၊ ဩတရတိ သက်၏။

## (၇) ထန်းပင်နှင့်တူသော တောင်၌ဖွဲ့ပုံ

တာလမူလကပဗ္ဗတေပိ ဥပရိ သီမာ ဗဒ္ဓါ ဟေဋ္ဌာ ဩတရတေဝ။

(၎င်းအဋ္ဌကထာ နှာ-၃၂၆)

တာလမူလကပဗ္ဗတေပိထန်းပင်၏အရင်းနှင့်တူသော တောင်၌လည်း၊ ဥပရိ အထက်၌၊ ဗဒ္ဓါ ဖွဲ့အပ်သော၊ သီမာ သိမ်သည်၊ ဟေဋ္ဌာ အောက်သို့၊ ဩတရတေဝ သက်သည်သာလျှင်တည်း။

အကြင်တောင်သည် ဗိတာန် မျက်နှာကျက်သဏ္ဌာန် ရှိသည်ဖြစ်အံ့၊ အထက်၌ နှစ်ကျိပ်တယောက်သော ရဟန်းတို့၏ နေရာသည် မရှိအံ့၊ ထိုတောင်၏ အထက်၌ ဖွဲ့အပ်သော သိမ်သည် အောက်သို့ မသက်ပေ။

ယော ပန ဝိတာန သဏ္ဌာနော ဟောတိ၊ ဥပရိ ဧက ဝီသတိယာ ဘိက္ခူနံ ဩကာသော အတ္ထိ, ဟေဋ္ဌာ နတ္ထိ၊ တဿ ဥပရိ ဗဒ္ဓါ သီမာ ဟေဋ္ဌာ န ဩတရတိ။

(၎င်းအဋ္ဌကထာ နှာ-၃၂၆)

ပန သက်သည်မှတပါး မသက်သည်ကိုဆိုအံ့၊ ယောပဗ္ဗတော အကြင်တောင်သည်၊ ဝိတာနသဏ္ဌာနော ဗိတာန် မျက်နှာကျက် သဏ္ဌာန် ရှိသည်၊ ဝါ မှိုပွင့်သဏ္ဌာန် ရှိသည်၊ ဟောတိ အံ့။ ဥပရိ အထက်၌၊ ဧကဝီသတိယာ နှစ်ကျိပ်တယောက်ကုန်သော၊ ဘိက္ခူနံ ရဟန်းတို့၏၊ ဩကာသော-တည်နေရာသည်၊ အတ္ထိရှိအံ့၊ ဟေဋ္ဌာ-အောက်၌၊ နတ္ထိမရှိအံ့၊ တဿပဗ္ဗတဿ ထိုတောင်၏၊ ဥပရိအထက်

၌၊ ဗဒ္ဓါ ဖွဲ့အပ်သော၊ သီမာသိမ်သည်၊ ဟေဋ္ဌာ အောက်သို့၊ နဩတရတိ မသက်။

ဧဝံ မုဒိင်္ဂသဏ္ဌာနေ ဝါ ဟောတု ပဏဝသဏ္ဌာနေ ဝါ ယဿဟေဋ္ဌာ ဝါ မဇ္ဈေ ဝါ သီမပ္ပမာဏံ နတ္ထိ၊ တဿုပရိ ဗဒ္ဓါ သီမာ ဟေဋ္ဌာ နေဝဩတရတိ။

(၎င်း၊ အဋ္ဌကထာ နှာ-၃၂၆)

ဧဝံ ဤသို့၊ မုဒိင်္ဂသဏ္ဌာနေဝါ မုရိုးစည် သဏ္ဌာန် ရှိသည် မူလည်း ဟောတုဖြစ်စေ၊ ပဏဝသဏ္ဌာနေဝါ-ထက်စည် သဏ္ဌာန် ရှိသည်မူလည်း၊ ဟောတု ဖြစ်စေ၊ ယဿပဗ္ဗတဿ အကြင်တောင် ၏၊ ဟေဋ္ဌာဝါ အောက်၌ လည်းကောင်း၊ မဇ္ဈေဝါ အလယ်၌ မူလည်းကောင်း၊ သီမပ္ပမာဏံ သိမ်၏ အတိုင်း အရှည်သည်၊ နတ္ထိ မရှိအံ့၊ တဿပဗ္ဗတဿ ထိုတောင်၏၊ဥပရိအထက်၌၊ ဗဒ္ဓါ ဖွဲ့အပ် သော၊ သီမာ သိမ်သည်၊ ဟေဋ္ဌာ အောက်သို့၊ နေဝဩတရတိ မသက်သည်သာလျှင်တည်း။

● ဤ၌ ဝိတာန သဏ္ဌာနေ,မျက်နှာကျက် သဏ္ဌာန်(ဝါ)မိုးပွင့် သဏ္ဌာန်ဟု အနက် သမ္ဗန်လျှင် ဝိမတိဋီကာ ဆရာအဆိုနှင့် ညီညွတ်၏၊ သို့မဟုတ် မိုငံသဏ္ဌာန်ဟု အနက်ပေးပါ။

အကြင်တောင်၌ နှစ်ခုကုန်သော အထွဋ်တို့သည် အနီး၌ တည် ကုန်သည် ဖြစ်အံ့။ တခုသော တောင်ထွဋ်၏ အထက်၌ သိမ်ဖွဲ့ လောက်သော အတိုင်းအရှည်သည် မလောက်သည်ဖြစ်အံ့။ ထို တောင်ထွဋ်တို့၏ အကြားကို အုတ်,ကျောက်တို့ဖြင့် စီ၍ဖြစ်စေ၊ မြေသဲ,တို့ဖြင့် ပြည့်စေ၍ ဖြစ်စေ တစပ်တည်းစပ်သည်ကို ပြု၍ အထက်၌သိမ်ကို သမုတ်ရာ၏။

ယဿ ပန ဒွေ ကူဋ္ဌာနိ အာသန္နေ ဌိတာနိ၊ ကေဿပိ ဥပရိ သီမပ္ပမာဏံ နပ္ပဟောတိ၊ တဿ ကူဋ္ဌန္တရံ စိနိတွာဝါ ပူရေတွာ ဝါ၊ ကောဗဒ္ဓံ ကတွာ ဥပရိ သီမာ သမ္မန္နိတဗ္ဗာ။

(၎င်းအဋ္ဌကထာ)

ပန အဖို့တပါးကို ဆိုဦးအံ့၊ ယဿပဗ္ဗတဿ အကြင်တောင်၏၊ ဒွေနှစ်ခုကုန်သော၊ ကူဋ္ဌာနိ အထွဋ်တို့သည်၊ အာသန္နေ အနီး၌၊ ဌိတာနိ တည်ကုန်သည်၊ ဟောန္တိ ကုန်၏၊ ကေဿ တခုသော၊ ကူဋဿပိ အထွဋ်၏လည်း၊ ဥပရိ အထက်၌ သီမပ္ပမာဏံ သိမ်၏ အတိုင်းအရှည်သည်၊ နပ္ပဟောတိ မလောက်သည်ဖြစ်အံ့၊ တဿ ပဗ္ဗတဿ ထိုတောင်၏၊ ကူဋ္ဌန္တရံ အထွဋ်တို့၏ အကြားကို ၊ဝါ၊ အလယ်ကို၊ စိနိတွာဝါ အုတ် ကျောက်တို့ဖြင့်စီ၍ လည်းကောင်း၊ ပူရေတွာဝါ မြေသဲတို့ဖြင့် ပြည့်စေ၍ လည်းကောင်း၊ ကောဗဒ္ဓံ တစပ်တည်း စပ်သည်ကို၊ ကတွာပြု၍၊ ဥပရိ အထက်၌၊ သီမာ သိမ်ကို၊ သမ္မန္နိတဗ္ဗာ သမုတ်အပ်ကုန်၏။

မြေ၏ ပါးပြင်နှင့်တူသော တလုံးသောတောင်သည် ရှိသည်ဖြစ်အံ့၊ ထိုတောင်၏ အထက်၌ သိမ် အတိုင်း အရှည် ပမာဏ လောက်သော နေရာ ရှိသဖြင့် သိမ်ကို ဖွဲ့ကုန်အံ့၊ ထိုတောင်၏ အောက်၌ ကောင်းကင်ဟု ဆိုအပ်သော **အာကာသပဗ္ဘာရ** အခေါင်းသည် ရှိသည်ဖြစ်အံ့၊ သိမ်သည် အောက်သို့ မသက်ပေ။

ဧကော သပ္ပ ဖဏသဒိသော ပဗ္ဗတော၊ တဿုပရိသီမပ္ပမာဏော အတ္ထိတာယ သီမံ ဗန္ဓန္တိ၊ တဿ စေ ဟေဋ္ဌာ အာကာသပဗ္ဘာရံ ဟောတိ သီမာ နဩတရတိ။

(၎င်းအဋ္ဌကထာ)

ဧကော ဘလုံးသော၊ သပ္ပဖဏသဒိသော မြွေပါးပြင်းနှင့် ဘူသော၊ ပဗ္ဗ တော တောင်သည်၊ ဟောတိ အံ့၊ တဿပဗ္ဗတဿ ထိုတောင်၏၊ ဥပရိ အထက်၌၊ သီမပ္ပမာဏဿ သိမ် အတိုင်း အရှည်၏၊ အတ္ထိတာယ ရှိသည်၏အဖြစ်ကြောင့်၊ သီမံ သိမ်ကို၊ ဗန္ဓိတ္ဘ ဖွဲ့ကုန်၏၊ ဝါ၊ အံ့၊ တဿပဗ္ဗတဿ ထိုတောင်၏၊ ဟေဋ္ဌာ အောက်၌၊ အာကာသ ပဗ္ဘာရံ ကောင်းကင်ဟု ဆိုအပ်သော အခေါင်းသည်၊ စေ ဟောတိ အကယ်၍ရှိသည်ဖြစ်အံ့၊ သီမာ သိမ်သည်၊ နဩတရတိ အောက်သို့ မသက်ပေ။

တောင်၏ အလယ်၌ သိမ် ပြုလောက်သော ပမာဏရှိသော အခေါင်းရှိသော ကျောက်သည် ဖြစ်အံ့၊ အောက်သို့ သက်၏၊ ထိုကျောက်သည်လည်း သိမ်၏ သီမဋ္ဌ ဖြစ်၏။

သစေ ပနဿ ဝေမဇ္ဈေ သီမပ္ပမာဏော သုသိရပါသာဏော ဟောတိ ဩတရတိ၊ သောစ ပါသာဏော သီမဋ္ဌောယေဝ ဟောတိ။

(ဋီကာအဋ္ဌကထာ)

ပန မသက်သည်မှတပါး သက်သည်ကို ဆိုဦးအံ့၊ အဿပဗ္ဗ တဿ ထိုတောင်၏၊ ဝေမဇ္ဈေ အလယ်၌၊ သီမပ္ပမာဏော သိမ်ပြု လောက်သော ပမာဏရှိသော၊ သုသိရပါသာဏော အခေါင်း ရှိသောကျောက်သည်၊ သစေ ဟောတိ အကယ်၍ဖြစ်အံ့၊ဩတရတိ သက်၏၊ သောစ ပါသာဏော ထိုကျောက်သည်လည်း၊ သီမဋ္ဌော ယေဝ သိမ်သည်သာလျှင်၊ ဟောတိ ဖြစ်၏။

ထိုတောင်၏ အောက်၌ လိုဏ်၏ နံရံသည်၊ အဖျားစွန်းထိ၍ တည်နေအံ့ အောက်သို့သက်၏။ အောက်၌ လည်းကောင်း၊ အထက်၌ လည်းကောင်း သိမ်မည်သည်သာတည်း။

အထာပိယာ ဟေဋ္ဌာလေဏဿ ကုဋ္ဋော အဂ္ဂ ကောဋိံ အာဟစ္စ တိဋ္ဌတိ ဩတရတိ၊ ဟေဋ္ဌာစ ဥပရိစ သီမာ ယေဝ ဟောတိ။

အဿပဗ္ဗတဿ ထိုတောင်၏၊ ဟေဋ္ဌာ အောက်၌၊ လေဏဿ လိုဏ်၏၊ ကုဋ္ဋော နံရံသည်၊ အဂ္ဂကောဋိံ အဖျားဟု ဆိုအပ်သော အစွန်းကို၊ အာဟစ္စ ထိခိုက်၍၊ အထာပိ တိဋ္ဌတိ အကယ်၍ တည်သည်ဖြစ်အံ့၊ ဩတရတိ သက်၏၊ ဟေဋ္ဌာစ အောက်၌ လည်းကောင်း၊ ဥပရိစ အထက်၌ လည်းကောင်း၊ သီမာယေဝ သိမ်မည်သည်သာလျှင်၊ ဟောတိ ဖြစ်၏။

တောင်၏ အောက်အဖို့၌ လည်းကောင်း၊ အထက်၌ဖြစ်သော သိမ် အပိုင်းအခြား၏တဘက်မှ တောင်၏အတွင်း၌လည်းကောင်း၊ လိုဏ်သည် ဖြစ်ခဲ့အံ့၊ အပသို့ သိမ်မသက်ပေ၊ အထက်၌ဖြစ်သော သိမ်အပိုင်းအခြား၏ တဘက်မှ(ဝါ) အတွင်း တောင်ခြေမှ အပ၌ လိုဏ်သည် ဖြစ်အံ့၊ အတွင်းသို့ သိမ် မသက်ပေ။

သစေ ပန ဟေဋ္ဌာ ဥပရိမဿ သီမာ ပရိစ္ဆေဒဿ ပါရတော အန္တောလေဏံ ဟောတိ ဗဟိ သီမာ နဩတရတိ။

(ရှင်းအဋ္ဌကထာ)

အဿ ထိုမြေပါးပြင်းတောင်၏၊ ဟေဋ္ဌာ အောက်၌၊ ဥပရိမဿ အထက်ဖြစ်သော၊ သီမာပရိစ္ဆေဒဿ သိမ် အပိုင်း အခြား၏၊

ပါရတော ထိုမှာဘက်၌၊ အန္တောလေဏံ အတွင်းဖြစ်သောတောင်ခြေလိုဏ်သည်၊ သစေ ဟောတိ အကယ်၍ဖြစ်အံ့၊ ဗဟိ အပသို့၊ သီမာ သိမ်သည်၊ နဩတရတိ မသက်။

နောက်ကပြခဲ့သော သိမ်ငါးလုံးတို့မှာ ငါးပါး အပြားအားဖြင့် ကြံဆ၍ သက်,မသက်ကိုပြသော သိမ်ငါးလုံးဖြစ်သည်။ ဉာဏ်ဖြင့်သက်ဝင်၍ အလွန်သိနိုင်ခဲ သက်ဝင်နိုင်ခဲသော ဝါကျများဖြစ်သည်။ ဝိမတိဝိနောဒနီဋီကာ၊ သာရတ္ထဋီကာ၊ ဝဇိရဗုဒ္ဓိဋီကာ ဆရာတို့ကလည်း အမျိုးမျိုးဝေဘန်၍ ပြတော်မူကြ၏။ ကျယ်အံ့စိုး၍ မထည့်လိုက်ပြီ။ ဤကားအမှာ။ ။

အထာပိ ဥပရိမဿ သီမာပရိစ္ဆေဒဿ ဩရတော ဗဟိလေဏံ ဟောတိ၊ အန္တော သီမာ နဩတရတိ။

(၎င်းအဋ္ဌကထာ)

ဥပရိမဿ အထက်ဖြစ်သော၊ သီမာပရိစ္ဆေဒဿ သိမ်အပိုင်းအခြား၏၊ ဩရတော ဤမှာဘက်၌၊ ဗဟိလေဏံ တောင်ခြေမှ အပဖြစ်သော လိုဏ်သည်၊ အထာပိ ဟောတိ အကယ်၍ ရှိအံ့၊ အန္တော အတွင်းသို့၊ သီမာ သိမ်သည်၊ နဩတရတိ မသက်ပေ။

တောင်၏အထက်၌ သိမ်၏အပိုင်းအခြားသည်၊ အလွန်ကျဉ်းသည်ဖြစ်အံ့၊ အောက်၌ဖြစ်သော လိုဏ်သည် အလွန်ကျယ်၍ သိမ်၏အပိုင်းအခြားကို လွန်၍တည်အံ့၊ သိမ်သည် အထက်၌ပင်လျှင်ဖြစ်၏၊ အောက်သို့ မသက်ပေ။

အထာပိ ဥပရိသီမာယ ပရိစ္ဆေဒေါ ခုဒ္ဒကော, ဟေဋ္ဌာ လေဏံ မဟန္တံ၊ သီမာပရိစ္ဆေဒံ အတိက္ကမိတွာ ဌိတံ သီမာဥပရိယေဝ ဟောတိ၊ ဟေဋ္ဌာ န ဩတရတိ။

(ၡင်းအဋ္ဌကထာ)

ဥပရိ အထက်၌၊ သီမာယ သိမ်၏၊ ပရိစ္ဆေဒေါ အပိုင်းအခြားသည်၊ ခုဒ္ဒကော ကျဉ်းသည်၊ အထာပိ ဟောတိ အကယ်၍ဖြစ်အံ့၊ ဟေဋ္ဌာ အောက်၌၊ လေဏံ လိုဏ်သည်၊ မဟန္တံ ကျယ်သည်၊ ဟုတ္ဘာ ၍၊ သီမာပရိစ္ဆေဒံ သိမ်၏အပိုင်းအခြားကို၊ အတိက္ကမိတွာ လွန်၍၊ ဌိတံ ထည်သည်၊ အထာပိ ဟောတိ အကယ်၍ဖြစ်အံ့၊ သီမာ သိမ်သည်၊ ဥပရိယေဝ အထက်၌ သာလျှင်၊ ဟောတိ ဖြစ်၏၊ ဟေဋ္ဌာ အောက်သို့၊ နဩတရတိ မသက်။

တောင်အောက်ရှိ လိုဏ်သည်။ အလွန် ကျဉ်းအံ့၊ အလုံးစုံသောသိမ်တို့အောက် ငယ်သော အတိုင်းအရှည် ရှိသည်ဖြစ်အံ့၊ အထက်၌သိမ်သည် ကျယ်သည် ဖြစ်သောကြောင့် ကျဉ်းသော လိုဏ်ကို လွှမ်းမိုး၍ တည်သည်ဖြစ်အံ့၊ သိမ်သည် အောက်သို့ သက်၏။

> ယဒိ ပန လေဏံ ခုဒ္ဒကံ သဗ္ဗပစ္ဆိမသီမာပရိမာဏံ ဥပရိသီမာမဟတီ၊ တံ အဇ္ဈောတ္ထရိတွာ ဌိတာ၊ သီမာ ဩတရတိ။

(ၡင်းအဋ္ဌကထာ)

လေဏံ လိုဏ်သည် ခုဒ္ဒကံ ကျဉ်းသည်၊ သဗ္ဗပစ္ဆိမ သီမာ ပရိမာဏံ အလုံးစုံသော သိမ်တို့အောက် ငယ်သော အတိုင်း အရှည်ရှိသည်၊ ယဒိဟောတိ အကယ်၍ဖြစ်အံ့၊ ဥပရိအထက်၌၊ သီမာသိမ်သည်၊ မဟတီကျယ်သည် ဟောတိဖြစ်၏။ တံ ထိုကျဉ်း သောလိုဏ်၊ကိုအဇ္ဈောတ္ထရိတွာ လွှမ်းမိုး၍၊ ဌိတာတည်သည်၊ ယဒိ ဟောတိအကယ်၍ ဖြစ်အံ့၊ သီမာသိမ်သည်၊ဩတရတိ အောက်သို့ သက်၏။

အလွန်ကျဉ်းလွန်းသော လိုဏ်ဖြစ်အံ့၊ သိမ်၏ အတိုင်းအရှည် မရအံ့၊သိမ်သည် အထက်၌သာဖြစ်၏၊အောက်သို့ မသက်ပေ။

အထလေဏံ အတိခုဒ္ဒကံ၊ သီမပ္ပမာဏံ နဟောတိ၊ သီမာ ဥပရိယေဝဟောတိ ဟေဋ္ဌာ နဩတရတိ။

(ဋီကာအဋ္ဌကထာ)

လေဏံ လိုဏ်သည်၊ အတိခုဒ္ဒကံ အလွန်ကျဉ်းသည်၊ အထ ဟောတိ အကယ်၍ဖြစ်အံ့၊သီမပ္ပမာဏံ သိမ်၏အတိုင်းအရှည်သည်၊ အထနဟောတိ အကယ်၍မဖြစ်အံ့၊ သီမာ သိမ်သည်၊ ဥပရိယေဝ အထက်၌ သာလျှင်၊ ဟောတိ ဖြစ်၏၊ ဟေဋ္ဌာ အောက်သို့၊ နဩတရတိ မသက်။

[ပြဆိုခဲ့ပြီးသော လိုဏ်တို့ကို လူစသည်တို့ ပြုလုပ်ထားသည် ဖြစ်စေ၊ အလိုလိုဖြစ်နေသည် ဖြစ်စေအပ်၏၊ လေဏ, ဟူ၍မှတ်ရ မည်ဟု အာစရိယဝါဒ, ရသူးသည်]

ထိုသိမ်မှ တဝက်သည် ပြိုကျ၍နေအံ့၊ သိမ်၏ အတိုင်းအရှည် သည်ဖြစ်အံ့၊သိမ်နိမိတ်မှအပ၌ကျသော တဝက်သည် သိမ်မဟုတ်၊

မကျသောတဝက်သည် သိမ်၏ပမာဏ မျှသော အတိုင်းအရှည်သည်ဖြစ်အံ့၊ သိမ်ဖြစ်သည်သာတည်း။

သစေ တတောဉပစာ ! ဘိက္ခုတ္ထာ ပတတိ၊ သိမပ္ပမာဏံ စေပိ ဟောတိ၊ ဗဟိပတိတံ အသီမာ၊ အပတိတံပန ယဒိသီမပ္ပမာဏံ သီမာ ဟောတိ ယေဝ၊

(ဝင်းအဋ္ဌကထာ)

တတောသိမတော ထိုသိမ်မှဉပစာ ထက်ဝက်သည်၊ ဘိက္ခုတ္ထာ ပြို၍၊သစေပတတိ အကယ်၍ကျအံ့၊သိမပ္ပမာဏံ သိမ်၏ အတိုင်းအရှည်သည်၊စေပိဟောတိ အကယ်၍လည်း ဖြစ်အံ့၊ ဗဟိ သိမ်၏ နိမိတ်မှအပ၌၊ပတိတံ ကျသော၊ဉပစာ ထက်ဝက်သည်၊ အသီမာ သိမ်မဟုတ်၊ ပန မဟုတ်သည်မှတပါး ဟုတ်သည်ကို ဆိုဦးအံ့၊ အပတိတံ မကျသော၊ ဉပစာ ထက်ဝက်သည် သိမပ္ပမာဏံ သိမ်၏ ပမာဏသည်၊ ယဒိဟောတိ အကယ်၍ လောက်သည်ဖြစ်အံ့၊သီမာ သိမ်သည်၊ ဟောတိယေဝ ဖြစ်သည်သာလျှင်တည်း။

## (၈) ခဏ္ဍ သိမ်အကြောင်း

ခဏ္ဍသိမ်သည် နိမ့်သောတည်ရာရှိသည်ဖြစ်၍၊ ထိုခဏ္ဍသိမ်ကို အုတ် မြေညက်စသည်တို့ဖြင့် ပြည့်စေကုန်၍ မြင့်အောင် ပြုသည် ဖြစ်အံ့ သိမ်သည်သာလျှင်တည်း။

ခဏ္ဍသိမာ နိစဝတ္ထုကာ ဟောတိ၊ တံ ပူရေတွာ ဉစ္စဝတ္ထုကံ ကရောန္တိ သိမာယေဝ။

(ဝင်းအဋ္ဌကထာ။)

ခဏ္ဍသီမာ ခဏ္ဍသိမ်သည်၊ နိစ္စဝတ္တကာ နိမ့်သောအကျဉ်း ရှိသည်၊ ဟောတိ ဖြစ်အံ့၊ တံခဏ္ဍသိမံ ထိုခဏ္ဍသိမ်ကို၊ ပူရေတွာ အုတ် မြေညက်စသည်တို့ဖြင့် ပြည့်စေကုန်၍၊ ဥစ္စဝတ္ထုကံ မြင့်သော အကျဉ်း ရှိသည်ကို၊ ကရောန္တိ ပြုကုန်အံ့၊ သီမာယေဝ သိမ်သည် သာလျှင်၊ ဟောတိဖြစ်၏။

သိမ်၌ အဆောင်ကို ပြုကုန်အံ့ သိမ်တည်ရာသာလျှင် ဖြစ်၏၊ ရေ၏အလျင်သည် သိမ် ၏မျက်နှာပြင်ကို လွှမ်းမိုး၍ သွားခဲ့သော် သိမ်၏အပြင်၌ ငြမ်းကိုဆောက်၍ ကံဆောင်ခြင်းငှါအပ်၏။

ဩဃေန သီမာ မဏ္ဍလံ ဩတ္ထရိတွာ ဂစ္ဆတိ၊ သီမာမာဠကေ အဋ္ဋံ ဗန္ဓိတွာ ကမ္မံ ကာတုံဝဋ္ဋတိ။

(၎င်းအဋ္ဌကထာ)

ဩဃေန ရေ၏အလျင်သည်၊ သီမာမဏ္ဍလံ သိမ်၏ အပြင်ကို၊ ဩတ္ထရိတွာ လွှမ်းမိုး၍၊ ဂစ္ဆတိ သွားအံ့၊ သီမာမာဠကေ သိမ်၏ အပြင်၌၊ အဋ္ဋံ ငြမ်းကို၊ ဗန္ဓိတွာ ဖွဲ့၍ ကမ္မံ ကံကို၊ ကာတုံ ပြုခြင်း ငှါ၊ ဝဋ္ဋတိ၊ အပ်၏။

သိမ်၏အောက်၌ မြေသို့ သက်ဝင်သွားသော မြစ်သည် ဖြစ်အံ့၊ တန်ခိုးရှိသော ရဟန်းသည်၊ ထိုဥမင်မြစ်၌ နေထိုင်အံ့၊ ထိုမြစ်သို့ ရဟန်းသည် ဦးစွာသွားသည်ဖြစ်အံ့ သိမ်သည် နောက်မှဖွဲ့သည် ရှိသော် ကံကိုမပျက်စေတတ်၊ ဦးစွာ သိမ်ကိုဖွဲ့ပြီး၍၊ နောက်မှ မြစ်သို့သွားသည်ဖြစ်အံ့ ကံကိုပျက်စေ၏။

သီမာယ ဟေဋ္ဌာ ဥမင်္ဂနဒီ ဟောတိ၊ ဣဒ္ဓိမာ ဘိက္ခုတတ္ထ နိသီဒတိ၊ သစေ သာနဒီ ပဌမံဂတာ, သီမာ ပစ္ဆာ ဗဒ္ဓါ ကမ္မံ

န ကောပေတိ။ အထဲ ပဌမံ သိမာ ဗဒ္ဓါ ပစ္ဆာ နဒီဂတာ၊ ကမ္မံ ကောပေတိ။ ဟေဋ္ဌာ ပထဝိ တလေ ဌိတော ပန ကော ပေတိ ယေဝ။

(ဂုဏ်းအဋ္ဌကထာ)

အနက်။ ။ သိမာယ သိမ်၏၊ ဟေဋ္ဌာ အောက်၌၊ ဥမင်္ဂနဒီ မြေသို့ သက်ဝင်သွားသော မြစ်သည်၊ ဟောတိ ဖြစ်အံ့၊ ဣဒ္ဓိမာ တန်ခိုးရှိသော၊ ဘိက္ခု ရဟန်းသည်၊ တတ္တတိဿ ဥမင်္ဂနဒီယံ ထိုမြေသို့သက်ဝင်သွားသော ဥမင်္ဂမြစ်၌၊နိသိဒတိနေအံ့၊သာနဒီထို မြစ်သည်၊ပဌမံရှေ့ဦးစွာ၊ဂတာသွားသည်၊သစေဟောတိ အကယ် ၍ဖြစ်အံ့၊သိမာ သိမ်သည်၊ပစ္ဆာ နောက်မှ၊ဗဒ္ဓါ ဖွဲ့အပ်သည် သစေ ဟောတိ၊ အံ့၊ ကမ္မံ ကို၊ န ကောပေတိ မပျက်စေတတ်၊ အထ ထို့နောက်မှ၊ ပဌမံ စွာ၊ သိမာ .သိမ်ကို၊ ဗဒ္ဓါ ဖွဲ့အပ်သည်၊ သစေ ဟောတိ၊အံ့၊ပစ္ဆာ နောက်မှ၊နဒီမြစ်သည်၊ဂတာသွားသည်ရှိသော် ကမ္မံကံကို ကောပေတိ ပျက်စေတတ်၏။ ပန အဘိုတပါးကို ဆိုဦးအံ့၊ ဟေဋ္ဌာ သိမ်၏အောက်၌၊ ပထဝိယာ မြေ၏၊ တလေ အပြင်၌၊ဌိတော၊တန်ခိုးဖြင့်တည်သော၊ဘိက္ခု ရဟန်းသည်၊ ကမ္မံ ဆောင်အပ် သော ကံကို၊ ကောပေတိယေဝ ပျက်စေ သည်သာ လျှင်တည်း။

ခဏ္ဍသိမ် အပြင်၌ ပညောင်ပင်သည် ရှိအံ့၊ ထိုပညောင်ပင်၏ အခက်သည် လည်းကောင်း ထိုပညောင်ပင်မှ ထွက်သော အမြစ် ပင်စည်သည်လည်းကောင်း 'မဟာသိမ်' ၏မြေပြင်သို့လည်းကောင်း ထိုမဟာသိမ်၌ ပေါက်သောသစ်ပင်တို့ကိုလည်းကောင်း၊ အချင်း

ချင်းထိ၍ တည်နေအံ့၊ မဟာသိမ်ကို သော်လည်း သုတ်သင်၍ ကံဆောင်ရာ၏။ ထိုအခက်အမြစ် ပင်စည်တို့ကိုသော်လည်း ဖြတ်၍ အပ၌ တည်သည်ကို ပြုအပ်၏။ မထိခိုက်မူ၍ တည်သောအခက် စသည်တို့၌ တက်ကုန်သော ရဟန်းတို့ကို ဟတ္ထပါသ် အတွင်းသို့ ဆောင်အပ်ကုန်၏။

သီမာမာဠကေ ဝဋ္ဋရုက္ခော ဟောတိ၊ တဿ သာခါ ဝါ တတော နိဂ္ဂတပါရောဟော ဝါ၊ မဟာသီမာယ ပထဝိတလံ ဝါ တတ္ထဇာတရုက္ခာဒီနိ ဝါ အာဟစ္စ တိဋ္ဌတိ၊ မဟာသီမံ သောဓေတွာ ဝါ ကမ္မံ ကာတဗ္ဗံ၊ တေ ဝါ သာခါ ပါရောဟာ ဆိန္ဒိတွာ ဗဟိဋ္ဌကာ ကာတဗ္ဗာ၊ အနာဟစ္စ ဌိတသာခါဒီသု အာရုဠှ ဘိက္ခူ ဟတ္ထပါသံ အာနေတဗ္ဗာ။

(ဝိနည်း အဋ္ဌကထာ စာမျက်နှာ ၃၂၇)

**အနက်ကား။** ။သီမာမာဠကေ ခဏ္ဍသိမ်၏ အပြင်၌ ဝဋ္ဋရုက္ခော ပညောင်ပင်သည်၊ ဟောတိ ရှိသည်ဖြစ်အံ့၊ တဿ ဝဋ္ဋရုက္ခဿ ထိုပညောင်ပင်၏၊ သာခါဝါ အခက်သည် လည်းကောင်း၊ တတော ဝဋ္ဋရုက္ခတော၊ မှ နိဂ္ဂတပါရောဟော ဝါ ထွက်သော အမြစ်ပင်စည်သည်လည်းကောင်း၊ မဟာသီမာယ မဟာသိမ်၏၊ ပထဝိတလံ ဝါ မြေအပြင်ကိုလည်းကောင်း၊ တတ္ထ တိဿံ မဟာသီမာယံ ထို မဟာသိမ်၌၊ ဇာတ ရုက္ခာဒီနိ ဝါ ပေါက်သောသစ်ပင် အစရှိသည်တို့ကိုလည်းကောင်း၊ အာဟစ္စ ထိခိုက်၍၊ တိဋ္ဌတိ တည်အံ့၊ မဟာသီမံ မဟာသိမ်ကို၊ သောဓေတွာ ဝါ သုတ်သင်၍လည်း၊ ကမ္မံ ကို၊ ကာတဗ္ဗံ ပြုအပ်၏။ တေ သာ

ခါပါရောဟာဝါ၊ထို အခက် အမြစ်ပင်စည်တို့ကို သော်လည်း ဆိန္ဒိတွာ ဖြတ်၍၊ဗဟိဋ္ဌကာ အပဋ္ဌ တည်သည်တို့ကို၊ကာတဗ္ဗာ ပြုအပ်ကုန်၏။ အနာဟစ္စ မထိခိုက်မူ၍၊ ဋ္ဌိတသာခါဒိသု တည်သော သစ်ခက်စသည်တို့၌၊ အာရုဠ္ဟဘိက္ခု တက်သော ရဟန်းကို၊ဟတ္ထပါသံ ဟတ္ထပါသ်သို့၊ အာနေတဗ္ဗာ ဆောင် အပ်ကုန်၏။

ဧဝံ မဟာသီမာယ ဇာတရုက္ခဿသာခါဝါ ပါရောဟောဝါ ဝုတ္တနယေနေဝ သီမာမာဠ္ဌကေ၊ ပတိဋ္ဌာတိ၊ ဝုတ္တနယေနေဝ သီမံ သောဓေတွာဝါ ကမ္မံ ကာတဗ္ဗံ။ တေဝါသာခါ ပါရောဟာ ဆိန္ဒိတွာ ဗဟိဋ္ဌကာ ကာတဗ္ဗာ။

(ရင်းအဋ္ဌကထာ နှာ-၃၂၇)

ဧဝံ သို့၊ မဟာသီမာယ မဟာသိမ်၌၊ ဇာတရုက္ခဿ ပေါက် သော သစ်ပင်၏၊ သာခါဝါ အခက်သည် လည်းကောင်း၊ ပါရောဟောဝါ ပင်စည်သည် လည်းကောင်း၊ ဝုတ္တနယေနေဝ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင်၊ သီမံဝါ ခဏ္ဍသိမ်ကိုသော် လည်း၊သောဓေတွာ သုတ်သင်၍၊ကမ္မံ ကံကို၊ ကာတဗ္ဗံ ပြုအပ်၏။ တေသာခါပါရောဟာဝါ ထိုအခက်အမြစ် ပင်စည်တို့ကိုလည်း၊ ဆိန္ဒိတွာ ဖြတ်ကုန်၍၊ဗဟိဋ္ဌကာအပဋ္ဌ တည်သည်တို့ကို၊ကာတဗ္ဗာ ပြုအပ်ကုန်၏။

သိမ်၏အပြင်၌ ကံကို ပြုအပ်ကုန်သည်ရှိသော် တစုံတယောက် သော ရဟန်းသည်၊ ခဏ္ဍ သိမ်အပြင်၏ အတွင်း၌ဝင်၍၊ ကောင်း ကင်သို့ မဟာသိမ်မှ တည်၍ လာသော အခက်၌ နေအံ့၊ ထို ရဟန်း၏ ခြေတို့သည်လည်း မြေသို့ရောက်သည်ဖြစ်အံ့၊ ထိုရဟန်း၏

ကိုယ်ရုံအဝတ်တို့လည်း မြေသို့ ကျသည်ဖြစ်အံ့၊ ကံကို ပြုခြင်းငှာ မအပ်ပေ။ ။ခြေတို့ကိုလည်းကောင်း၊ ကိုယ်ရုံအဝတ် သင်္ကန်းတို့ကိုလည်းကောင်း၊ ချီမြှောက်စေ၍ ပြုခြင်းငှာ အပ်၏။

ဤလက္ခဏာကို ပုရိမနယေပိ သီမာမာဠကေ ဝဋ္ဋရုက္ခော ဟောတိ အစရှိသည်ဖြင့်ဆိုအပ်ပြီးသောရှေးနည်းအတိုင်းသိရာ၏။

အထူးမှာ- ထို ဆိုခဲ့ ပြီး သော နည်း၌၊ ဥက္ခိပါပေတွာ, အရ သင်္ကန်းကိုယ်ဝတ်တို့ကို ချီမြှောက်၍ ကံ ကို ပြုခြင်းငှာ မအပ်။ ဟတ္ထပါသ် အတွင်းသို့သာလျှင် ဆောင်အပ်၏။ သိမ်၏ အတွင်းမှ တောင်သည် အကယ်၍ ကောင်းကင်သို့တက်အံ့ ထိုတောင်၌ နေသော ရဟန်းကို ဟတ္ထပါသ်အတွင်းသို့ ဆောင်အပ်၏။

တန်ခိုးဖြင့် တောင်၏ အတွင်းသို့ ဝင်နေသော ရဟန်း တို့ကိုလည်း ဤသို့ပင် ဟတ္ထပါသ်သို့ ဆောင်ရာ၏။ အဘယ်ကြောင့် ဆောင်အပ်သနည်းဟူမူကား.... ကမ္မဝါစာဖြင့် ဖွဲ့အပ်သည် သာလျှင် ဖြစ်သော သိမ်သည် အတိုင်းအရှည်မှ ကင်းသော အရပ်သို့ မသက်သောကြောင့်တည်း။ ဖွဲ့အပ်ပြီးသော ဗဒ္ဓ သိမ်၌ ပေါက်သော တစုံတခုသော တောင် အစရှိသည်လည်း တစုံ တခုသော အရပ်၌ ဖွဲ့အပ်ပြီးသော သိမ်နှင့် တစပ်တည်းဖြစ်သဖြင့် သိမ်ဟူ၍ ရေတွက်အပ်သည်သာလျှင်တည်း။ ထို့ကြောင့် အနီးဖြစ်သော ဟတ္ထပါသ်သို့ ဆောင်ရာ၏။

သစေ အန္တောသီမတော ပဗ္ဗတောအဗ္ဘုဂ္ဂစ္ဆတိ တတြ ဋ္ဌော ဘိက္ခုဟတ္ထပါသံ အာနေတဗ္ဗော၊ ဣဒ္ဓိယာ အန္တော ပဗ္ဗတံ ပဝိဋ္ဌေပိဧသေဝနယော၊ ဗဇ္ဈမာနာဧဝ ဟိ သီမာ ပမာဏရဟိတံ ပဒေသံ နဩတရတိ၊ ဗဒ္ဓသီမာယ ဇာတံ

ယံကိဉ္စိ ယတ္ထကတ္ထစိ ကေသမ္ဗဒ္ဓေန ဂတံ သီမာသင်္ချမေဝ ဂစ္ဆတီတိ။

(ဋီကာအဋ္ဌကထာ)

အန္တောသီမတော သိမ်အတွင်းမှ၊ ပဗ္ဗတော တောင်သည်၊ သစေအဗ္ဘုဂ္ဂစ္ဆတိ အကယ်၍ ကောင်းကင်သို့ တက်အံ့၊ တတြဋ္ဌော ထိုတောင်၌တည်သော၊ ဘိက္ခု ရဟန်းကို၊ ဟတ္ထပါသံ ဟတ္ထပါသ်သို့၊ အာနေတဗ္ဗော ဆောင်အပ်၏။ ဣဒ္ဓိယာ တန်ခိုးဖြင့်၊ အန္တော ပဗ္ဗတံ တောင်၏အတွင်းသို့၊ ပဝိဋ္ဌော ဝင်သော၊ ဘိက္ခုပိ ရဟန်း၌လည်း၊ ဧသေဝနယော ဤနည်းအတိုင်းပင်တည်း။ ကသ္မာ အဘယ့်ကြောင့်၊ အာနေတဗ္ဗာ ဆောင်အပ်သနည်း၊ ဟိယသ္မာ အကြင့်ကြောင့်၊ ဗဒ္ဓမာနာဝေ ကမ္မဝါစာဖြင့် ဖွဲ့အပ်သည်သာလျှင် ဖြစ်သော၊ သီမာ သိမ်သည်၊ ပမာဏရဟိတံ အတိုင်းအရှည်မှ ကင်းသော၊ ပဒေသံ အရပ်သို့၊ နဂြဲတရတိ မသက်၊ ဗဒ္ဓသီမာယ ဖွဲ့အပ်ပြီးသော သိမ်၌၊ ဇာတံ ပေါက်သော၊ ယံကိဉ္စိ တစုံတခုသော၊ ယတ္ထကတ္ထစိ အမှတ်မထား တပါးပါးသောဌာနေအရပ်၌၊ ကေသမ္ဗဒ္ဓေန ဖွဲ့အပ်ပြီးသော သိမ်နှင့် တစပ်တည်းဖြင့်၊ ဂတံ ဖြစ်သည်ရှိသော်၊ သီမာသင်္ချမေဝ သိမ်ဟူ၍ ရေတွက်အပ်သည်၏ အဖြစ်သို့သာလျှင်၊ ဂစ္ဆတိ ရောက်၏၊ ဣတိတသ္မာ ထို့ကြောင့်၊ အာနေတဗ္ဗော ဟတ္ထပါသ် အတွင်းသို့ ဆောင်အပ်၏။

## (၉) တိယောဇနပရမသိမ်

တိယောဇန ပရမ, ဟူသော ပုဒ်၌၊

တိယောဇနံ ပရမံ ပမာဏ မေဘိဿာတိ တိယောဇန ပရ ၁ာ။

တေတိယာသီမာယ ထိုသိမ်အား၊ တိယောဇနံ သုံးယူဇနာဟု ဆိုအပ်သော၊ ပရမံ ပမာဏံ အတိုင်းအရှည်သည်၊ အတ္ထိ ရှိ၏။ ဣတိတသ္မာ ထို့ကြောင့်၊ သာသီမာ ထိုသိမ်သည်၊ တိယောဇန ပရမာ တိယောဇန ပရမ မည်၏။ တိယောဇနံ သုံးယူဇနာ အတိုင်းအရှည်ရှိသော၊ တံသီမံ ထိုသိမ်ကို၊ လဗ္ဘတိ ရအပ်၏။

ထိုတိယောဇန ပမာဏ ရှိသော သိမ်ကိုသမုတ်လိုသော ရဟန်းတော်တို့သည်၊ အလယ်၌ တည်၍ အကြင်သို့သော အခြင်းအရာအားဖြင့် သမုတ်အပ်သော် သိမ်သည် လေးပါးကုန်သော အရပ်တို့၌ အခွဲနှင့်တကွ တယူဇနာ (၀၁) တယူဇနာခွဲ ရှိသည်ဖြစ်အံ့၊ ဤအခြင်းအရာဖြင့် သမုတ်အပ်၏။

မသမုတ်အပ်သည်ကို ဆိုဦးအံ့၊ အလယ်၌တည်၍ တခုသော အရပ်မှ သုံးယူဇနာစီကို သမုတ်ကုန်အံ့၊ ခြောက်ယူဇနာ ရှိနေသဖြင့် မအပ်ပေ။ လေးထောင့် ရှိသော သိမ်ကို လည်းကောင်း၊ သုံးထောင့်ရှိသောသိမ်ကိုလည်းကောင်း၊ သမုတ်လိုသော သံဃာသည်၊ အကြင်အခြင်းအရာအားဖြင့် သိမ်ကို သမုတ်သည်ရှိသော် တခုသော အထောင့်မှ တခုသော အထောင့်သည် သုံးယူဇနာရှိသည်ဖြစ်၏။ ဤနည်းဖြင့်သမုတ်အပ်၏။

အဘယ်ကြောင့် သမုတ်အပ်သနည်း ဟူမူ....တစုံ တခုသော အစွန်းအားဖြင့် ဆံ၏အဖျားမျှ သုံးယူဇနာထက် ပိုလွန်လျှင် ဒုက္ကဋ် အာပတ်သို့ ရောက်၏၊ သိမ်လည်း မဟုတ်တော့ပေ။ (၀၁) သိမ် မမြောက်တော့ပေ။

သစေပိ ယေန ကေနစိပရိယာယေန ကေသဂ္ဂမတ္တမ္ပိ တိယောဇနံ အတိက္ကာမေတိ၊ အာပတ္တိဥ္စ အာပဇ္ဇတိ၊ သီမာစ အသီမာ ဟောတိ။

(၎င်းအဋ္ဌကထာ -၃၂၇)

ယေန ကေနစိပရိယာယေန တစုံ တခုသော အစွန်း အားဖြင့်၊ ကေသဂ္ဂမတ္တမ္ပိ ဆံ၏ အဖျားမျှလည်း ဝါ၊ တဆံချည်ဖျားမျှလည်း၊ တိယောဇနံ သုံးယူဇနာ ကို၊ အတိက္ကာမေတိ လွန်စေငြားအံ့၊ အာပတ္တိဥ္စ ဒုက္ကဋ်အာပတ်သို့လည်း၊ အာပဇ္ဇတိ၊ ရောက်၏။ သီမာစ သမုတ် အပ်သော သိမ်သည်လည်း၊ အသီမာ သိမ်မဟုတ်သည် ဟောတိ ဖြစ်၏။

## (၁၀) နဒီ ပါရဝိနိစ္ဆယ

နဒီပါရန္တိ ဧတ္ထ ပါရယတီတိ ပါရာ၊ ကိံ ပါရယတိ နဒိံ။ နဒိယာပါရာ နဒီပါရာ၊ တံနဒီပါရံ၊ နဒိံ အဇ္ဈောတ္ထရမာနန္တိ အတ္ထော။

(၎င်းအဋ္ဌကထာ စာမျက်နှာ ၃၂၇)

နဒီပါရန္တိဧတ္ထဣမသ္မိံ ပဒေ နဒီပါရံ ဟူသော ဤပုဒ်၌၊ ဧဝံ ဤသို့၊ ဝစနတ္ထော ဝိဂြိုဟ်ဝါကျ ဝစနတ္ထကို၊ ကာတဗ္ဗော ပြုအပ်၏။ ယာသီမာ အကြင်သိမ်သည်၊ ပါရယတိ လွှမ်းအပ်၏၊ ဣတိတသ္မာ ထို့ကြောင့်၊ သာသီမာ ထိုသိမ်သည်၊ ပါရာ ပါရမည်၏။ ကိံ အဘယ်ကို။ ပါရယတိ လွှမ်းသနည်း၊ နဒိံ မြစ်ကို၊ ပါရယတိ လွှမ်း၏။ နဒိယာ မြစ်ကို၊ ပါရာ လွှမ်းသည်တည်း၊ နဒီပါရာ

မြစ်ကို လွှမ်းသည်။ တံနဒီပါရံ ထိုမြစ်ကိုလွှမ်းသော သိမ်ကို၊ နဒီ မြစ်ကို အဇ္ဈောတ္ထရမာနံ လွှမ်းသော သိမ်ကို၊ လဗ္ဘတိ ရအပ်၏။ ဣတိအယံအတ္ထော ဤသို့သော အနက်ကို၊ ဝေဒိတဗ္ဗော သိအပ်၏။

အကြင်မြစ်၌ သိမ်ကို ဖွဲ့နိုင်ရန် အရပ်၌ ဖြစ်ကုန်သော ဆိပ်ကမ်းတို့၌ အမြဲစီးသောလှေသည် ရှိသည်ဖြစ်အံ့၊ အကြင်အမြဲစီးသော လှေသည် အလုံးစုံကုန်သော အပိုင်းအခြားတို့ အောက်ယုတ်သော အပိုင်းအခြား အားဖြင့် လှေတက်ကို ကိုင်သော ယောကျ်ားနှင့်တကွ၊ သုံးယောက်ကုန်သော သူတို့ကို ရွက်ဆောင်နိုင်၏။ ထိုလှေသည်အထက်သို့ လည်းကောင်း၊အောက်သို့ လည်းကောင်း တစုံတခုသော ကိစ္စကြောင့် ပြန်လာခြင်း အကျိုးငှာ ဆောင်အပ်သည် လည်းကောင်း၊ ခိုးသူ တို့သည် ခိုးအပ်သည် လည်းကောင်းဖြစ်အံ့၊ ထိုသို့ပင်ဖြစ်သော်လည်း၊ မချွတ်မလွဲရအပ်သည်ရှိသော် မြဲသော ဓုဝနာဝါ ဖြစ်၏။

လေကြောင့် ကျိုးပျက်သည် ဖြ၍၊ လှိုင်းတံပိုး တို့လည်း မြစ်၏ အလယ်သို့ ဆောင်အပ်သည်ဖြစ်အံ့၊ ဓုဝနာဝါပင် မည်၏။ ရေသည် သက်၍သွားသော်(ဝါ)ကျ၍သွားသော် ကျည်းကုံးသို့ ချီခဲ့သော်လည်းကောင်း၊ အင်္ဂတေ ဖန်ရည် အစရှိသည်တို့ဖြင့် ပြည့်စေ၍ ထားအပ်သော်လည်းကောင်း၊ ဓုဝနာဝါပင် မည်၏။ ကွဲအက်သော်လည်းကောင်း၊ ပြုပြင်အပ်သော ပျဉ်ချပ် ရှိသော်လည်းကောင်း (ဝါ) ပြုပြင်အပ်သော ပျဉ်ချပ်မှ ကင်းသော ပျဉ်ချပ်ရှိသော်လည်းကောင်း ဖြစ်အံ့ မအပ်တော့ပေ။

ဤနေရာတွင် အဋ္ဌကထာဆရာ၏ အာစရိယဝါဒ အထူးကို ပြရာ၌ မဟာသုမတ္ထေရော အာဟ "နိမိတ္တံဝါ သိမာဝါ ကမ္မဝါစာယ ဂစ္ဆတိ၊ နနာဝါယ ဘဂဝတာစရဝံနာဝါ အနုညာတာ၊ တသ္မာ နိဗဒ္ဓနာဝါယေဝ ဝဋ္ဋတိ" တိ။

(ဂုဏ်းအဋ္ဌကထာ စာမျက်နှာ-၃၂၈)

တာဝကာလိကံ အခိုက်အတန့် ငှားရန်းအပ်သော၊ နာဝံ လှေကို၊ အာနေတွာ ဆောင်၍၊ သိမာဗန္ဓနဌာနေ သိမ်ကိုဖွဲ့ရာအရပ်၌၊ ဌပေတွာ ထားကုန်၍၊ နိမိတ္တာနိ နိမိတ်တို့ကို၊ သစေပိကိတ္တေန္တိ၊ အကယ်၍လည်း ကြားကုန်အံ့၊ ဓုဝနာဝါဝ မြဲသောလှေ မည် သည်သာလျှင်၊ ဟောတိ ဖြစ်၏။

ဤသို့ မိန့်ဆိုပြီးမှ-

တဖန် မဟာသုမမထေရ်ဝါဒ ၌ပင် ထိုဓုဝနာဝါ ဟူသော စကားရပ်၌ "နိမိတ္တံဝါ၊ ပ၊ ပဝဋ္ဋတိတိ" ဟူ၍ အထက်ပါအတိုင်း မိန့်ဆိုထားပြန်သေး၏

နိမိတ္တံဝါ နိမိတ်သည် လည်းကောင်း၊ သိမာဝါ သိမ်သည် လည်းကောင်း၊ ကမ္မဝါစာယ ကမ္မဝါစာဖြင့်၊ ဂစ္ဆတိ ရောက် ၏။ နာဝါယ လှေဖြင့်၊ နဂစ္ဆတိ မရောက်၊ စ၊ ထိုသို့ပင် လှေ ဖြင့် မရောက်ပါသော်လည်း၊ ယသ္မာ အကြင်ကြောင့် ဘဂဝတာ မြတ်စွာဘုရားသည်၊ ဓုဝနာဝါ မြဲသောလှေကို၊ အနုညာတာ ခွင့်ပြုတော်မူအပ်၏။ တသ္မာ ထိုကြောင့်၊ နိဗဒ္ဓနာဝါယေဝ မပြတ် သွားသော လှေသည်သာလျှင်၊ ဝဋ္ဋတိ အပ်၏။

# (၁၁) ဇုဝသေတု ဝိနိစ္ဆယ

အကြင်မြစ်၌, များစွာကုန်သော သစ်တို့ကို တပေါင်းတည်း အားဖြင့် စပ်၍ ပြုအပ်သောတံတားသည်ရှင်း၊ ပျဥ်ချပ်တို့ဖြင့်ဖွဲ့ အပ်သောတံတားသည်ရှင်း၊ မြင်းခေါင်းဖြင့် လျှောက်ရာ တံတား လှည်းဖြင့်လျှောက်ရာ တံတားသည်ရှင်း၊ ဆင်မြင်း အစရှိသည်တို့ သွားခြင်းငှါ လျှောက်ပတ်သော ကြီးစွာသော တံတားသည်ရှင်း ရှိအံ့၊ အယုတ် ဆုံးအားဖြင့် ထိုနံမိတ်တို့ကို ကြားရာခဏ၌ပင် လျှင် သစ်ပင်တို့ကို ဖြတ်၍ ပြုအပ်သောလူတို့၏ လှည့်လည်ရာဖြစ် သော တဖဝါးစာမျှဖြင့် သွားခြင်းငှါလျှောက်ပတ်သော တံတား သည် အမြဲအားဖြင့် သွားရာဖြစ်သော ဝုဝသေတု ဟူ၍ ရေတွက် အပ်၏။

အပ်သောတံတားမှ မအပ်သောတံတားမှာ အထက်၌ ဖွဲ့အပ် ကုန်သော ကြိမ်, နွယ်, အစရှိသည်တို့ကို လက်ဖြင့်ယူ၍ တဖဝါး စာသွားခြင်းငှါ မလောက်သောတံတားသည် မအပ်ပေ။

သစေ ပန၊ဥပရိဗဒ္ဓါနိ ဝေတ္တလတာဒီနိ ဟတ္ထေန ဂဟေတွာပိ နသက္ကာဟောတိ၊ တေန သဍ္ဍ္ဍိရိတုံ နဝဋ္ဋတိ။

(ရှင်းအဋ္ဌကထာ ၁ မျက်နှာ-၃ ၈)

ပန အပ်သောတံတားမှာပါး မအပ်သောတံတားကို ဆိုဦး အံ့၊ ဥပရိ အထက်၌၊ ဗဒ္ဓါနိ ဖွဲ့အပ်ကုန်သော၊ ဝေတ္တလတာဒီနိ ကြိမ်နွယ်အစရှိသည်တို့ကို ဟတ္ထေန လက်ဖြင့်၊ ဂဟေတွာပိ ယူ၍ လည်း၊ တေနကေပဒိကသေတုနာ ထိုတဖဝါးစာမျှသွားခြင်းငှါ

ဆံ့သော တံတားဖြင့်၊ သဥ္စရိတုံ လှည့်လည် သွားလာခြင်းငှါ၊ သက္ကာ တတ်ကောင်းသည်၊ သစေနဟောတိ အကယ်၍ မဖြစ်အံ့၊ နဝဋ္ဋတိ မအပ်။

အကြင်မြစ်၌ ဆိုအပ်ပြီးသော အပြားရှိသော အမြဲအားဖြင့် သွားကြောင်းဖြစ်သော လှေသည်လည်းကောင်း၊ အမြဲအားဖြင့် သွားရာဖြစ်သော တံတားသည်လည်းကောင်း၊ သိမ်၏ ရှေးရှု ဖြစ်သော ဆိပ်၌သာလျှင် (ဝါ) မျက်နှာချင်းဆိုင် ဖြစ်သော ဆိပ်၌သာလျှင် ရှိသည်ဖြစ်အံ့။ ဤသို့ သဘောရှိသော မြစ်ကို နဒီပါရသိမ်ဟူ၍ သမုတ်အပ်၏။ (ဝါ)မြစ်ကိုလွှမ်းသောသိမ်ဟူ၍ သမုတ်အပ်၏။ ဤသို့ မြတ်စွာဘုရား ခွင့်ပြုတော်မူအပ်၏။

ယတ္ထာယံ ဓုဝပ္ပကာရာ ဓုဝနာဝါ ဝါ ဓုဝသေတု ဝါ အဘိမုခတိတ္ထေယေဝအတ္ထိ၊ ဧဝရူပံ နဒီပါရသီမံ သမ္မန္နိတုံ အနုဇာနာမိတိအတ္ထော။

(ရှင်းအဋ္ဌကထာ စာမျက်နှာ–၃၂၈)

ယတ္ထနဒိယာ အကြင်မြစ်၌၊ ဓုဝပ္ပကာရာ ဆိုအပ်ပြီးသော အပြားရှိသော၊အယံဓုဝနာဝါ ဝါ ဤအမြဲအားဖြင့်သွားကြောင်း ဖြစ်သော လှေသည်လည်းကောင်း၊ အယံဓုဝသေတု ဝါ ဤအမြဲ အားဖြင့်သွားရာဖြစ်သော တံတားသည်လည်းကောင်း၊ အဘိမုခ တိတ္ထေယေဝ သိမ်၏ရှေးရှုဖြစ်သော ဆိပ်၌သာလျှင်၊ အတ္ထိရှိအံ့၊ ဧဝရူပံ ဤသို့သဘောရှိသော၊နဒိံ မြစ်ကို၊ နဒီပါရသီမံ နဒီပါရ သိမ်ကို၊ ဝါ၊ မြစ်ကိုလွှမ်းသောသိမ်ကို၊ သမ္မန္နိတုံ သမုတ်ခြင်းငှါ၊

အနုဇာနာမိ ဝါဘုရားခွင့်ပြုတော်မူ၏။ ဤတိအယံ ဤသည်ကား၊ အတ္တော အနက်ဘည်း။

မြဲသောလှေ့သည်လည်းကောင်း၊မြဲသောတံဘား့သည်လည်းကောင်း၊ ရှေးရှုဖြစ်သောဆိပ်၌ အကယ်၍မရှိအံ့၊ရှေးရှုဖြစ်သော ဆိပ်မှ စဉ်းငယ်ယွန်းသော နေရာ၌ရှိအံ့၊ ဤသို့ရှိသော်လည်း အပ်သည်သာတည်း။

# (၁၂) နဒီပါရ သိမ သမ္မုတိ

နဒီပါရသိမ်ကို သမုတ်လိုသော ရဟန်းသည်၊ တဘက်သော ကမ်း၌တည်၍၊ အထက်၌ ရေအလျဉ်ဖြစ်သော မြစ်၏ ကမ်း၌ နိမိတ်ကိုကြား၍ ထိုနိမိတ်မှစ၍ နိမိတ်ကိုကြားသော ဝိနည်းဓိုရ်ဖြစ်သော ပုဂ္ဂိုလ်သည် မိမိကိုရံသဖြင့် အကြင်မျှလောက်သော အတိုင်းအရှည်ရှိသော အပိုင်းအခြားကို အလိုရှိသည် ဖြစ်အံ့၊ ထိုပြုအပ်သော အပိုင်းအခြား၏အဆုံး၌ အောက်ဖြစ်သော ရေအလျဉ်၌လည်း မြစ်ကမ်း၌နိမိတ်ကိုကြား၍ထိုမှဘက်ကမ်း၌တည်သောနိမိတ်နှင့် နိမိတ်ခြင်း ရှေ့ရှုရာဖြစ်သော မြစ်ဘဘက်ကမ်း၌ ကြားအပ်၏။ ထိုနိမိတ်မှစ၍ အကြင်မျှလောက်သော အပိုင်းအခြားကိုအလိုရှိ၏၊ ထိုမျှလောက်သော အပိုင်းအခြားအားဖြင့် အထက်ဖြစ်သော ရေအလျဉ်၌ ရှေးဦးစွာ ကြားအပ်ပြီးသော နိမိတ်၏ ရှေးရှုဖြစ်သောမြစ်ကမ်း၌ နိမိတ်သည်ရှိ၏၊ထိုမျှလောက် ကြားလျက် တဖန်ဆောင်ပြီး ရှေးဦးစွာ ကြားသော နိမိတ်နှင့် ဘက္ခ ပြန်၍စပ်အပ်၏။

ဣမဿ ပန နဒီပါရသိမံ သမ္မန္နန္တေန ကေသဉ္စိ တီရေ ဌတွာ ဥပရိသောတေ နဒီတီရေ နိမိတ္တံ ကိတ္တေတွာ တတောပဋ္ဌာယ အတ္တာနံ ပရိက္ခိပန္တေန ယတ္တကံ ပရိစ္ဆေဒံ ဣစ္ဆတိ၊ တဿပရိယောသာနေ အဓော သောတေပိ နဒီတီရေ နိမိတ္တံ ကိတ္တေတွာ ပရတီရေ သမ္မုခဋ္ဌာနေ နဒီတီရေ နိမိတ္တံ ကိတ္တေတဗ္ဗံ၊ တတောပဋ္ဌာယ ယတ္တကံ ပရိစ္ဆေဒံ ဣစ္ဆတိ၊ တဿဝသေန ယာဝဥပရိ သောတေ ပဌမ ကိတ္တိတနိမိတ္တဿ သမ္မုခါ နဒီတီရေ နိမိတ္တံ၊ တာဝ ကိတ္တေတွာ ပစ္စာဟရိတွာ ပဌမ ကိတ္တိတနိမိတ္တေန သဒ္ဓိံ ဃဋေတဗ္ဗံ။

(၎င်းအဋ္ဌကထာ နှာ-၃၂၈။)

ဝါကျရှုပ်ထွေးနေမည်စိုး၍ အဓိပ္ပါယ် ကောက်ချက်ကိုသာ ရေးပေအံ့၊

အဓိပ္ပါယ်မှာ။ ဥပရိသော တေန နဒီတီရေအရ, အထက်မြစ်ကမ်း၌ ပဌမနိမိတ်ကိုကြား ပရိက္ခိပန္တေနအရ၊ (၂)အမှတ် (၃) အမှတ်(၄)အမှတ် လှည့်လည်ကြားပြီး မှ ပရတီရေ သမ္မုခဋ္ဌာနေ, ဟူသည်နှင့် အညီ (၄) အမှတ်နိမိတ်နှင့် တည့်တည့် ထိုမှာဘက် ကမ်း၌ (၅)အမှတ် နိမိတ်ကြား၍ (၆)အမှတ် (၇)အမှတ်တိုင် အောင် အလိုရှိသမျှ ကြားပြီးလျှင် ပဌမနိမိတ်နှင့် တည့်တည့် ထိုမှာဘက်မြစ်ကမ်း၌ ကြားပြီးမှ ပဌမနိမိတ်ကို စပ်မိအောင် ထပ်၍ကြားရမည်။ (မိုင်းခိုင်းဆရာတော်၏ သိလွယ်ရန်ဂဏန်း စဉ်နှင့်ပြ၍ ညွှန်ကြားထားပုံတည်း)

အထသဗ္ဗနိမိတ္တာနံ အန္တော ဌိတေ ဘိက္ခု ဟတ္ထပါသဂတေ၊ ကတွာ ကမ္မဝါစာယ သီမာ သမ္မန္နိတဗ္ဗာ။ နဒိယံ ဌိတာ အနာဂတာပိ ကမ္မံ နကောပေန္တိ။

(ဂဏ္ဌိအဋ္ဌကထာ နှာ-၃၂၉)

အထ ထိုသို့ပြုပြီးသောအခါ၌၊ သဗ္ဗနိမိတ္တာနံ ခပ်သိမ်းသော နိမိတ်တို့၏၊ အန္တော အတွင်း၌၊ ဌိတေ တည်ကုန်သော၊ ဘိက္ခု ရဟန်းတို့ကို ဟတ္ထပါသဂတေ ဟတ္ထပါသ်ချင်း စပ်သည်တို့ကို၊ ကတွာ ပြု၍၊ ကမ္မဝါစာယ ကမ္မဝါစာဖြင့်၊ သီမာ သိမ်ကို သမ္မန္နိတဗ္ဗာ သမုတ်အပ်ကုန်၏။ နဒိယံ မြစ်၌၊ ဌိတာ တည်ကုန်သော၊ ဘိက္ခုတို့သည်၊ အနာဂတာပိ မလာကုန်သော်လည်း၊ ကမ္မံ သီမသမ္မုတိ ကံကို၊ နကောပေန္တိ မပျက်စေတတ်ကုန်။

## (၁၃) ဒီပ သမ္မုတိ

မြစ်၏အတွင်း၌ ကျွန်းငယ် သည် ရှိသည်ဖြစ်အံ့၊ ထိုကျွန်းငယ်၌ သိမ်ကို သမုတ်လိုသော ရဟန်းသည် ရှေးကဆိုခဲ့ပြီးသောနည်းဖြင့်သာလျှင် မိမိတည်ရာဖြစ်သောကမ်း၌ နိမိတ်တို့ကိုကြားပြီး၍ ကျွန်း၏ ဤမှာဘက်ကမ်း ဖြစ်သော အစွန်း၌ လည်း ကောင်း၊ ကျွန်း၏ ထိုမှာဘက်ကမ်းဖြစ်သော အစွန်း၌လည်းကောင်း နိမိတ်ကိုကြားအပ်၏၊ နိမိတ်ကိုကြားပြီး၍ ထိုမှာဘက်ဖြစ်သောကမ်း၌လည်းကောင်း၊မြစ်၏ ဤမှာဘက်ကမ်း၌လည်းကောင်း၊ နိမိတ်၏ ရှေးရှုဖြစ်သော အရပ်၌ နိမိတ်ကိုကြားပြီး၍ ထိုနိမိတ်၏ ရှေးရှု

ဖြစ်သောအရပ်မှစ၍၊ ရှေးကဆိုခဲ့ပြီးသော နည်းအတိုင်း၊အထက်ဖြစ်သောရေအလျဉ်မှ ရှေးဦးစွာကြားအပ်ပြီးသောနိမိတ်၏ရှေးရှုဖြစ်သောနိမိတ်သည်ရှိ၏။ ထိုရှေ့လောက်သော ကာလပတ်လုံးကြားအပ်၏။ ထိုမှနောက် ကျွန်း၏ထိုမှာဘက်ကမ်း၌ဒေါင်း၊ဤမှာဘက်ကမ်း၌ဒေါင်း နိမိတ်ကိုကြားပြီး တဖန်ဆောင်၍ ပဌမ ကြားသော နိမိတ်နှင့် စပ်အပ်၏။

သစေအန္တောနဒိယံ ဒီပကောဟောတိ၊ တံအန္တော သီမာယကာတုကာမေန ပုရိမနယေနေဝ အတ္တနာဌိတတီရေ နိမိတ္တာနိကိတ္တေတွာ၊ ဒီပကဿသြရိမန္တေစ ပါရိမန္တေစနိမိတ္တံ ကိတ္တေတဗ္ဗံ။ အထ ပရတီရေ နဒိယာသြရိမတီရေ နိမိတ္တဿသမ္မုခ ဋ္ဌာနေနိမိတ္တံ ကိတ္တေတွာ တတော ပဋ္ဌာယ ပုရိမနယေနေဝ ယာဝဥပရိသောတေ ပဌမကိတ္တိတ နိမိတ္တဿ သမ္မုခါနိမိတ္တံ၊ တာဝကိတ္တေ တဗ္ဗံ၊ အထ ဒီပကဿ ပါရိမန္တေစ သြရိမန္တေစ နိမိတ္တံကိတ္တေတွာ ပစ္စာဟရိတွာ ပဌမကိတ္တိတ နိမိတ္တေန သဒ္ဓိံ ဃဋေတဗ္ဗံ။

(ဝိနယအဋ္ဌကထာ နှာ- ၃၂၉)

အန္တောနဒိယံ မြစ်၏အတွင်း၌၊ ဒီပကော ကျွန်းငယ်သည်၊ သစေဟောတိ အကယ်၍ ဖြစ်အံ့၊ တံဒီပကံ ထိုကျွန်းငယ်ကို၊ အန္တောသီမာယ သိမ်၏အတွင်း၌၊ ကာတုကာမေန ပြုလိုသော၊ ဘိက္ခုနာရဟန်းသည်၊ ပုရိမနယေနေဝ ရှေးနည်းဖြင့် သာလျှင်၊ ဝါ၊ နဒီပါရ သိမ်အရာ၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင်၊ အတ္တနာ မိမိသည်၊ဌိတတီရေ တည်ရာဖြစ်သောကမ်း၌၊နိမိတ္တာနိ နိမိတ်တို့ကို၊ ကိတ္တေတွာ ကြားပြီး၍၊ ဒီပကဿ ကျွန်း၏၊

ဩရိမန္တေစ ဤမှာဘက်ကမ်း၌ ဖြစ်သော အစွန်း၌လည်းကောင်း၊ ပါရိမန္တေစ ထိုမှာဘက်ကမ်း၌ ဖြစ်သော အစွန်း၌လည်းကောင်း၊ နိမိတ္တံ နိမိတ်ကို၊ကိတ္တေတဗ္ဗံ ကြားအပ်၏၊အထ ဟုတ္တာ ထိုမှနောက်ကာလ၌၊ပရတီရေ ထိုမှာဘက်ဖြစ်သောကမ်း၌၊ နဒိယာ မြစ်၏၊ ဩရိမတီရေ၊ဤမှာဘက်ဖြစ်သောကမ်း၌လည်းကောင်း၊နိမိတ္တဿ နိမိတ်၏၊သမ္မုခဋ္ဌာနေ ရှေးရှုဖြစ်သောအရပ်၌၊ နိမိတ္တံ နိမိတ်ကို ကိတ္တေတ္တာ ကြားပြီး၍၊တတောနိမိတ္တတော ထိုနိမိတ်မှ၊ ပဋ္ဌာယ စ၍၊ ပုရိမနယေနေဝ ရှေးနည်းဖြင့်သာလျှင်၊ ယာဝ အကြင်ရွေ့လောက်၊ ဥပရိသောတေ အထက် ရေအလျဉ်၌ ပဌမ ကိတ္တိတ နိမိတ္တဿ ရှေးဦးစွာကြားပြီးသောနိမိတ်၏၊သမ္မုခါ မျက်မှောက်၌၊ နိမိတ္တံ နိမိတ်သည်အဘ္ထိရှိ၏၊ တာဝ ထိုရွေ့လောက်၊ ကိတ္တေတဗ္ဗံ ကြားအပ်၏၊အထ ဟုတ္တာ ထိုသို့ ကြားအပ်ပြီးသည်မှ နောက်ကာလ၌၊ ဒီပကဿ ကျွန်း၏၊ ပါရိမန္တေစ ထိုမှာဘက်ကမ်း၌လည်းကောင်း၊ ဩရိမန္တေစ ဤမှာဘက်ကမ်း၌လည်းကောင်း၊ နိမိတ္တံ နိမိတ်ကို၊ ကိတ္တေတွာ ကြားပြီး၍၊ ပစ္စာဟရိတွာ တဖန်ဆောင်၍၊ ပဌမ ကိတ္တိတ နိမိတ္တေန ပဌမ ကြားပြီးသော နိမိတ်နှင့်၊ သဒ္ဓိံ အတူတကွ ဃဋေတဗ္ဗံ စပ်အပ်၏။

## ဤသိမ်၌လည်း နဒီပါရသိမ်ကဲ့သို့ နိမိတ်မှတ်စဉ်ကိုယူပါ။

ထိုသို့ နိမိတ်ကြားပြီးသည်မှ နောက်ကာလ၌ နှစ်ဘက်ကုန်သော ကမ်းတို့၌ လည်းကောင်း၊ ကျွန်းငယ်၌ လည်းကောင်း၊ တည်ကုန်သော အလုံးစုံသော ရဟန်းတို့ကို ဟတ္ထပါသ်ချင်းစပ်သည်တို့ကို ပြု၍ ကမ္မဝါစာဖြင့် သိမ်ကို သမုတ်အပ်ကုန်၏။

အထ ဒွိသုတိရေသု ဒီပကေစ ဘိက္ခူ သဗ္ဗေဝ ဟတ္ထပါသဂတေ ကတွာ ကမ္မဝါစာယ သီမာ သမ္မန္နိတဗ္ဗာ။

(ၡင်းအဋ္ဌကထာ နှာ—၃၂၉)

အထပစ္ဆာ ထိုသို့ နိမိတ် ကြားအပ်ကုန်ပြီးသည်မှ နောက်ကာလ၌၊ ဒွိသု နှစ်ဘက် ကုန်သော၊ တီရေသုစ ကမ်းတို့၌လည်းကောင်း၊ ဒီပကေစ ကျွန်းငယ်၌လည်းကောင်း၊ ဌိတေ တည်ကုန်သော၊ သဗ္ဗေဝ အလုံးစုံသာလျှင် ဖြစ်ကုန်သော၊ ဘိက္ခူ ရဟန်းတို့ကို၊ ဟတ္ထပါသဂတေ ဟတ္ထပါသ်ချင်း စပ်သည်တို့ကို၊ ကတွာ ပြု၍၊ ကမ္မဝါစာယ ကမ္မဝါစာဖြင့်၊ သီမာ သိမ်ကို၊ သမ္မန္နိတဗ္ဗာ သမုတ်အပ်ကုန်၏။

## တနည်း ဒီပသီမသမ္မုတိ

ကျွန်းသည် ဝိဟာရသိမ် အပိုင်းအခြား၏ အထက်၌လည်းကောင်း၊ အောက်၌လည်းကောင်း အထူးသဖြင့် ပိုလွန်သည်ဖြစ်အံ့၊ ထိုသို့ပိုလွန်သည်ရှိသော် ဝိဟာရသိမ်၏ အပိုင်းအခြားဖြစ်သောနိမိတ်၏ ဖြောင့်စွာသာလျှင် ရှေ့ရှုဖြစ်သောကျွန်း၏၊ ဤမှာဘက်ဖြစ်သောနေရာ၌ နိမိတ်ကိုကြား၍ ထိုနိမိတ်မှစ၍၊ ကျွန်းထိပ်ကို ကာရံသဖြင့် တဖန် ကျွန်း၏ဤမှာဘက်အစွန်း၌ နိမိတ်၏ ရှေးရှုဖြစ်သော ထိုမှာဘက်အစွန်းတွင် နိမိတ်ကိုကြားရာ၏။ထိုသို့ ကြားပြီးသည်မှနောက်၌ ရှေးနည်းဖြင့်သာလျှင် တဘက်ကမ်း၌ ရှေးရှုဖြစ်သောနိမိတ်ကို အစပြု၍၊ မြစ်၏ ထိုမှာဘက်ကမ်း၌ နိမိတ်တို့ကိုလည်းကောင်း၊ ကျွန်း၏ ထိုမှာဘက်ကမ်း၌ ဖြစ်သော အစွန်း ဤမှာဘက်ကမ်း၌ ဖြစ်သော အစွန်း၌ နိမိတ်တို့ကိုလည်းကောင်း

ကြားကုန်၍၊ ပဌမ ကြားသော နိမိတ်နှင့် စပ်သည်ကို ပြုအပ်၏။ ဤသို့ ပြု၍ သမုတ်အပ်သော သိမ်သည် တောင်၏သဏ္ဍာန်ဖြစ်၏။

သစေ ပန ဒီပကော ဝိဟာရသီမာ ပရိစ္ဆေဒတော၊ ပ၊ *ပဗ္ဗတသဏ္ဍာနာ ဟောတိ။ အနက် သိသာလွယ်ပြီ။

(ရှင်းအဋ္ဌကထာ နှာ-၃၂၉)

---

* ပဗ္ဗတသဏ္ဍာနာ တောင်သဏ္ဍာန် ရှိသည်၊ (ဝါ) တဘက်ကျွန်းသည်ဟု အနက်ပေးပါ။

ပဗ္ဗတသဏ္ဍာနာတိ ဒီပကဿ ကေတော အဓိကတရတ္တာ ဝုတ္တံ။
(သာရတ္ထဋီကာ)

ပဗ္ဗတသဏ္ဍာနာတိ ပဗ္ဗတသဏ္ဍာနာ ဟူသည်ကား ဒီပကဿ ကျွန်း၏၊ ကေတော တကွနက်၊ အဓိကတရတ္တာ ပိုလွန်ဟူ၍၊ ဝုတ္တံ ဆိုအပ်၏။

ပဗ္ဗတသဏ္ဍာနာတိ ကေတော ဥဂ္ဂတဒီပသိခရတ္တာ ဝုတ္တံ။
(ဝိမတိဝိနောဒနီဋီကာ)

ပဗ္ဗတသဏ္ဍာနာတိ။ ဟူသည်ကား၊ကေတော တကွနက် ၊ဥဂ္ဂတဒီပသိခရတ္တာ အထက်သို့ အစွန်းထွက်နေသော ကျွန်းဟူ၍၊ ဝုတ္တံ ဆိုအပ်၏။

## တနည်း ဒီပနိမိတ္တ

ကျွန်းသည် ဝိဟာရ၏ သိမ်အပိုင်းအခြားမှ အတက်၌ လည်းကောင်း၊ အောက်၌လည်းကောင်း လွန်သည်ဖြစ်အံ့၊ ရှေ့က ဆိုခဲ့ပြီးသောနည်းအတိုင်းသာလျှင်ကျွန်း၏ နှစ်ဘက် ဖြစ်ကုန်သောအမြိုတ်အစွန်းတို့ကိုယူ၍ နိမိတ်တို့ကို ကြားသောရဟန်းသည်ရှေးဦးစွာကြားအပ်ပြီးသော နိမိတ်နှင့် တကွ စပ်ခြင်းကိုပြုအပ်၏။ ဤသို့ ကြား၍ သမုတ်အပ်သော သိမ်သည် မရိုးစည်သဏ္ဍာန်ကဲ့သို့ ရှိ၏။

သစေ ပန ဒီပကော ဝိဟာရသီမာပရိစ္ဆေဒတော ဥဒ္ဓံပိ
အဓောပိ အဓိကတရော ဟောတိ၊ ပုရိမနယေနေဝ ဒီပကဿ
ဥဘောပိ သိခရာနိ ပရိက္ခိပိတွာ နိမိတ္တာနိ ကိတ္တေန္တေန
နိမိတ္တဃဋနာ ကာတဗ္ဗာ၊ ဧဝံ ကိတ္တေတွာ သမ္မတာသီမာ
မုဒိင်္ဂ သဏ္ဌာနာ ဟောတိ။

(ရင်းအဋ္ဌကထာ နှာ- ၃၂၉)

ပန အဘိုဘပါးကိုဆိုဦးအံ့၊ ဒီပကော ကျွန်းသည်၊ ဝိဟာရသီမာပရိစ္ဆေဒတော ဝိဟာရသိမ်၏အပိုင်းအခြားထက်၊ ဥဒ္ဓံပိ အထက်၌လည်းကောင်း၊ အဓောပိ အောက်၌ လည်းကောင်း၊ အဓိကတရော လွန်သည်၊ သစေဟောတိ အကယ်၍ဖြစ်အံ့၊ ပုရိမနယေနေဝ ဖြင့်သာလျှင်၊ ဒီပကဿ ကျွန်း၏၊ ဥဘောပိ နှစ်ဘက်လည်း ဖြစ်ကုန်သော၊ သိခရာနိ အမြိုတ် တို့ကို၊ ဝါ၊ ထိပ် တို့ကို၊ ပရိက္ခိပိတွာ ခြုံရံ၍၊ ဝါ၊ ပတ်၍၊ ဝါ၊ လည်၍၊ နိမိတ္တာနိ နိမိတ် တို့ကို၊ ကိတ္တေန္တေန ကြားသော ဘိက္ခုနာ ရဟန်းသည်၊ နိမိတ္တဃဋနာ ရှေးဦး

စွာကြားအပ်ပြီးသော နိမိတ်နှင့်တကွစပ်ခြင်းကို၊ကဲတဗ္ဗာ ပြုအပ်ကုန်၏။ဧဝံ ဤသို့၊ကိတ္တေတွာ ကြား၍၊ သမ္မတာ သမုတ်အပ်သော သီမာသိမ်သည်၊မုဒိင်္ဂသဏ္ဍာနာ မရိုးစည်သဏ္ဍာန်ရှိသည်၊ ဟောတိ ဖြစ်၏။

ကျွန်းသည် ဝိဟာရသိမ်၏အပိုင်းအခြားထက်ငယ်၏ အတွင်း၌ ကျဉ်းသည် ဖြစ်၏။ အလုံးစုံသော ကျွန်းငယ် သိမ် နည်းတို့တွင် ရှေးဦးစွာ ဖြစ်သော နည်းဖြင့် ကျွန်း ၌ နိမိတ်တို့ကို ကြားအပ်ကုန်၏။ ဤသို့ ကြား ၍ သမုတ်အပ် သောသိမ်သည်၊ ထက်စည် သဏ္ဍာန် ရှိ၏။

သစေဒီပကော ဝိဟာရသီမာ ပရိစ္ဆေဒသော အန္တောခုဒ္ဒကော ဟောတိ သဗ္ဗ ပဌမ နယေန ဒီပကေ နိမိတ္တာနိ ကိတ္တေတဗ္ဗာနိ ဧဝံ ကိတ္တေတွာ သမ္မတာသီမာ ပဏဝသဏ္ဌာ ဟောတိ။

(၄၆၁အဋ္ဌကထာ စာမျက်နှာ—၃၃၈။)

ဒီပကော ကျွန်းသည်၊ ဝိဟာရသီမာပရိစ္ဆေဒသော ဝိဟာရသိမ် အပိုင်းအခြား၏ အန္တော အတွင်း၌၊ ခုဒ္ဒကော ကျဉ်းသည်၊ သစေဟောတိ အကယ်၍ဖြစ်အံ့၊သဗ္ဗ ပဌမနယေန အလုံးစုံသော ကျွန်းငယ်သိမ် နည်းတို့တွင် ရှေးဦးစွာ ဖြစ်သောနည်းဖြင့်၊ ဒီပကေ ကျွန်း၌၊ နိမိတ္တာနိ နိမိတ်တို့ကို၊ကိတ္တေတဗ္ဗာနိ ကြားအပ်ကုန်၏။ ဧဝံ ဤသို့၊ ကိတ္တေတွာ ကြားပြီး၍၊ သမ္မတာ သမုတ်အပ်သော၊ သီမာ သိမ်သည်၊ ပဏဝသဏ္ဌာနာ ထက်စည်သဏ္ဍာန်ရှိသည်၊ ဟောတိ ဖြစ်၏။

## သီမာဝိသောဓနီကျမ်း

## နိဂုံးဂါထာ

ကိစ္ဆာပိ ဒုဗ္ဗလာ ယုတ္တိ နိတတ္ထာဂမဝဇ္ဇိတာ၊
သန္တဘူတဂ္ဂုပတ္ထဒ္ဓါ ပါဠိဝ နိစ္စလာ သိယာ။

ပထျာဝတ္တဂါထာ။

နိတတ္ထာဂမဝဇ္ဇိတာ တိုက်ရိုက်သိအပ်သော အနက်ရှိသော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ တည်းဟူသော အာဂုမ်ဉာပကသာဓကမှ ကင်းသော ယုတ္တိချင့်ချိန်ဆန၍ ဆိုအပ်အော သဘာဝယုတ္တိသည်၊ ကိစ္ဆာပိဒုဗ္ဗလာ အကယ်၍ အားနည်းပါပေ၏ရှင့်၊တထာပိ ထိုသို့ပင် အားနည်းပါသော်လည်း၊ သန္တဘူတဂ္ဂုပတ္ထဒ္ဓါ ထင်ရှားရှိသော မဖေါက်မပြန် ဟုတ်မှန်သော အကြောင်းတပါးဖြင့် ထောက်ပံ့ ခိုင်မြဲစေအပ်သော သဘာဝယုတ္တိဖြစ်ပေမူ၊ ပါဠိဝ ဗုဒ္ဓဘာသိတ ပါဠိနှင့်အတူပင်၊ နိစ္စလာ မလှုပ်ရှားနိုင် ကြံ့ခိုင်မြဲကြည် ခိုင်လုံသည်သာ၊ သိယာ ဖြစ်ရာ၏။

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ကဒပ္ပနကျေးရွာ နဝင်းကျောင်း ဆရာတော် ရေးသား ပြုပြင် စီရင်အပ်သော **သီမာဝိနိစ္ဆယ, ကထာ** မည်သော သီမာဝိသောဓနီကျမ်းသည် ဆုံးခန်းတိုင်ရောက် ပြီးမြောက်အောင်မြင်ခြင်းသို့ ရောက်သတည်း။

သီမာဝိသောဓနီကျမ်း ပြီး၏။

———o———

# အမှားအမှန် ပြင်ဆင်ချက်

| စာမျက်နှာ၊ | ကြောင်းရေ၊ | အမှား၊ | အမှန်၊ |
|---|---|---|---|
| ၁၇ | ၇ | ကိ | ကိံနိမိတ္တံ |
| ၂၀ | ၉ | အတိမဟန္တိ | အတိမဟာတိ |
| ၂၂ | ၁၅ | ဗဟိသီမေဋ္ဌိတ | ဗဟိသီမေဋ္ဌိတ သမ္မတ |
| ၂၈ | ၁၉ | ဖြစ်အံ့ | သစေဟောန္တိ- အကယ်၍ ဖြစ်ကုန်အံ့ |
| ၂၉ | ၂ | တဿပဒဿ | တဿပဒေသဿ |
| ၃၂ | ၁၄ | သောပိ ပါသာဏော | သောပိဒွိပါသာဏော |
| ၃၅ | ၆ | ကြား၍ | ကြားပြီး၍ |
| ၃၉ | ၈ | အမြစ်အရွက်တို့ | အမြင်အခက်တို့ |
| ၄၅ | ၁၇ | ပြုရာသောနေ့၌ | ပြုရာနေ့၌ |
| ၄၉ | ၁၇ | ပဝတ္တတိယေဝ | ပဝတ္တတိယေဝ နိမိတ္တံ ကာတုံ ဝဋ္ဋတိ |
| ၅၀ | ၁၈ | ဥပကနိမိတ္တံ | ဥဒကနိမိတ္တံ |
| ၅၆ | ၁၁ | နိမိတ္တာနံ သကေနာပိတိ | နိမိတ္တာနံ သတေနာပိတိ |
| ၅၆ | ၁၅ | နှာ - ၁၃၄ | နှာ - ၁၄၃ |
| ၆၄ | ၇ | ဗောဓိစေတီယ သလာဒိနိ | ဗောဓိစေတီယ ဘတ္တသာလာဒိနိ |

# ဓမ္မဒါန ကောင်းမှုရှင်စာရင်း

၁။ ဆယ်ရွာဆရာတော်
၂။ ပုတ္တလုပ်ဆရာတော်
၃။ အဖောင်အနောက်ကျောင်းဆရာတော်
၄။ သာဂရကျောင်းဆရာတော်
၅။ မရမ်းဘောကျောင်းဆရာတော်
၆။ အဝကောက်ကျောင်းဆရာတော်
၇။ ကဒပ္ပန မော်လမြိုင်ကျောင်း
၈။ ကဒပ္ပန နဝင်းကျောင်း ဦးဇဝန
၉။ ကဒပ္ပန တိုက်ကျောင်း
၁၀။ ကဒပ္ပန အရှေ့ကျောင်း
၁၁။ တံခွန်တိုင်အနောက်ကျောင်းဆရာတော်
၁၂။ တံခွန်တိုင်အရှေ့ကျောင်း ဆရာတော်
၁၃။ ရဲနွံကျောင်း ဆရာတော်
၁၄။ ကျုံကြိတ်ကျောင်း ဆရာတော်
၁၅။ ကျုံကြိတ်ကျောင်း ဦးသီလာစာရ
၁၆။ အောင်ဇေယျုံကျောင်း ဆရာတော်
၁၇။ စမ္ပာယ်ချောင် ဆရာတော်
၁၈။ သုံးခွမင်းကျောင်းဆရာတော်
၁၉။ သုံးခွမင်းကျောင်း ဓမ္မကထိက ဦးဝဏ္ဏိတ
၂၀။ သုံးခွကံကြီးကျောင်းဆရာတော်
၂၁။ ခြောက်ထပ်ကြီး ဘုရားကြီးတိုက်
အသျှင်စန္ဒိမာ (ဓမ္မာစရိယ)
၂၂။ ရန်ကုန်မြို့၊ ၁၇ လမ်း၊
ဦးအောင်သင်း ဇနီး မိသားစု

* သိမ်နှင့် ပတ်သက်၍ မရှင်းမလင်း ဖြစ်နေသောအဖုအထစ်ကလေးများကို ရှင်းလင်းထားသည်။

* ဇဝေဇဝါ ဖြစ်နေသော အရာများကို သေချာကျန တင်ပြစိစစ်ထားသည်။

* အခက်အခဲကလေးများကို ခိုင်လုံ တိကျ ပြတ်သားစွာ ဖြေဆိုထားသည်။ ဤသို့ ဤနှယ် အကြောင်းအရာများ ကြောင့်ပင် "သီမာဝိသောဓနီ" ဟူသော အမည်ကို ရယူလိုက်ခြင်း ဖြစ်သည်။

(ဓမ္မဒါယိနီ)